# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၇ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၄)ရက် ၊ အင်္ဂါနေ့ ၊ (18-11-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၂၀၂)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး၊
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

**❖ နိုင်ငံဘက်စုံ တိုးတက်ဖို့**
**ပြည်သူ့ကိုယ်စားလှယ် ရွေးကြစို့။**

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အကြိမ် ၆၀ မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းရိုင်းအတွဲများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၇**

အကြိမ် ၆၀ မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင် အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီး ချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီး များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူ များ၊ မြန်မာနိုင်ငံကျောက်မျက်လုပ်ငန်းရှင် များအသင်းမှ တာဝန်ရှိသူများနှင့် ဖိတ် ကြားထားသူများ၊ ပြည်တွင်းပြည်ပမှ ကျောက်မျက်လုပ်ငန်းရှင်များ တက် ရောက်ကြသည်။

**စာမျက်နှာ ၁၆ ကော်လံ ၁**


အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကိရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့်ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သော နေပူခံကျောက်ပြား၊ အိမ်တွင်းအလှဆင် ကျောက်ပြားနှင့် ရေချိုးခန်းသုံး ကျောက်ပြား အရွယ်အစားမျိုးစုံ၊ CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများကျောက်ထွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများ အား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

**မဟာယ်ကျောက်ပြားစက်ရုံ (မန္တလေး)**

ဆက်သွယ်ရန် ဖုန်း – ၀၉ ၆၉၁၂၃၁၆၃၉ ၊ ၀၉ ၆၆၉၂၅၉၉၅၄



ရတနာပုံ
၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၈ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်သည် ပညာတတ်အရင်းအမြစ်များ ပေါ်များခြင်းပင်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် အသိပညာ၊ အတတ်ပညာ ပြည့်စုံသည့်ပညာတတ်များဖြင့် သာယာဝပြောသည့် အနာဂတ်နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်ရန်အတွက် အရည်အသွေးပြည့်ဝသည့် ဘက်စုံပညာရေးစနစ်တိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ဘက်စုံပညာရေးကဏ္ဍကို မြှင့်တင်ရာတွင် ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းတက်ရေးနှင့် KG+9 ပြီးမြောက်စေရေး ဆောင်ရွက်ခြင်း၊ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး အထက်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ Napyitaw State Academy ဖွင့်လှစ်ပေးခြင်း၊ အုပ်ချုပ်မှုစရိတ်နှင့် ပံ့ပိုးငွေများ ချီးမြှင့်ခြင်း၊ စွမ်းရည်မြှင့်သင်တန်းများ ဖွင့်လှစ်စေခြင်း၊ စာတတ်မြောက်သူ တိုးပွားလာစေရေး ဆောင်ရွက်ခြင်း၊ စာဖတ်သောအလေ့အထတိုးပွားလာအောင် ဆောင်ရွက်ပေးခြင်းတို့ကို နိုင်ငံတော်အနေဖြင့် စီမံဆောင်ရွက်ပေးလျက်ရှိသည်။

**"နိုင်ငံတစ်ခုအနေဖြင့် အလုပ်လုပ်ကိုင်မှသာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းကို ဆောင်ရွက်ခြင်းသည် ပုဂ္ဂလိကနှင့် နိုင်ငံတော်အတွက် အကျိုးရှိသည့်လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အတတ်ပညာများ လိုအပ်ကြောင်း၊ အတတ်ပညာရှိရန်အတွက် အတန်းပညာများ မြင့်မားရန်လိုအပ်သဖြင့် ပညာရည်မြှင့်တင်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း"** ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကရင်ပြည်နယ် ဘားအံမြို့ရှိ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိ၊ မြို့ဖများကို နိုဝင်ဘာ ၁၅ ရက်တွင်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများဆွေးနွေးစဉ် ထည့်သွင်းပြောကြားခဲ့သည်။

ပညာရေးတွင် ရင်းနှီးမြှုပ်နှံခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်လူသားအရင်းအမြစ်ကောင်းများကို မွေးထုတ်ပေးခြင်းပင်ဖြစ်သည်။ နိုင်ငံသားများ၏ ပညာရည်အဆင့်အတန်းမြင့်မားရေးသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအရေးပါလျက်ရှိသည်။ ထို့ကြောင့် ဗလငါးတန်နှင့်ပြည့်စုံသော ပညာတတ်လူသားအရင်းအမြစ်များ ပေါ်များစေရေး ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။

အတန်းပညာကောင်းမွန်မှသာလျှင် အတတ်ပညာသင်ယူရာ၌ ပိုမိုလွယ်ကူမည်ဖြစ်သည်။ ပညာရေးကောင်းမွန်အောင် ဆောင်ရွက်ခြင်းသည် နောင်တစ်ချိန်အတွက် ရင်းနှီးမြှုပ်နှံမှုများဖြစ်ပြီး နိုင်ငံ၏ အနာဂတ်အတွက် စိတ်ချရအောင် ပညာရေးကိုစနစ်တကျဖြင့် အလေးပေးဆောင်ရွက်ကြရမည်ဖြစ်ပေသည်။ နိုင်ငံတော်အနေဖြင့် အနာဂတ်ကို ဦးဆောင်ကြမည့် ပညာတတ်လူသားအရင်းအမြစ်ကောင်းများကို မွေးထုတ်ပေးနိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိသည်။

ထိုသို့ နိုင်ငံတော်အနေဖြင့် ပညာရေးကို ဘက်ပေါင်းစုံမှ အားပေးမြှင့်တင်လျက်ရှိသည့်အပြင် တစ်နိုင်ငံလုံး ပညာရည်မြင့်မားရေးအတွက် ဦးတည်ချက်များချမှတ်၍ ဆောင်ရွက်ပေးလျက်ရှိသည်။ ပညာတတ်လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာရေးသည် လူမှုစီးပွားဘဝမြင့်မားတိုးတက်မှုအပေါ်တွင် အခြေခံသဖြင့် "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့"ဟူသော ဆောင်ပုဒ်နှင့်အညီ ပညာရေးကဏ္ဍကို မြှင့်တင်အားပေးကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ
ရွေးကောက်ပွဲကျင်းပရန်
ရက်
၄၀
သာ လိုတော့သည်။
လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို
၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)
လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက ဆက်သွယ် အကူအညီ တောင်းခံနိုင်ပါသည်။
ရန်ကုန် — အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ ၀၁-၈၆၆၆၆၁၉
မန္တလေး — ရွှေကျင်သံလမ်းအနီး၊ ဘုန်းတော်တိုးရပ်၊ အောင်မြေသာစံမြို့နယ်။ ၀၂-၂၈၃၀၄၂၃

# ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် လျာထားဧကထက်ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ထီးချိုင့် နိုဝင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၈၂၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၂၁၇၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ထီးချိုင့်မြို့နယ်မှာ ဟင်းသီးဟင်းရွက် ၁၈၂၅ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၁၇၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လက်ရှိ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ မုန်လာဥ၊ ခရမ်း စတဲ့ သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက် အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာတွေ ပေးခဲ့ပါတယ်"ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ယခုနှစ် ထီးချိုင့်မြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAPနည်းစနစ်ဖြင့် စိုက်ပျိုးရန်၊ စိုက်ခင်းများမှထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့် သီးနှံဖြစ်စေရန်၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် အသိပညာပေးခဲ့ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဟသ်ာတမြို့နယ်တွင် ဒေသထွက် သခွားသီးများ အရောင်းအဝယ်ကောင်းမွန်နေ

**ဟသ်ာတ နိုဝင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီးဟသ်ာတမြို့နယ်တွင် ဒေသထွက် သခွားသီးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဟသ်ာတမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြ၍ သိရသည်။

ဟသ်ာတမြို့နယ်တွင် ဒေသထွက် သခွားသီးများ နိုဝင်ဘာလဒုတိယပတ်မှ ယနေ့ထိ အရောင်းအဝယ် ကောင်းမွန်လျက်ရှိပြီး တစ်ရက်လျှင် သခွားသီးအလုံးရေ ၄၀၀၀၀ မှ ၅၀၀၀၀ ထိ ဝယ်ယူမှု အားကောင်းလာပြီး အရောင်းအဝယ် ကောင်းနေကြောင်း၊ အဆိုပါ သခွားသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၁၄၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဒီဘက်ကနေထွက်တဲ့ သခွားသီးတွေက ဒေသဈေးကွက်ထဲမှာ ဝယ်ယူမှုများနေတယ်။ လက်ရှိ သခွားသီးအလုံးရေ ၄၅၀၀၀ ထိ အရောင်းအဝယ် ဖြစ်နေပါတယ်။ အခု အရောင်းအဝယ်ကောင်းနေတဲ့သခွားသီးတွေက အရည်အသွေးကောင်းပြီး လတ်ဆတ်ပါတယ်။ ဒေသထွက်ကုန်ဖြစ်တော့ ဈေးသက်သာပြီး သန့်ရှင်းလတ်ဆတ်တဲ့ စားသောက်ကုန်တွေကို စားသုံးနိုင်မှာဖြစ်ပါတယ်။ အခြားဒေသတွေက ဒီဘက်ကနေ တင်ပို့တဲ့ သခွားသီးတွေကို အဝယ်လိုက်နေပါတယ်။ အခုလို ဒေသထွက်ကုန် သခွားသီးတွေ ဝယ်ယူမှု ကောင်းလာတော့ စိုက်ပျိုးတဲ့တောင်သူတွေ အခွင့်အလမ်း ပိုမိုအဆင်ပြေလာပါတယ်"ဟု ဟသ်ာတမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြသည်။

ဟသ်ာတမြို့နယ်တွင် လက်ရှိ သခွားသီးများအပါအဝင် ဒေသထွက် ကုန်စိမ်းများပေါ်နေသည့် အချိန်ဖြစ်ကြောင်း၊ အဆိုပါ ဒေသထွက် သခွားသီးများ အရောင်းအဝယ် ကောင်းလာခြင်းကြောင့် စိုက်ပျိုးသူများ အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# စေတုတ္တရာမြို့နယ် ဖအိုင်းအနောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

စေတုတ္တရာ နိုဝင်ဘာ ၁၇

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖအိုင်းအနောက်ကျေးရွာ၌ စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို နိုဝင်ဘာ ၁၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာရှိ ဘက်စုံသုံးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စေတုတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းနှင့် ဝန်ထမ်းများက ဖအိုင်းအနောက်ကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်း လက်စွဲစာစောင်ပါအကြောင်းအရာများ၊ ကျေးလက်နေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဒုတိယဦးစီးမှူး ဦးတင့်ထွန်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၁၀ သိန်းကို ဖအိုင်းအနောက်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဖအိုင်းအနောက်ကျေးရွာ၌ နေကြာ အပါအဝင် ဆီထွက်သီးနှံစိုက်ပျိုးမည့် စုစုပေါင်းအသင်းသား၊ အသင်းသူ ၂၂ ဦးကို ရန်ပုံငွေကျပ်သိန်း ၁၁၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကိုညို



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီး ကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ဥပုသ်တော်ရပ်နေ ကျန်ရစ်သူမိသားစုက ဦးစိန်ထွန်း၊ ဦးလွင်သိန်းတို့အား ရည်စူး၍ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်က လက်ခံရယူစဉ်။

# ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်စုံ ၃၆၂၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ကန့်ဘလူ နိုဝင်ဘာ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်စုံ ၃၆၂၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်စုံ ၇၄၂၆ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၆၂၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ ဟင်းသီးဟင်းရွက်စုံ ၇၄၂၆ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့မှာ ၃၆၂၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥ စတဲ့သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်ဖို့၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်ဖို့ တောင်သူတွေကို နည်းပညာတွေ ပေးနေပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ယခုနှစ် ကန့်ဘလူမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့် သီးနှံဖြစ်စေရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။

(၂၀၆)

# မလှိုင်မြို့နယ် သိမ်ကုန်းမြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

မလှိုင် နိုဝင်ဘာ ၁၇

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ သိမ်ကုန်းမြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို နိုဝင်ဘာ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၆၃ ဒသမ ၂ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အခြားလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့်စာရင်းဇယားများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

သိမ်ကုန်းမြောက်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၆၃ ဦးကို ငွေကျပ် ၃၀ ဒသမ ၃ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၉ ဦးကို ငွေကျပ် ၂၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦးကို ငွေကျပ် ၅ ဒသမ ၂ သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၂ ဒသမ ၇ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၃၇ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၆၃ ဒသမ ၂ သန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင် ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ကျားပျံ့စပါးတင်းရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ကျိုက်လတ် နိုဝင်ဘာ ၁၇

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ကျားပျံ့စပါးတင်းရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီရိက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ကျားပျံ့စပါးတင်းရေ ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း ကျားပျံ့စပါးတင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်း ကျားပျံ့စပါးတင်းရေ ၆၅၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ကျိုက်လတ်မြို့နယ်ကနေ စပါးတွေ၊ ဆန်တွေနဲ့ အခြားလယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အများဆုံးတင်ပို့ရောင်းချပါတယ်။ ကျားပျံ့စပါးက ဆန်ချောအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေလို့ အရောင်းအဝယ်ကောင်းခဲ့တာဖြစ်ပါတယ်။ ကျားပျံ့စပါးကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြား ဝယ်ယူဖို့ချိတ်ဆက်မှုတွေရှိနေပါတယ်။ အခြားစပါးတွေထက် ပြီးခဲ့တဲ့ တစ်လအတွင်းမှာကော လတ်တလော အနေနဲ့ပါ ကျားပျံ့စပါးက အရောင်းအဝယ်ပိုဖြစ်နေပါတယ်"ဟု ကျိုက်လတ်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီရိက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ကျားပျံ့စပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၂၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါကျားပျံ့စပါးများ အရောင်းအဝယ် ကောင်းမွန်လာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်း ရရှိလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း



# စာဆိုဦးကြီးနှင့် လွမ်းချင်းကဗျာ

မြေပြအေးသက်

စာဆိုဦးကြီး (သာဝတ္ထိရွာ)နှင့် နောက်ထပ်အမည်တူ စာဆိုနှစ်ဦးရှိပြီး တစ်ဦးမှာ ၎င်းနှင့် ခေတ်ပြိုင်စာဆိုတစ်ဦးဖြစ်သော ဦးကြီး(စသာရွာ)နှင့် နောက်ထပ်တစ်ဦးမှာ ဝန်စာရေးဦးကြီးတို့ဖြစ်ကြသည်။ စာဆိုဦးကြီး (သာဝတ္ထိရွာ)ကို ၁၁၈၀ ပြည့်နှစ်ခန့်တွင် ဖခင် ဦးဖိုးနီ၊ မိခင် ဒေါ်ဒွန်းတို့က ဖွားမြင်သည်။ ဖခင်မှာ မြင်းစီးသူကြီးဖြစ်၍ မိခင်ဒေါ်ဒွန်းမှာ သာဝတ္ထိရွာသူကြီး ဦးလေ့း၏သမီးဖြစ်သည်။ ရွှေဘိုမြောက်လက် သာဝတ္ထိရွာသားဖြစ်၍ သာဝတ္ထိဦးကြီးဟုလည်း မှတ်ခေါ်ကြသည်။ မြန်မာ့ပထမဦးဆုံးသော သတင်းစာဆရာ ဘိုးဝဇီရကမူ ဦးကြီးသည် သူ၏ဘထွေးတော်သူဖြစ်သည်ဟုဆိုသည်။ မင်းတုန်းမင်းတရားကြီးနှင့် သီပေါမင်းလက်ထက်တွင် လွမ်းချင်းစာဆိုတော်အဖြစ် ကျော်ကြားသူတစ်ဦးဖြစ်ပြီး တောခလေ့ဖွဲ့ လွမ်းချင်းများနှင့်တကွ သံချို၊ လေးချိုးပေါင်းများစွာ သီကုံးခဲ့သူဖြစ်၍ လွမ်းချင်းဦးကြီးဟူ၍လည်းကောင်း၊ ရွှေဘိုမြောက်လက် ငါးရဲနဲရွာတွင် သိမ်ဆောက်လုပ်လှူဒါန်းသောကြောင့် သိမ်ဒါယကာ ဦးကြီးဟူ၍လည်းကောင်း ခေါ်တွင်ကြပြန်သည်။

ဦးကြီး၏မိဘများက ဦးကြိုင်း၊ ဦးဖိး၊ ဦးသီး၊ ဦးကြီး၊ မမကြီး၊ မမလေး၊ မမထွေးဟူသော သားသမီးများထွန်းကားခဲ့သည်။ ဦးကြီးအရွယ်ရောက်သောအခါ မူးမြစ်ကြောင်း ကင်းမင်းကြီးဦးလှိုင်းနှင့် ဒေါ်မိ၏သမီး မမဆိုသူနှင့် အိမ်ထောင်ကျသည်။ ဦးကြီးနှင့်မမတို့က ၁၂၀၈ ခုနှစ်ခန့်တွင် မောင်မြင့်ကို ဖွားမြင်ခဲ့ပြီး ၁၂၁၂ ခုနှစ်တွင် ဇနီးဒေါ်မမကွယ်လွန်သွားရာ မမ၏ညီမဖြစ်သူ မလန်းနှင့်လက်ဆက်ပြန်၍ မောင်ဆင့်ကို ဖွားမြင်ပြန်သည်။ ဦးကြီးသည်လည်း ဘုရင်ကိုယ်တိုင်ခန့်ထားခြင်းခံရသော မင်းနေမျိုးသူရိန်ဘွဲ့ရ မြင်းစီးသူကြီးဖြစ်ရာ ၁၂၂၈ ခုနှစ် ပတိန်းမင်းသားပုန်ကန်ရာ၌ ဦးကြီးတို့ညီအစ်ကိုဦးဆောင်ပြီး မြင်းနယ်တစ်ခုလုံး ပတိန်းမင်းသားဘက်မှ ပါဝင်တိုက်ခိုက်ကြသည်။ ထိုပွဲတွင် ဦးကြီးအစ်ကို ဦးဖိးသည် ပတိန်းမင်းသားနှင့်အတူ ကွပ်မျက်ခံရပြီး ဦးကြီးသည်လည်း သက်န်းဝတ်ကာ ရှောင်တိမ်းနေရသည်။ ဦးကြီး၏ နောက်ထပ်အစ်ကိုတစ်ဦးဖြစ်သူ ဦးသီးသည်လည်း ဆွေမျိုးများရှိရာ ယင်းတိုက်ရွာတွင် ပုန်းအောင်းနေရပေသည်။ ဦးကြီးသည် အရေးတော်ပြီးလျှင် လူဝတ်လဲ၍ သာဝတ္ထိရွာသို့ပြန်လာပြီး စာပေကဗျာများရေးဖွဲ့ခဲ့ကာ ၁၂၃၉ ခုနှစ်တွင် ကွယ်လွန်လေသည်။

**ဦးကြီး (စသာရွာ)**

စသာဦးကြီးမှာ စစ်ကိုင်းနယ် မန်ကျည်းကန်ချောင်း၏တောင်ဘက် စသာဈေးတက်တောင်ကြားရွာတွင် ၁၈၄၀ ပြည့်နှစ်ခန့်က ဖွားမြင်သည်။ ပင်းဆရာတော်ထံတွင် ငယ်စဉ်က စာပေသင်ကြားပြီးနောက် အမရပူရမြို့ ဘုံကျော်တိုက်ဆရာတော်ထံတွင် ရဟန်းအဖြစ်ခံယူခဲ့သည်။ ထို့နောက် လူထွက်၍ ၁၂၀၁ ခုနှစ် သာယာဝတီမင်းလက်ထက် ရွှေပြည်တံခွန်မြင်းစုကို ဖွဲ့စည်းရာ၌ စုရေးစုကိုင်အဖြစ် ထမ်းရွက်သည်။ မင်းတုန်းမင်းလက်ထက်တွင်လည်း ဆက်လက်အမှုထမ်းရွက်ရင်း ဆယ်အိမ်ခေါင်းဘွဲ့လွမ်းချင်း၊ တောပြန်ဘွဲ့လွမ်းချင်း၊ မောင်ဘွဲ့လွမ်းချင်း စသည်များကို ရေးသား၍ အိမ်ရှေ့စံ ကနောင်မင်းသားသို့ဆက်သွင်းသည်။ သီပေါမင်းလက်ထက်တွင် တောင်ငူသစ်တောစာရေး၊ တောင်ငူမြို့စာရေးရာထူးများဖြင့် ချီးမြှင့်ခြင်းခံရသည်။ လွမ်းချင်းများကိုသာမက စသာဈေးတက်တောင်ကြားသမိုင်း၊ ရတနာကြေးမုံကျမ်းနှင့် ပါဠာနုသာရီသတ်ပုံတို့ကိုလည်း ရေးသားခဲ့လေသည်။ ၁၈၉၀ ပြည့်နှစ်ခန့်တွင် ပျဉ်းမနားမြို့၌ ကွယ်လွန်လေသည်။

**ဝန်စာရေးဦးကြီး**

ဝန်စာရေးဦးကြီးသည် သီပေါမင်းလက်ထက်တွင် တိုင်းတာမင်းကြီးထံ၌ ဝန်စာရေးအဖြစ် ထမ်းရွက်ခဲ့ဖူး၍ ဝန်စာရေးဦးကြီးဟုခေါ်ကြသည်။ ဦးကြီးကို မန္တလေးမြို့၌ အဖ ဦးအုံးဖူး၊ အမိ ဒေါ်ခင်ခင်တို့က ၁၈၅၈ ခုနှစ်တွင် ဖွားမြင်သည်။ အဖ ဦးအုံးဖူး၏ အစ်ကိုမှာ ဦးစဖြစ်၍ မြန်မာပညာရှိ စတုရင်္ဂဗလ ဦးဖေ၏ဖခင်ဖြစ်ရာ ဦးဖေနှင့် ဦးကြီးတို့မှာ ညီအစ်ကို တစ်ဝမ်းကွဲတော်စပ်သည်။ ငယ်စဉ်က မန္တလေးမြို့ မိုးကောင်းအောက်ကျောင်း အာစာရာဘိစတုမဟာဓမ္မရာဇာဓိရာဇဂုရုတံဆိပ်တော်ရ ဆရာတော်ထံ၌ ပိဋကသုံးပုံနှင့် လောကီကျမ်းအမျိုးမျိုးကိုလည်းကောင်း၊ သင်္ဂီဇာဆရာတော်၏တပည့် အနောက်သင်္ဂီဇာတိုက်ဆရာတော် ဦးကေသရထံတွင် ကဗျာရေးနည်းကိုလည်းကောင်း ဦးဖေနှင့်အတူ သင်ကြားခဲ့သည်။ ဟံသာဝတီသတင်းစာပုံနှိပ်တိုက်တွင် အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့ပြီး ဒုတိယမြောက်ကာလပေါ်ဝတ္ထုဖြစ်သည့် ချဉ်ပေါင်ရွက်သည်မောင်မှိုင်း ဝတ္ထုကိုရေးသားခဲ့သည်။ သူ၏ထင်ရှားသောဝတ္ထုများမှာ ချဉ်ပေါင်ရွက်သည်မောင်မှိုင်း၊ မြကလေးဝတ္ထု၊ စိန်ကလေးဝတ္ထု၊ ခင်ခင်ညွန့်ဝတ္ထုတို့ဖြစ်ကြသည်။ ၁၉၂၆ ခုနှစ်တွင် ရန်ကုန်မြို့ အလုံရပ်တွင် ကွယ်လွန်သည်။

**❖ သတိရအောက်မေ့ဖွယ်ရာတို့ကို လွမ်းဆွတ်တသ စပ်ဆိုထားသော သီချင်းတစ်မျိုးကို လွမ်းချင်းဟုခေါ်သည်။ လွမ်းချင်းများသည် အလောင်းမင်းတရားကြီးလက်ထက်တော်ကပင် စတင်ပေါ်ပေါက်ခဲ့ပြီး ထိုစဉ်က မြောက်ဘက်သံဟူ၍သာ လူအများခေါ်ဝေါ်နေကြသည်။ ရွှေဘိုမြို့မြောက်ဘက် ကျေးလက်တောရွာများတွင် စတင်ပေါ်ပေါက်သီဆိုကြသောကြောင့် မြောက်ဘက်သံဟုအမည်ပေးထားကြဟန်တူသည်။ ထိုသီချင်းမျိုး စတင်ပေါ်ပေါက်စဉ်က ဆင်းရဲသောတောသူတောင်သားများသာ မိမိတို့လွမ်းရာရာကိုတွေး၍ စီကုံးဖွဲ့နွဲ့သီဆိုခဲ့ကြသည်။ ❖**

**လွမ်းချင်း**

သတိရအောက်မေ့ဖွယ်ရာတို့ကို လွမ်းဆွတ်တသ စပ်ဆိုထားသော သီချင်းတစ်မျိုးကို လွမ်းချင်းဟုခေါ်သည်။ လွမ်းချင်းများသည် အလောင်းမင်းတရားကြီးလက်ထက်တော်ကပင် စတင်ပေါ်ပေါက်ခဲ့ပြီး ထိုစဉ်က မြောက်ဘက်သံဟူ၍သာ လူအများခေါ်ဝေါ်နေကြသည်။ ရွှေဘိုမြို့မြောက်ဘက် ကျေးလက်တောရွာများတွင် စတင်ပေါ်ပေါက်သီဆိုကြသောကြောင့် မြောက်ဘက်သံဟုအမည်ပေးထားကြဟန်တူသည်။ ထိုသီချင်းမျိုး စတင်ပေါ်ပေါက်စဉ်က ဆင်းရဲသောတောသူတောင်သားများသာ မိမိတို့လွမ်းရာရာကိုတွေး၍ စီကုံးဖွဲ့နွဲ့သီဆိုခဲ့ကြသည်။ နန်းတွင်း၌ကား ခေတ်မစားခဲ့သေးဘဲ ကုန်းဘောင်ခေတ်သို့ရောက်သော် ရာသီဘွဲ့ကို ရတုဖြင့်တစ်မျိုး၊ လင်္ကာနှင့်တစ်တန်၊ ပျို့ဖြင့်တစ်ဖုံ၊ တေးထပ်ဖြင့်တစ်နည်း အမျိုးမျိုးဖွဲ့ဆိုခဲ့ဖူးပြီဖြစ်ရာ ယခုလောလောလတ်လတ်ပေါ်နေသော မြောက်ဘက်သံ သို့မဟုတ် လွမ်းချင်းဖြင့် ဖွဲ့ရသော်ကောင်းမည်ဟုယူဆကြပြီးလျှင် ဆယ့်နှစ်ရာသီဘွဲ့လွမ်းချင်းများပေါ်မှ လွမ်းချင်းဟူသောသီချင်းသည် နန်းတွင်းသို့ ပေါက်ရောက်လာတော့သည်ဟုဆိုသည်။

လွမ်းချင်းစာကိုယ်တွင် အချိုးနှစ်ချိုးရှိ၍ အချိုးတို့၏အဆုံး၌ လေးဟူသောညင်ညင်သာသာရွတ်ဆိုရသည့်အက္ခရာတို့ဖြင့် အရေးအသားများလေသည်။ အကြောင်းအရာမှာ လွမ်းဆွေးစရာကိုအရင်းခံ၍ စပ်ရလေသည်။ ကုန်းဘောင်ခေတ်စာဆို နာခံတော်ဝေါကြီးမှူး ဦးခြိုရေးသည့် "ဂနိုင်စဆီက၊ ထိုင်ကြမယ်လိုလို၊ မှိုင်တငယ်ငို၊ မြိုင်မကို မဝင်ခင်က၊ တသွင်သွင်မျက်ရည်ဥတွေနဲ့၊ ညက်ကျေနု တအားငယ်တယ်၊ သနားစဖွယ် တပင်နတ်မှာဖြင့်၊ အစချီကာ လွမ်းချင်းသည် လွမ်းချင်းများတွင် စံနမူထားလောက်အောင် ကောင်းမွန်လှသောကြောင့် စံတေးဟုပင်ခေါ်ဝေါ်၏။"

ထိုလွမ်းချင်းမှာ သီပေါမင်းနှင့်မိဖုရားတို့ ရွှေကြက်ယက်သို့ ဘုရားဖူးသွားရာ တောတောင်ကန္တာရခရီး၌ လွမ်းစဖွယ်အခြင်းအရာများကို ဖွဲ့နွဲ့၍ ဦးခြိုက စပ်ဆိုရေးသားဆက်သသည်တွင် အလွန်ကျေနပ်တော်မူ၍ ဆုတော်တစ်ထောင်ပင် ချီးမြှင့်ခြင်းခံရသည့် အဖွဲ့ကောင်းတစ်ခုဖြစ်သည်။ လွမ်းချင်းတို့တွင် တောတောင်ရေမြေ၏ လွမ်းဆွတ်ကြေကွဲဖွယ်တို့ကို ဖွဲ့လေ့ရှိ၏။ တောရွာခလေ့ထုံးစံတို့ကို သရုပ်ဖော်သော အဖွဲ့များပင်ဖြစ်လေသည်။ စာဆိုတော်ဦးကြီး၊ ဦးဆောင်းတို့သည် လွမ်းချင်းစာဆိုများဖြစ်ကြသည်။

အချိုး၏အဆုံးများတွင် "လေး" ဟူသော စကားပါလေ့ရှိသည်။ ပါဒတစ်ခုတွင်စာလုံးရေ သုံးလုံး၊ လေးလုံး၊ ငါးလုံး၊ ခြောက်လုံးပါတတ်ပြီး ကာရန်ယူပုံမှာ လင်္ကာစပ်ကာရန်ယူပုံယူနည်းမျိုးပင်ဖြစ်သည်။ သို့ရာတွင် ပါဒအတွင်း၌ ပြန်ကဟပ်ကာရန် ခေါ် ခြသေ့်လည်ပြန်ကာရန်ကိုလည်း အသုံးပြုဖွဲ့ဆိုတတ်သေးသည်။ ပြန်ကဟပ်ကာရန်ဆိုသည်မှာ ကာရန်တစ်ခုကို ခံထားပြီးနောက် ထိုကာရန်နှင့်မတူသော ကာရန်သစ်တစ်မျိုးကိုပြောင်းပြီး မူလကခံခဲ့သော ကာရန်ကို ပြန်အုပ်ခြင်းဖြစ်သည်။ ပြန်ကဟပ်ကာရန်ယူပုံကို ခြသေ့်လည်ပြန်ဟုလည်းခေါ်သည်။ လွမ်းချင်းသည် တေးဂီတဘက်သို့ တိမ်းညွတ်သောကဗျာမျိုးဖြစ်သည်။ ရွတ်ဖတ်သောအခါ ဂီတသံပေါက်အောင် ရွတ်ဖတ်ရသည်။ စာလုံးရေ အနည်းအများထားပုံ၊ အသံသွားအသံလာပြေပြစ်အောင် ဖွဲ့ပုံတို့ကို ရွတ်ဆိုကြည့်မှသာ နားလည်သဘောပေါက်နိုင်သည်။

**ပြန်ကဟပ် ခေါ် ခြသေ့်လည်ပြန်**

စာဆိုဦးကြီး၏ လွမ်းချင်းကဗျာများတွင် ပြန်ကဟပ် ခေါ် ခြသေ့်လည်ပြန်ကာရန်စပ်နည်းများ ပါဝင်လျက်ရှိရာ မောင်ကြီးတို့ပျော်စံရာလွမ်းချင်းကဗျာတွင် "မလွမ်းရော့သော်ကော့၊ ကျွန်းမော့မော့ မြောက်ခွင်၊ မူးရေယဉ်လကျ်ာစီးပါလို့၊ မောင်ကြီးတို့ ပျော်တဲ့ရွာ။ မြောက်ညာနှင့် တောင်စွယ်လက်ကယ်က၊ အင်းနှစ်ဘက်ကာတယ်လေး။ တစ်ခေါက်ကယ်လမ်းဆုံ၊ ရွာသဘောကိုပြောမယုံသော်၊ ကြုံလျှင်ဝင်ခဲ့ပါလားနော်အဝေး။ နှစ်မပြာဖြူ ရောက်တော်မူလျှင်၊ မပူချမ်းငြိမ်း၊ အခြင်ရယ်မြေနီး၊ ထန်းရွက်ကယ်စီးပါတဲ့၊ မောင်ကြီးအိမ်မှာစည်းစိမ်ငယ်ခံ၊ ဟင်းချဉ်ပေါင်ဘက် ပြုတ်ဘူးရွက်နှင့်၊ ပိချက်ရေ ရံပြီးလျှင်၊ ဆန်ထမင်းရဲကျော်ကို၊ ဝန်ကတော်ပုံလောက်ပြေးအောင်၊ ကျွေးပမယ်လေး။"ဟု စပ်ဆိုထားသည်။ အဆိုပါကဗျာတွင် "မောင်ကြီးအိမ်မှာစည်းစိမ်ငယ်ခံ" တွင် "ခံ"ဟူပြီး အံကာရန်နှင့်စပ်ဆိုထားရာ တစ်ပါဒအကျော်တွင် "ပိချက်ရေ ရံပြီးလျှင်"ရံဟူ၍ အံကာရန်ဖြင့် ပြန်ကဟပ်စပ်ထားလေသည်။

အလားတူ ဦးကြီး၏ နောက်ထပ်လွမ်းချင်းကဗျာတစ်ပုဒ်ဖြစ်သော စည်းစိမ်ရှင်ကဗျာတွင် "စည်းစိမ်ကြီးပါဘိ၊ ရတ်သီးတောင့်ကိုင်၊ နှစ်ယောက်ကယ်ထိုင်၊ ယှဉ်လက်ပြိုင်ကျယ်စပျစ်ကယ်နှင့်၊ ဖွယ်သစ်မြေအင်ရံလို့၊ ဖွန်းမတန် ကန်ယောက်သွားငယ်နှင့်၊ ကြွက်နဖားပုန်းရည်ကျိုသည်၊ အလိုဗျာ စားပုံတင့်ပါဘိ၊ ခေါင်းမင်းဆယ်အိမ်ပေမို့၊ အခြေကြီးလှ တောင်းကိုလေ။ စားသောက်ဖွယ်ရာ ပြီးသောခါဝယ်၊ ချမ်းသာရိပ်ငြိမ်၊ အခြင်မြေသက်၊ ပင်ထန်းရွက်နှင့်၊ ခေါင်ပျက်အိမ်တွင်၊ စည်းစိမ်ကြီးရှင် ခြေလိမ်တင်လို့၊ ခုတင်ကြမ်းပေါက်၊ သုံးချောင်းထောက်မှာ၊ မှောက်ချည်လှန်ချည်၊ အဆီရယ်ဖိန်း၊ မှိန်းတဲ့ချည်နှင့်၊ မကြည်သန်းဝေ၊ ထည်မင်းပုံနေလိုက်တယ်၊ နွားရေပြန့်အပေါ်မှာ၊ ခေါင်းကတော်ကိုယ်တိုင်နှိပ်ခါမှ၊ သူအိပ်တယ်လေး။"ဟူ၍ဖွဲ့ဆိုထားသည်။ ထိုအဖွဲ့၌ "ချမ်းသာရိပ်ငြိမ်"ဆိုသည့် ပါဒမှ ငြိမ်ဆိုသော အိမ်ကာရန်သည် နှစ်ပါဒအကျော် "ခေါင်ပျက်အိမ်တွင်"ဆိုသည့်ပါဒတွင် အိမ်ကာရန်ဖြင့် ပြန်ကဟပ်ထားသည်ကို တွေ့ရသည်။

အလားတူ ဦးကြီး၏ ထန်းသမားဆိုသည့် လွမ်းချင်းကဗျာတွင် "သက်ငယ် မိုးပါလို့၊ ကျူရိုးကိုတဲ့ ထရံကာ၊ ဒလဟာဝယ်၊ ဗလချာ ခေါင်မချုပ်ပါလာ၊ လက်ကြားမြင်ဝယ်၊ ကြွက်သားကင်တကိုက်၊ ချမ်းလေလေ ထန်းရေကို ကျိုက်ပါလို့လေး။ အလိုက်ကယ်ဘာသာ၊ သန်းပင်ကြီး မီးထည့်ကာနှင့်၊ အသာကုပ်ကုပ် မြွေမြွေဆွဲလို့ အမဲဖုတ်၊ တုပ်လိုက်တဲ့လျှင်၊ မြိုက်ကနဲ ဗိုက်ထဲဝင်တော့၊ ကြည်လင်တဲ့ လန်းရင်းဟာ၊ သန်းထင်းပြာ ကိုယ်မှာလူးပါလို့၊ မူးလှတယ်လေး။"ဟု ဖွဲ့ဆိုထားလေသည်။ ဤလွမ်းချင်းကဗျာ၏ "အလိုက်ကယ်ဘာသာ"ဆိုသည့်ပါဒ၌ သာကာရန်သည် လေးပါဒအလွန် "ကြည်လင်တဲ့ လန်းရင်းဟာ" ပါဒတွင် ဟာဆိုသည့် ကာရန်ဖြင့် ပြန်ကဟပ်စပ်ဆိုထားသည်။ ထို့ပြင် ကဗျာထဲတွင် နဘေစပ်နည်းဖြင့်လည်း ထည့်သွင်းစပ်ဆိုထားသည်ကို ဤသို့တွေ့ရပြန်သည်။ "ကြည်လင်တဲ့ လန်းရင်းဟာ၊ သန်းထင်းပြာ ကိုယ်မှာလူးပါလို့"ဆိုသည့်ပါဒတွင် "လန်းရင်းဟာ" "သန်းထင်းပြာ"ဟူ၍စပ်ဆိုထားသည်ကို တွေ့ရှိရလေသည်။


**ဦးကြီး၏စာ**

ဦးကြီး၏စာတို့သည် အသံ၊ ကာရန်တို့ လှပသည်သာမက ဂုဏ်၊ ရသ၊ အလင်္ကာတို့နှင့်လည်း ပြည့်စုံသည်ဟုဆိုရပေမည်။ တောခလေ့ရိုးရာ အဖွဲ့အစပ်များဆိုပေသော်လည်း သိပ်သည်းလေးနက်ခြင်း၊ ချိုသာနာပျော်ဖွယ်ရှိခြင်း၊ အသံညီမျှခြင်း၊ သိမ်မွေ့နူးညံ့ခြင်း၊ ပြေပြစ်သောပုဒ်ရှိခြင်း၊ လွန်ကဲသောဂုဏ်ရှိခြင်း၊ နှစ်သက်ဖွယ်ရှိခြင်း၊ အနက်ထင်ရှားခြင်း၊ တင်စားခြင်းတို့နှင့် ပြည့်စုံလှပေသည်။ အချစ်ဘွဲ့ခေါ် ရတုလင်္ကာတို့သည် တောင်ငူခေတ်တွင်လည်းကောင်း၊ ရာဇဝင်ဇာတ်ကြောင်းနှင့် ဆိုဆုံးမစာတို့သည် ပျို့လင်္ကာအဖြစ် အင်းဝခေတ်တွင်လည်းကောင်း၊ ချစ်ခြင်းရှိ၍ လွမ်းချင်းလည်းရှိသလို တမ်းတတတ်သည့် တမ်းချင်းတို့သည်လည်း ကုန်းဘောင်ခေတ်တွင်လည်းကောင်း ခေတ်အလိုက် ပေါ်ပေါက်ရေးဖွဲ့ကြသည်ကို တွေ့ရှိရလေသည်။ ချစ်ခြင်းရှိ၍ လွမ်းချင်း၊ တမ်းချင်း၊ ငိုချင်းတို့လည်း ပေါ်ပေါက်တီထွင်ဖွဲ့စပ်ကြခြင်းဖြစ်ပေမည်။ မည်သို့ပင်ဆိုစေကာမူ စာဆိုဦးကြီးသည် လွမ်းချင်းကဗျာရေးဖွဲ့ရာတွင် စိတ်ကူးလည်းကောင်း၊ အရေးလည်းတတ်ကျွမ်းသူ စာဆိုတစ်ဦးဖြစ်သည်ကိုမူ မှတ်တမ်းတင်ရပေမည်။

**ကိုးကား**

- **မြန်မာ့စွယ်စုံကျမ်း၊ အတွဲ (၁၂)**
- **တင်မိုး၏ မြန်မာကဗျာဖွဲ့နည်း**

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချို အိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# ဝါးခယ်မမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၇၁၉၃ ဧက စိုက်ပျိုးမည်




**မြောင်းမြ နိုဝင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၇၁၉၃ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၇၁၉၃ ဧကစိုက်ပျိုးရန်လျာထားပြီး နိုဝင်ဘာလ စတုတ္ထပတ်တွင် စတင်စိုက်ပျိုးမည် ဖြစ်ကြောင်း သိရသည်။

"ဝါးခယ်မမြို့နယ်အတွင်း ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ငရုတ် ၇၁၉၃ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးကောင်းမျိုးသန့်တွေ ဆောင်ရွက်ပေးသွားမယ်။ အခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်း ငရုတ်အမျိုးအစားတွေကို ရွေးချယ်စိုက်ပျိုးသွားမှာဖြစ်ပါတယ် " ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် ငရုတ်စိုက်ပျိုးမည့် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ငရုတ်များ အထွက်နှုန်းညီစေရေး၊ ပိုးမွှားအန္တရာယ် ကျရောက်မှုမရှိစေရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ စိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အရည်အသွေး ကောင်းမွန်စေရေး စသည့်တောင်သူအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ငရုတ်ကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ငရုတ်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မင်းဘူးမြို့နယ် ပိုက်သင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းဘူး နိုဝင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ပိုက်သင်ကျေးရွာ၌ ၁၁ ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို နိုဝင်ဘာ ၁၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘက်စုံသုံးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၃၀ ဒသမ ၆ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ပိုက်သင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၆ ဦးကို ငွေကျပ် ၂၂၃ ဒသမ ၄ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူဦးရေ ၆၀ ကို ငွေကျပ် ၂၅၁ ဒသမ ၁ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၃၁ သိန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၂၅ ဒသမ ၁ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၃၀ ဒသမ ၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဇင်မာ**

# မိုးကြယ်ပွင့်များ

- ပိတောက်ရိပ်ညို မိခင်ပျို၌
  ကွန်းခိုအားသစ် သားရင်နှစ်တို့
  စစ်ပညာသင် ပြည့်ဝလျှင်သော်
  စစ်ဆင်စိမ့်ငှာ တို့ခွဲခွာသည်
  ကာလကြာရှည်ခဲ့လေပြီ။

- အချို့တို့မှာ
  ရဲစွာဆင်နွှဲ အောင်သည့်ပွဲကြောင့်
  အံ့အဲမကုန် သတင်းဂုဏ်နှင့်
  ပြည့်စုံခဲ့ကြ ချီးမြှောက်ကြသော်
  သူရသူရဲကောင်း ဘွဲ့မည်လောင်းသည်
  သားကောင်းဇာနည် ပီလှတကား။

- အချို့တို့မှာ ခန္ဓာခြေလက်
  ပေးဆက်အပ်နှင်း ပြည့်ရန်ရှင်းကာ
  ကြွင်းကျန်ခြေလက် တစ်ဖက်ဖက်ဖြင့်
  အားတက်ဆဲသာ စွမ်းရာရာတွင်
  ပါဝင်တက်ကြွ လုပ်အားပြသည်
  အာဂဇာနည်မွန်ပါတကား။

- အချို့တို့မှာ
  တောင်ပြာတောတန်း အဆန်းဆန်းနှင့်
  တောလမ်းခွေကောက် ကမ်းပါးချောက်၌
  မကြောက်စွန့်စား ယမ်းငွေ့ကြားဝယ်
  ဝင့်ကြွားလျက်သော် တိုက်ပွဲပျော်သည်
  ရဲဘော်ဇာနည် ပီလှတကား။

- သြော်...
  နွေဦးကာလ ညတစ်ည၌
  မိုးဝထွန်းလင်း ကြယ်ပန်းခင်းကို
  ရှုရင်း၀ှါဝယ် အတွေးကြွယ်သည်
  ဘယ်ဆီဘယ်မှာ ဘယ်နေရာဟု
  တို့မှာဒေသ ကွာခြားကြလည်း
  မိုးဝငွေကြယ် ပမာနှယ်လျှင်
  တင့်တယ်လျက်ပေ တို့တစ်တွေကား
  ကြွေလည်းရဲရဲ နေရဲရဲတည့်
  သေရဲတိုက်ရဲ စွန့်လွှတ်ရဲ၏
  တိုက်ပွဲတစ်ထောင် အောင်ပွဲတစ်သန်း
  အောင်ပန်းကုဋေ ခူးဆွတ်ခြွေမည်
  သေလိုသေလော့ တို့မမှု။
  ကြွေလိုကြွေလော့ တို့မမှု။
  အမိမြေတွက် တို့ရှေးရှု။
  လေးချက်ဓိဋ္ဌာန် ငါတို့ပြု။ ။

**မြင်းမူမောင်နိုင်မိုး**

## နိုင်ငံတကာ သတင်းများ

# တရုတ်ဝန်ကြီးချုပ် လီချန်း ဂျီ-၂၀ ညီလာခံ၌ ဂျပန်ဝန်ကြီးချုပ်နှင့်တွေ့ဆုံရန် အစီအစဉ်မရှိ




**ပေကျင်း နိုဝင်ဘာ ၁၇**

တောင်အာဖရိကနိုင်ငံ၌ ကျင်းပမည့် ဂျီ-၂၀ ထိပ်သီးညီလာခံကာလအတွင်း တရုတ်ဝန်ကြီးချုပ် လီချန်းအနေဖြင့် ဂျပန်ဝန်ကြီးချုပ် တာကာအိချီနှင့် တွေ့ဆုံဆွေးနွေးရန် အစီအစဉ်မရှိကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

ယခုနှစ် ဂျီ-၂၀ ထိပ်သီးညီလာခံကို တောင်အာဖရိကနိုင်ငံ ဂျိုဟန်နက်စ်ဘတ်မြို့၌ နိုဝင်ဘာ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ကျင်းပပြုလုပ်မည်ဖြစ်သည်။

အဆိုပါ ထိပ်သီးညီလာခံသို့ တရုတ်ဝန်ကြီးချုပ် လီချန်းနှင့် ဂျပန်ဝန်ကြီးချုပ် တာကာအိချီတို့လည်း တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

တရုတ်(တိုင်ပေ) အရေးနှင့်ပတ်သက်၍ ဂျပန်ဝန်ကြီးချုပ်၏ ပြောကြားချက်များကြောင့် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး တင်းမာနေချိန်တွင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အဆိုပါသတင်းထုတ်ပြန်ချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

တရုတ်(တိုင်ပေ) အရေးနှင့်ပတ်သက်၍ ဂျပန်ဝန်ကြီးချုပ်၏ ပြောကြားချက်များကြောင့် တရုတ်နှင့် ဂျပန် နှစ်နိုင်ငံဆက်ဆံရေး၏ အခြေခံနိုင်ငံရေးအုတ်မြစ် ထိခိုက်ပျက်စီးခဲ့ရကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ထုတ်ဖော်ပြောကြားထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# ပြည်ပစစ်စခန်းများချထားခွင့်ပေးရေးအဆိုပြုချက် လူထုဆန္ဒခံယူပွဲ၌ အီကွေဒေါပြည်သူများ ငြင်းပယ်

**ကွီတို နိုဝင်ဘာ ၁၇**

အီကွေဒေါနိုင်ငံ၌ ပြည်ပစစ်စခန်းများ ပြန်လည်အခြေချခွင့်ပေးထားသည့် အဆိုပြုချက်တစ်ရပ်ကို နိုဝင်ဘာ ၁၆ ရက်တွင် ပြည်သူ့ဆန္ဒခံယူပွဲဖြင့် အတည်ပြုရန် ကြိုးပမ်းခဲ့သော်လည်း အောင်မြင်မှုမရှိခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။




လူထုဆန္ဒခံယူပွဲ ဆန္ဒမဲ ၉၀ ရာခိုင်နှုန်း ရေတွက်ပြီးချိန်တွင် မဲဆန္ဒရှင်ပြည်သူ သုံးပုံ နှစ်ပုံခန့်က ၎င်းအဆိုပြုချက်ကို ကန့်ကွက်မဲများ ပေးထားကြောင်း သိရသည်။

ထို့ပြင် နိုဝင်ဘာ ၁၆ ရက် လူထုဆန္ဒခံယူပွဲတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆွဲရန် ညီလာခံတစ်ရပ်ကျင်းပရေး အဆိုပြုချက်ကိုလည်း အီကွေဒေါပြည်သူ ၆၁ ရာခိုင်နှုန်းတို့က ကန့်ကွက်ခဲ့ကြကြောင်း သိရသည်။

နိုဝင်ဘာ ၁၆ ရက် လူထုဆန္ဒခံယူပွဲရလဒ်များသည် အီကွေဒေါသမ္မတ ဒန်နီရယ်လ်နိုဘိုဝါအတွက် နိုင်ငံရေးအရ ထိုးနှက်ချက်တစ်ရပ်ဖြစ်ခဲ့ရသည်။

အီကွေဒေါသမ္မတ နိုဘိုဝါသည် နိုင်ငံခြားစစ်စခန်းများ ပြန်လည်လက်ခံရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆွဲရေးအဆိုပြုချက်နှစ်ရပ်လုံးကို ထောက်ခံထားသူဖြစ်သည်။

အီကွေဒေါနိုင်ငံသည် ပြည်ပစစ်စခန်းများ အီကွေဒေါနိုင်ငံ၏ ပိုင်နက်အတွင်း အခြေချမှုကို ၂၀၀၉ ခုနှစ်ကပင် စတင်ပိတ်ပင်ခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# တောင်ကိုရီးယားတပ်မတော်က နှစ်နိုင်ငံစစ်မဲ့ဇုန် နယ်စပ်စည်းသတ်မှတ်ရေး ဆွေးနွေးရန်အတွက် မြောက်ကိုရီးယားနိုင်ငံကို ကမ်းလှမ်း

**ဆိုးလ် နိုဝင်ဘာ ၁၇**

နှစ်နိုင်ငံစစ်မဲ့ဇုန် နယ်စပ်တစ်လျှောက် နယ်စပ်စည်းများ သတ်သတ်မှတ်မှတ် ထားရှိရေးအတွက် တွေ့ဆုံဆွေးနွေးရန် တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာနက မြောက်ကိုရီးယားတပ်မတော်ကို ကမ်းလှမ်းထားကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

နှစ်နိုင်ငံ လက်နက်ကိုင်တပ်များအကြား ပဋိပက္ခများဖြစ်နိုင်ခြေကို ရှောင်ရှားရေးအတွက် ထိုကဲ့သို့ ကမ်းလှမ်းထားခြင်း ဖြစ်ကြောင်း တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

တောင်နှင့်မြောက် နှစ်နိုင်ငံကြား ပဋိပက္ခဖြစ်နိုင်ခြေကို လျှော့ချရေး၊ စစ်ရေးတင်းမာမှုများကို လျှော့ချရေးတို့အတွက် စစ်မဲ့ဇုန် နယ်စပ်မျဉ်းသတ်မှတ်ရေး ဆွေးနွေးပွဲများ ကျင်းပရန် မြောက်ကိုရီးယားနိုင်ငံကို ကမ်းလှမ်းထားခြင်းဖြစ်ကြောင်း တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

နှစ်နိုင်ငံနယ်စပ် စစ်မဲ့ဇုန်မျဉ်းဝန်းကျင်၌ မြောက်ကိုရီးယားတပ်မတော်၏ လှုပ်ရှားမှုများ မြင့်တက်နေပြီး မြောက်ကိုရီးယားတပ်ဖွဲ့ဝင်များ၏ နယ်စပ်စည်းဖြတ်ကျော်ဝင်ရောက်မှုများလည်း များလာကြောင်းတောင်ကိုရီးယားတပ်မတော်၏အဆိုအရ သိရသည်။

ယခုနှစ်အတွင်း နှစ်နိုင်ငံနယ်စပ်မျဉ်းကို မြောက်ကိုရီးယားတပ်ဖွဲ့ဝင်များ ကျော်ဖြတ်မှုပေါင်း ၁၀ ကြိမ်နှင့်အထက် ရှိခဲ့ကြောင်း တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြောကြားထားသည်။

တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားနိုင်ငံတို့သည် ၁၉၅၀-၁၉၅၃ ကိုရီးယားကျွန်းဆွယ်ပဋိပက္ခကို အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ဖြင့်သာ အဆုံးသတ်ထားခြင်း ဖြစ်သော်လည်း လက်တွေ့အားဖြင့် ပဋိပက္ခဖြစ်ပွားနေဆဲဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# ဂျပန်နိုင်ငံက တရုတ်နိုင်ငံသို့ ထိပ်တန်းသံတမန်တစ်ဦး စေလွှတ်မည်ဟုဆို

**တိုကျို နိုဝင်ဘာ ၁၇**

တရုတ်(တိုင်ပေ) အရေးနှင့်ပတ်သက်၍ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး တင်းမာနေချိန်တွင် ဂျပန် ထိပ်တန်းသံတမန်တစ်ဦး တရုတ်နိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံအနေဖြင့် တရုတ်(တိုင်ပေ)ကို တိုက်ခိုက်ခဲ့ပါက ဂျပန်နိုင်ငံအနေဖြင့် စစ်ရေးအရ တုံ့ပြန်ရနိုင်ကြောင်း ဂျပန်ဝန်ကြီးချုပ်တာကာအိချီက နိုဝင်ဘာ ၇ ရက်က ပြောကြားခဲ့ရာ တရုတ်နှင့် ဂျပန်နိုင်ငံတို့ကြား သံတမန်ဆက်ဆံရေး တင်းမာခဲ့ရသည်။

သို့ဖြစ်ရာ တရုတ်နိုင်ငံနှင့် လက်ရှိပေါ်ပေါက်နေသော သံတမန်ဆက်ဆံရေး တင်းမာမှုများကို လျှော့ချရေးအတွက် ဂျပန်အစိုးရက ကြိုးပမ်းလျက်ရှိသည်။

လက်ရှိအချိန်တွင် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှနှင့် သမုဒ္ဒရာဒေသဆိုင်ရာ ဗျူရိုညွှန်ကြားရေးမှူးချုပ် မာဆာကီ ကာနာအိသည် တရုတ်နိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း ဂျပန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

တရုတ်ခရီးစဉ်အတွင်း မာဆာကီ ကာနာအိသည် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာဌာန ညွှန်ကြားရေးမှူးချုပ် လျူကျင်းဆောင်နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် မာဆာကီကာနာအိ၏ တရုတ်နိုင်ငံခရီးစဉ်ကို ဂျပန်နိုင်ငံခြားရေး ဝန်ကြီးဌာနက တရားဝင်အတည်ပြုထားခြင်း မရှိကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# ကွန်ဂိုနိုင်ငံအရှေ့တောင်ပိုင်း ကြေးနီသတ္တုတွင်း၌ တံတားပြိုကျ အနည်းဆုံး လူ ၃၂ ဦး သေဆုံး



**ကင်ရှာဆာ နိုဝင်ဘာ ၁၇**

ကွန်ဂိုနိုင်ငံ အရှေ့တောင်ပိုင်းရှိ ကြေးနှင့် ကိုဘော့သတ္တုတွင်းတစ်ခု၌ တံတားပြိုကျမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၃၂ ဦး သေဆုံးခဲ့ကြောင်း RT သတင်းဌာနက နိုဝင်ဘာ ၁၆ ရက်တွင် ဖော်ပြခဲ့သည်။

အဆိုပါ မတော်တဆမှုသည် လူအာလာဘာပြည်နယ် မူလွန်ဒိုခရိုင်၌တည်ရှိသော ကာလန်ဒိုအမည်ရှိ သတ္တုတွင်း၌ နိုဝင်ဘာ ၁၅ ရက်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ကာလန်ဒိုသတ္တုတွင်းအတွင်း ဝင်ရောက်လာသည့် တရားမဝင်သတ္တုတူးဖော်သူများ တံတားပေါ်သို့ စုပြုံတက်ရောက်ရာမှတစ်ဆင့် အလေးချိန်ဒဏ်မခံနိုင်ဘဲ ပြိုကျခဲ့ခြင်းဖြစ်ကြောင်း ကွန်ဂိုတာဝန်ရှိသူများက ပြောကြားထားသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် မြေပြိုမှုများ ဖြစ်နိုင်ခြေရှိနေခြင်းတို့ကြောင့် ကာလန်ဒိုသတ္တုတွင်းသို့ ဝင်ရောက်ခွင့်ပိတ်ပင်ထားသော်လည်း တရားမဝင်သတ္တုတူးဖော်သူများက အတင်းဝင်ရောက်ခဲ့ကြကြောင်း ကွန်ဂိုတာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

မျက်မြင်သက်သေများ၏ အဆိုအရ သတ္တုတွင်းလုံခြုံရေးကို တာဝန်ယူထားသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် သတ္တုတူးဖော်သူအများအပြားမှာ တံတားပေါ်သို့ တက်ပြေးခဲ့ကြရကြောင်း သိရသည်။

ကွန်ဂိုနိုင်ငံသည် ကမ္ဘာပေါ်၌ ကြေးနီနှင့် ကိုဘော့သတ္တု အများဆုံးတူးဖော် ထုတ်လုပ်နေသည့် အာဖရိကနိုင်ငံ တစ်နိုင်ငံဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေးပြည်နယ်တောင်ဘက်ပိုင်း ကမ်းခြေအနီးတွင် တောမီးလောင်ကျွမ်းမှုကြောင့် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် သတိပေးချက်ထုတ်ပြန်



ကင်ဘာရာ နိုဝင်ဘာ ၁၇

ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေးပြည်နယ် တောင်ဘက်ပိုင်း ကမ်းခြေအနီးတွင် နိုဝင်ဘာ ၁၆ ရက်က စတင်လောင်ကျွမ်းခဲ့သော တောမီးသည် ဝေါရိုဝင်းဟိုက်ဒေသသို့ ကူးစက်လောင်ကျွမ်း ခဲ့သောကြောင့် ဒေသခံများကို ဘေးလွတ်ရာ ရွှေ့ပြောင်းရန် နယူးဆောက်ဝေးပြည်နယ် မီးသတ်တပ်ဖွဲ့က သတိပေးချက် ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဘေးလွတ်ရာရွှေ့ပြောင်းရန် သတိပေးချက်ကို လက်ခံရရှိပြီး ဘေးလွတ်ရာ ရွှေ့ပြောင်းခြင်းမရှိပါက အသက်အန္တရာယ်ရှိနိုင်ကြောင်း၊ အပူချိန်မြင့်တက်မှုကြောင့် တောမီးလောင်ကျွမ်းမှုသည် နာရီပိုင်းအတွင်း ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း နယူးဆောက်ဝေးမီးသတ်တပ်ဖွဲ့က ထုတ်ပြန်သွားခဲ့သည်။

"နယူးဆောက်ဝေးပြည်နယ် တောင်ဘက်ပိုင်း ကမ်းခြေဒေသတွေမှာ တောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်နေပါတယ်။ တောမီးဟာ ဝေါရိုဝင်းဟိုက်ဒေသမှာ ဆိုးရွားစွာလောင်ကျွမ်းနေပါတယ်။ တောမီးလောင်ကျွမ်းမှု ဖြစ်ပွားနေတဲ့ နေရာအနီးက ဒေသခံတွေကို ဘေးလွတ်ရာရွှေ့ပြောင်းဖို့ သတိပေးချက် ထုတ်ပြန်ထားပါတယ်။ မရွှေ့ပြောင်းဘူး ဆိုရင်တော့ နောက်ကျ သွားပါလိမ့်မယ်။ အသက်အန္တရာယ်ကို ခြိမ်းခြောက်နိုင်ပါတယ်။ ဝေါရိုဝင်းဟိုက်ဒေမှာ နေထိုင်တယ်ဆိုရင် ချက်ချင်း ဘေးလွတ်ရာ ရွှေ့ပြောင်းကြပါ" ဟု နယူးဆောက်ဝေးပြည်နယ် မီးသတ်တပ်ဖွဲ့မှ မီးသတ်အရာရှိတစ်ဦးက ပြောကြားသွားခဲ့သည်။

တောမီးလောင်ကျွမ်းမှုသည် ထိန်းချုပ်ရခက်သည့် အဆင့်သို့ ရောက်ရှိနေသောကြောင့် ဆန်ကျူရီဒေသ၊ အိုးအီရိုဝယ်ဘေဒေသနှင့် အီရိုဝယ်ဒေသခံများကိုလည်း ဘေးလွတ်ရာ ရွှေ့ပြောင်းရေးအတွက် ပြင်ဆင်ထားရန် နယူးဆောက်ဝေးပြည်နယ် မီးသတ်တပ်ဖွဲ့က သတိပေးချက် ထုတ်ပြန်ထား သည်။

Ref : Sputnik News

Trs : Sai Sat

# အီရန်နိုင်ငံတွင် မိုးခေါင်မှုပြဿနာကို ဖြေရှင်းရန်အတွက် တိမ်အတုများဖန်တီးကာ မိုးရွာသွန်းစေရေးလုပ်ငန်းကို ဆောင်ရွက်နေ

တီဟီရန် နိုဝင်ဘာ ၁၇

အီရန်နိုင်ငံတွင် ဆယ်စုနှစ်အတွင်း အဆိုးရွားဆုံးသောမိုးခေါင်သည့်ပြဿနာဖြင့် ရင်ဆိုင်နေရပြီး သောက်သုံးရေရှားပါးသည့် ပြဿနာဖြင့် ရင်ဆိုင်နေရသောကြောင့် ပြည်သူများအတွက် အီရန်အစိုးရက နည်းပညာအကူအညီရယူပြီး တိမ်အတုများဖန်တီးကာ မိုးရွာသွန်းလာစေရေးလုပ်ငန်းများကို နိုဝင်ဘာ ၁၆ ရက်မှ စတင်ဆောင်ရွက်နေပြီ ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ပြည်သူများရင်ဆိုင်နေရသည့် မိုးခေါင်မှုပြဿနာကို ဖြေရှင်းရန်အတွက် တိမ်အတုများဖန်တီးရန်အတွက် စမ်းသပ်ဖန်တီးထားသော ဓာတုပစ္စည်းများတင်ဆောင်ထားသည့် လေယာဉ်များ နိုဝင်ဘာ ၁၆ ရက်က စတင်ပျံသန်းခဲ့ပြီး တိမ်အတုများကို စတင်ဖန်တီးနေပြီဖြစ်ကြောင်း၊ တိမ်အတုများဖန်တီးခြင်းကို အာမီယာမြို့ ကောင်းကင်ထက်တွင် စတင်ခဲ့ခြင်းဖြစ်ပြီး အာမီယာမြို့ရှိ အာမီယာကန်၏ ကောင်းကင်ထက်တွင် တိမ်တုများ စတင် ဖန်တီးခဲ့ခြင်းဖြစ်ကြောင်း အီရန်အစိုးရအဖွဲ့က ထုတ်ပြန်သွားခဲ့သည်။

"နိုဝင်ဘာ ၁၆ ရက်မှာ တိမ်တုဖန်တီးဖို့အတွက် လေယာဉ်တွေ စတင်ပျံသန်းခဲ့ပါတယ်။ အာမီယာကန်ရဲ့ ကောင်းကင်ထက်မှာ တိမ်တုကို စတင်ဖန်တီးခဲ့တာဖြစ်ပါတယ်။ ဆယ်စုနှစ်အတွင်း မိုးခေါင်မှုကြောင့် ပြည်သူတွေ အခက်တွေ့နေတယ်။ ဒီပြဿနာကို ဖြေရှင်းဖို့အတွက် ၂၀၂၅ ခုနှစ်အတွင်း တိမ်တုကို ပထမဆုံးအကြိမ် ဖန်တီးခဲ့တာဖြစ်ပါတယ်" ဟု အီရန်အစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# တရုတ်နိုင်ငံတွင် အအေးလှိုင်းဖြတ်သန်းနေသဖြင့် အပြာရောင်သတိပေးချက် ထုတ်ပြန်ထား

ပေကျင်း နိုဝင်ဘာ ၁၇

တရုတ်နိုင်ငံတွင် အအေးလှိုင်းဖြတ်သန်းနေသဖြင့် ယနေ့တွင် အပြာရောင်သတိပေးချက် ထုတ်ပြန်ထားကြောင်း တရုတ်နိုင်ငံ၏ အမျိုးသားစောင့်ကြည့်ရေးဌာန၏ ယနေ့သတင်းများအရ သိရသည်။

တရုတ်နိုင်ငံတွင် နိုဝင်ဘာ ၁၆ ရက်မှ ၁၈ ရက်အတွင်း အအေးလှိုင်းသည် နိုင်ငံ၏ အလယ်ပိုင်းနှင့် အရှေ့ပိုင်းဒေသများသို့ ဖြတ်သန်းပြီး နှင်းများကျကာ လေပြင်းများတိုက်ခတ်နေသဖြင့် တရုတ်နိုင်ငံ၏ အမျိုးသားစောင့်ကြည့်ရေးဌာနသည် ထိုအအေးလှိုင်းအတွက် အပြာရောင်သတိပေးချက်ထုတ်ပြန်ခဲ့သည်။

အအေးလှိုင်း ဖြတ်သန်းစဉ် ပြင်းထန်သော လေတိုက်ခတ်မှု၊ နှင်းကျမှုနှင့် အပူချိန်ကျဆင်းမှုများဖြစ်ပေါ်ပြီး အပူချိန်သည် ၆ ဒီဂရီစင်တီဂရိတ် မှ ၁၀ ဒီဂရီစင်တီဂရိတ်ထိ ကျဆင်းနိုင်ကြောင်း အမျိုးသား မိုးလေဝသဌာနက ထုတ်ပြန်ထားသည်။

ယနေ့တွင် အအေးလှိုင်းကြောင့် ရှန်ရှီး၊ ချုံကင်း၊ ဟီနန်နှင့် ဟူဘေးပြည်နယ်တို့တွင် နေ့အပူချိန် ၁၂ ဒီဂရီစင်တီဂရိတ်မှ ၁၄ ဒီဂရီစင်တီဂရိတ်ထိ ကျဆင်းနေကြောင်း သိရသည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများသည် အအေးလှိုင်းကြောင့် မွေးမြူရေးတိရစ္ဆာန်များနှင့် သီးနှံများ မပျက်စီးစေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းကာ ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်၍ အအေးဒဏ်မှ ကာကွယ်လျက်ရှိကြောင်း သိရသည်။

တရုတ်နိုင်ငံတွင် အပြာရောင်သတိပေးချက်သည် အအေးလှိုင်းပြင်းထန်မှု၏ ဒုတိယဖြစ်ပြီး အနီရောင်သည် အပြင်းထန်ဆုံးဖြစ်ကြောင်း သိရသည်။




Ref : Russia Today

Trs : KZ

# အင်ဒိုနီးရှားနိုင်ငံ ဂျာဗားပြည်နယ်တွင် မြေပြိုမှုဖြစ်ပွားခဲ့သောကြောင့် သေဆုံးသူ ၁၁ ဦးထိ တိုးလာ

ဂျကာတာ နိုဝင်ဘာ ၁၇

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် မြေပြိုမှုကြောင့် သေဆုံးသူ ၁၁ ဦးထိ တိုးလာကြောင်း သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအေဂျင်စီ BNPB က နိုဝင်ဘာ ၁၆ ရက်တွင် ထုတ်ပြန်ခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားပြည်နယ် အလယ်ပိုင်း၌ မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် မြေပြိုမှုများ ဖြစ်ပွားခဲ့ကြောင်း၊ မြေပြိုမှုကြောင့် သေဆုံးသူ အရေအတွက်သည် ၁၁ဦးထိရှိလာပြီး ပျောက်ဆုံးနေသူ ၁၂ဦးကိုလည်း ကယ်ဆယ်ရေးအဖွဲ့များက ဆက်လက်ရှာဖွေမှုများ ဆောင်ရွက်နေကြောင်း၊ မြေပြိုမှုဖြစ်ပွားရာ စီလာကပ်ခရိုင်ရှိ ရွာများရှိ လူနေအိမ်များသည် မြေပြိုခဲ့သည့် မြေသားနှင့်ရွှံ့များထဲ သုံးမီတာမှ ရှစ်မီတာထိ နစ်မြုပ်သွားခဲ့ရကြောင်း သိရသည်။

"သေဆုံးသူတွေရဲ့ ရုပ်အလောင်းကို နိုဝင်ဘာ ၁၄ရက်က သုံးဦး၊ နိုဝင်ဘာ ၁၅ရက်မှာ ရှစ်ဦး စုစုပေါင်း ၁၁ ဦး ရှာဖွေတွေ့ရှိခဲ့ပါတယ်။ ဒီနေ့မှာလဲ ပျောက်ဆုံးနေသူ ၁၂ ဦးကို ရှာဖွေမှုတွေ ဆက်လက် လုပ်ဆောင်နေဆဲဖြစ်ပါတယ်"ဟု အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအေဂျင်စီ၏ ပြောရေးဆိုခွင့်ရှိသူ အဗ္ဗဒူလ်မူဟာရီက ပြောကြားခဲ့သည်။

ယနေ့ထိလည်းပျောက်ဆုံးနေသူများကို မတွေ့ရှိရသေးသဖြင့် သေဆုံးသူအရေအတွက် တိုးလာနိုင်ကြောင်း၊ မြေပြိုမှုကြောင့် လမ်းများပိတ်ဆို့မှုဖြစ်ပေါ်နေခြင်းများကိုလည်း ရှင်းလင်းမှုများ ဆောင်ရွက်နေကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံတွင် စက်တင်ဘာလမှ ဧပြီလထိ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှု၊ မြေပြိုမှုအန္တရာယ်များကဲ့သို့ သဘာဝဘေးဖြစ်စဉ်များ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# ဂျပန်နိုင်ငံတွင် ဆာကူရာဂျီမာမီးတောင် ပေါက်ကွဲမှုဖြစ်ပွားပြီး မီးခိုးငွေ့များ မီးတောင်အနီးပတ်ဝန်းကျင် မီတာ ၄၄၀၀ ထိ ပျံ့နှံ့လျက်ရှိ

တိုကျို နိုဝင်ဘာ ၁၇

ဂျပန်နိုင်ငံ ကာဂိုရှီးမားစီရင်စုတွင်တည်ရှိသည့် ဆာကူရာဂျီမာမီးတောင်သည် နိုဝင်ဘာ ၁၆ ရက် နံနက်အစောပိုင်းတွင် မီးတောင်ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး မီးတောင်အတွင်းမှ မီးခိုးငွေ့များမီးတောင်ပတ်ဝန်းကျင် မီတာ ၄၄၀၀ ထိ ပျံ့နှံ့လျက်ရှိကြောင်း Meteorological Observatory က ထုတ်ပြန်သွားခဲ့သည်။

မီးတောင်ပေါက်ကွဲမှုကြောင့် ထွက်ပေါ်လာသော မီးခိုးငွေ့များကြောင့် လေထုညစ်ညမ်းမှုများဖြစ်ပေါ်လာနိုင်ကြောင်း၊ မီးတောင်ပေါက်ကွဲမှုကြောင့် ကျောက်တုံးကျောက်ခဲစများ အနီးပတ်ဝန်းကျင်သို့ ပျံ့နှံ့ရောက်ရှိခဲ့သော်လည်း အနီးပတ်ဝန်းကျင်ရှိ အခြေခံ အဆောက်အအုံများနှင့် လူနေအိမ်ခြေများ ထိခိုက်ပျက်စီးမှုမရှိသကဲ့သို့ ဒေသခံများ ထိခိုက်ဒဏ်ရာရရှိမှု မရှိခဲ့ကြောင်း၊ မီးတောင်ပေါက်ကွဲမှု ပြင်းအားသည် လယ်ဗယ် ၃ ရှိခဲ့ခြင်းကြောင့် မီးတောင်အန္တရာယ် သတိပေးချက် ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဒီနေ့အစောပိုင်းမှာ ကာဂိုရှီးမား စီရင်စုမှာရှိတဲ့ ဆာကူရာဂျီမာမီးတောင် ပေါက်ကွဲမှုဖြစ်ပေါ်ခဲ့ပါတယ်။ ပေါက်ကွဲအား ပြင်းထန်တဲ့အတွက်ကြောင့် မီးတောင်ပေါက်ကွဲမှုအန္တရာယ်သတိပေးချက် ထုတ်ပြန်ထားပါတယ်"ဟု Meteorological Observatory မှ သုတေသီ တစ်ဦးဖြစ်သူက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

## နိုင်ငံတကာ အားကစားသတင်းများ

# ဂန္ထဝင်ကစားသမား ပီလီ၏ နိုင်ငံတကာသွင်းဂိုးစံချိန်ကို တိုက်စစ်မှူးဟယ်ရီကိန်း ကျော်ဖြတ်

**လန်ဒန် နိုဝင်ဘာ ၁၇**

အင်္ဂလန်အသင်းက အယ်လ်ဘေးနီးယားအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် ဂိုးသွင်းယူနိုင်ခဲ့သည့် တိုက်စစ်မှူးဟယ်ရီကိန်းသည် နိုင်ငံတကာသွင်းဂိုး ၇၈ဂိုးထိ ရှိလာခဲ့ပြီး ဘရာဇီးဂန္ထဝင်တိုက်စစ်မှူးဟောင်း ပီလီ၏ နိုင်ငံတကာ သွင်းဂိုးစံချိန်ကို ကျော်ဖြတ်နိုင်ခဲ့ကြောင်း SI သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အသက် ၃၂ နှစ်ရှိ ဟယ်ရီကိန်းသည် ပီလီ၏ နိုင်ငံတကာသွင်းဂိုး စံချိန်ကိုကျော်ဖြတ်ရန် တစ်ဂိုးသာ လိုအပ်နေပြီး အယ်လ်ဘေးနီးယားအသင်းနှင့်ပွဲစဉ်တွင် သွင်းဂိုး တစ်ဂိုး သွင်းယူနိုင်ခဲ့သဖြင့် ပြက္ခဒိန်နှစ် မကုန်မီ ပီလီ၏ သွင်းဂိုးစံချိန်ကို ကျော်ဖြတ်နိုင်ကြောင်း သိရသည်။

ပီလီသည် ကစားသမားဘဝတွင် နိုင်ငံအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၉၂ ပွဲတွင်သွင်းဂိုး ၇၇ ဂိုးထိ သွင်းယူနိုင်ခဲ့ပြီး တိုက်စစ်မှူး ဟယ်ရီကိန်းက နိုင်ငံအသင်းနှင့် ပြိုင်ပွဲစုံ ၁၀၂ ပွဲ၌ သွင်းဂိုး ၇၈ ဂိုးထိ သွင်းယူနိုင်ခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် ဟယ်ရီကိန်းသည် ယခုနှစ် ဘောလုံးရာသီတွင် ဘိုင်ယန်မြူးနစ်အသင်းကို ပြိုင်ပွဲစုံ ရှုံးပွဲမရှိ အောင် ၎င်း၏ သွင်းဂိုးများဖြင့် ကူညီနိုင်ခဲ့ကာ အင်္ဂလန်အသင်းကိုလည်း ကမ္ဘာ့ဖလားခြေစစ်ပွဲ အောင်မြင်အောင် အဓိကနေရာမှ ပါဝင်ခဲ့သူဖြစ်ပြီး ၂၀၂၅- ၂၀၂၆ ဘောလုံးရာသီအတွင်း ကလပ်အသင်းနှင့် နိုင်ငံအသင်းတို့တွင် ၂၃ ပွဲကစားပြီး ၂၈ ဂိုးထိ သွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါခြေစစ်ပွဲ အုပ်စု (K) ပြိုင်ပွဲပြီးဆုံးချိန်တွင် အင်္ဂလန်အသင်းက ရှစ်ပွဲကစား ရှစ်ပွဲနိုင်ဖြင့် တိုက်ရိုက်ခြေစစ်ပွဲ အောင်မြင်ခဲ့ပြီး အယ်လ်ဘေးနီးယား အသင်းက လေးပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးဖြင့် play-off ကစားခွင့်သာရခဲ့ကြောင်း သိရသည်။

**Ref : SI**

**Trs : ML**



### အားကစားသတင်းအတိုအထွာများ

- အီတလီအသင်းကို လေးဂိုး တစ်ဂိုးဖြင့်အနိုင်ရခဲ့သည့် နော်ဝေအသင်းသည် ၁၉၉၈ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ကမ္ဘာ့ဖလားဝင်ခွင့် ရရှိခဲ့ကြောင်း သိရသည်။
- ဘာစီလိုနာအသင်းက ခေါ်ယူရန်ပြင်ဆင်နေသည့် လီဗန်တေးအသင်း ကစားသမားအက်တာကို အာဆင်နယ်အသင်းက ကြားဖြတ်ခေါ်ယူနိုင်ရန် အစွမ်းကုန်ကြိုးပမ်းလျက်ရှိသည်။
- မန်စီးတီးအသင်းက တိုက်စစ်ပိုင်း လိုအပ်ချက်အတွက် ရီးရဲလ်မက်ဒရစ်အသင်း တိုက်စစ်ကစားသမား အဒါဂူလာကို ပြောင်းရွှေ့ကြေး ယူရို သန်း ၁၀၀ ဖြင့် ခေါ်ယူရန် ကမ်းလှမ်းခဲ့ကြောင်း သိရသည်။
- စပိန်အသင်းနည်းပြ ဒီလာဖူအန်တီက ဒဏ်ရာပြဿနာရှိနေသည့် ခံစစ်ကစားသမား ဟူအီဆန်ကို ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြန်လည်စေလွှတ်ခဲ့ကြောင်း သိရသည်။ **ML**

# မက်ဆီနှင့်အတူ ကမ္ဘာ့ဖလားပြိုင်ပွဲကို ခြောက်ကြိမ်ဆက်ကစားခွင့်ရရှိသည့် ကစားသမားအဖြစ် စီရော်နယ်ဒို မှတ်တမ်းဝင်





**လစ္စဘွန်း နိုဝင်ဘာ ၁၇**

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲခြေစစ်ပွဲ(ဥရောပဇုန်) အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ကစားခဲ့သည့် ပေါ်တူဂီအသင်းနှင့် အာမေးနီးယားအသင်းတို့ကစားခဲ့သည့်ပွဲစဉ်တွင် ပေါ်တူဂီအသင်းက ကိုးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး တိုက်ရိုက်ခြေစစ်ပွဲ အောင်မြင်ခဲ့သည့်အတွက် ပေါ်တူဂီအသင်းခေါင်းဆောင် စီရော်နယ်ဒိုသည် မက်ဆီနှင့်အတူ ကမ္ဘာ့ဖလားပြိုင်ပွဲကို ခြောက်ကြိမ်ဆက် ကစားခွင့်ရရှိမည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်ဟု Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

စီရော်နယ်ဒိုသည် ပြီးခဲ့သည့် ပေါ်တူဂီအသင်းက အိုင်ယာလန်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ပြိုင်ဘက်ကစားသမားကို ကစားပုံကြမ်းတမ်းခဲ့သောကြောင့် တိုက်ရိုက်အနီကတ်ပြသခံခဲ့ရသည့်အတွက် အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ်ကစားခဲ့သည့် ပေါ်တူဂီအသင်းနှင့် အာမေးနီးယားအသင်းတို့ပွဲစဉ်ကို လွဲချော်ခဲ့သော်လည်း ပေါ်တူဂီအသင်းအနေဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ကာ အုပ်စုပထမနေရာဖြင့် တိုက်ရိုက်ခြေစစ်ပွဲ အောင်မြင်ခဲ့ပြီး စီရော်နယ်ဒိုသည်လည်း မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

စီရော်နယ်ဒိုသည် ၂၀၀၃ ခုနှစ်မှ စတင်ပြီး ပေါ်တူဂီအသင်းနှင့်အတူ စတင်ပါဝင်ကစားခဲ့ကာ အသင်းနှင့်အတူ ၂၀၀၆ ခုနှစ်က ဂျာမနီနိုင်ငံတွင် ကျင်းပခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲ၊ ၂၀၁၀ ပြည့်နှစ်က တောင်အာဖရိကတွင် ကျင်းပခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲ၊ ၂၀၁၄ ခုနှစ်က ဘရာဇီးနိုင်ငံတွင် ကျင်းပခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲ၊ ၂၀၁၈ ခုနှစ်က ရုရှားနိုင်ငံတွင် ကျင်းပခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲ၊ ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်က ကာတာနိုင်ငံတွင် ကျင်းပခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် လာမည့် ၂၀၂၆ ခုနှစ်တွင်ကျင်းပမည့် ကမ္ဘာ့ဖလားပြိုင်ပွဲ စသည့် ကမ္ဘာ့ဖလားပြိုင်ပွဲ ခြောက်ကြိမ်ဆက် ဝင်ရောက်ခွင့်ရပြီးနောက် ဘောလုံးလောကတွင် မက်ဆီနှင့်အတူ ခြောက်ကြိမ်ဆက် ကမ္ဘာ့ဖလားပြိုင်ပွဲ ကစားခွင့်ရမည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

စီရော်နယ်ဒိုသည် ပေါ်တူဂီအသင်းနှင့်အတူ ဥရောပနေးရှင်းလိဂ်ဖလားနှစ်ကြိမ်နှင့် ယူရိုဖလား တစ်ကြိမ် ဆွတ်ခူးထားကြောင်း သိရသည်။

**Ref : Fotmob**

**Trs : STA**

# DP World Tour Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ဖစ်ပက်ထရစ် ဆွတ်ခူး

**ဒူဘိုင်း နိုဝင်ဘာ ၁၇**

ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့တွင် ကျင်းပခဲ့သည့် DP World Tour Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အင်္ဂလန်ဂေါက်သီးရိုက်ကစားသမား ဖစ်ပက်ထရစ်က ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း TSN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဖစ်ပက်ထရစ်သည် နောက်ဆုံးနေ့အပြီးတွင် မြောက်အိုင်ယာလန်ဂေါက်သီးရိုက် ကစားသမား မက်အီလ်ရွိုင်းနှင့်အတူ စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၈ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်နိုင်ခဲ့ပြီး ချန်ပီယံအဆုံးအဖြတ် Play-off အဆင့်ကို ယှဉ်ပြိုင်ကစားခဲ့ရာ ဖစ်ပက်ထရစ်က အနိုင်ရရှိပြီး ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း သိရသည်။

မက်အီလ်ရွိုင်းက ဒုတိယနေရာဖြင့်သာ ကျေနပ်ခဲ့ရပြီး အင်္ဂလန်ဂေါက်သီးရိုက် ကစားသမား ဖလက်ဝုဒ်အပါအဝင် ပြိုင်ပွဲဝင်လေးဦးက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၇ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာ၌ ပူးတွဲရပ်တည်နိုင်ခဲ့ကြသည်။

မက်အီလ်ရွိုင်းအနေဖြင့် DP World Tour Championship ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ချန်ပီယံဆုဖြင့် လွဲချော်ခဲ့သော်လည်း ၂၀၂၅ ခုနှစ်အတွင်း DP World Tour က ကျင်းပသော Race to Dubai ချန်ပီယံဆုကို ရမှတ်အများဆုံးဖြင့် ဆွတ်ခူးခဲ့ကြောင်း သိရသည်။

Race to Dubai ချန်ပီယံဆုသည် တစ်နှစ်တာကာလအတွင်း ဥရောပတိုက်မှ ဂေါက်သီးရိုက်ကစားသမားများရရှိခဲ့သော ရမှတ်များကို တွက်ချက်ကာ ရမှတ်အများဆုံး ကစားသမားကို ဥရောပ အဆင့်(၁) ဂေါက်သီးရိုက် ကစားသမားအဖြစ် သတ်မှတ်ပေးကာ Race to Dubai ချန်ပီယံဆုကို ချီးမြှင့်ပေးအပ်ခြင်း ဖြစ်သည်။

DP World Tour Champion-ship ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ချန်ပီယံဆုကို ဆွတ်ခူးခဲ့သော ဖစ်ပက်ထရစ်က "ဒီပြိုင်ပွဲမှာ အောင်မြင်မှုရရှိလိမ့်မယ်လို့ မျှော်လင့်မထားပါဘူး။ နှစ်တစ်နှစ်ရဲ့ နောက်ဆုံးသောပြိုင်ပွဲကို ချန်ပီယံဆုဖလားနဲ့ အဆုံးသတ်ခွင့်ရတာ အရမ်းကို ဂုဏ်ယူမိပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : TSN**

**Trs : AZL**

# The ANNIKA driven by Gainbridge at Pelican ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို လင်ဂရန့် ဆွတ်ခူး

**ဖလော်ရီဒါ နိုဝင်ဘာ ၁၇**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တွင် ကျင်းပခဲ့သည့် The ANNIKA driven by Gainbridge at Pelican ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဆွီဒင်ဂေါက်သီးရိုက်မယ် လင်ဂရန့်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၉ ချက်လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း Sky Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။



အမေရိကန် ဂေါက်သီးရိုက်မယ် ကပ်ချိုက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၆ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နေပြီး မက္ကဆီကိုဂေါက်သီးရိုက်မယ် လိုပက်ဇ်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်လျော့ရိုက်ကာ တတိယနေရာဖြင့် ကျေနပ်ခဲ့ရသည်။

ဗိုလ်စွဲရန် ရေပန်းစားခဲ့သည့် ကမ္ဘာ့အဆင့်(၂) နေရာတွင် ရပ်တည်နေသော အမေရိကန်ဂေါက်သီးရိုက်မယ် နယ်လီကော့ဒါမှာ ရလဒ်များ သိသိသာသာ ကျဆင်းခဲ့ပြီး စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ကိုးချက်သာ လျော့ရိုက်နိုင်ခဲ့သည်။

ချန်ပီယံဆုကို ဆွတ်ခူးခဲ့သည့် လင်ဂရန့်က "ဒီပြိုင်ပွဲမှာ ကစားနိုင်ခဲ့တဲ့ စွမ်းဆောင်ရည်ဟာ ကစားသမားဘဝရဲ့ အကောင်းဆုံး စွမ်းဆောင်ရည်လို့ သတ်မှတ်နိုင်ပါတယ်။ ဒီပြိုင်ပွဲဟာ ခက်ခဲတဲ့ ပြိုင်ပွဲဖြစ်တဲ့အတွက် ဘယ်သူပဲ ဒီပြိုင်ပွဲမှာ အနိုင်ရခဲ့ပါစေ အနိုင်ရသူဟာ အကောင်းဆုံး စွမ်းဆောင်ရည်တွေကို ပြသနိုင်တဲ့ ပြိုင်ပွဲပဲလို့ ကျွန်မစိတ်ထဲက အလိုလို တွေးမိပြီးသားပါ။ မထင်မှတ်ပဲ အနိုင်ရသူဟာ ကျွန်မဖြစ်ခဲ့တဲ့အတွက် ဝမ်းသာပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sky Sports**

**Trs : AZL**

# ဂျန်နစ်ခ်ဆင်နာက အယ်ကာရက်ဇ်ကို အနိုင်ရရှိကာ ATP Finals ဆုဖလားကို နှစ်နှစ်ဆက်တိုက်ဆွတ်ခူး




တူရင် နိုဝင်ဘာ ၁၇

အီတလီနိုင်ငံ တူရင်မြို့တွင် ကျင်းပခဲ့သည့် ATP Finals တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့် ပွဲစဉ်အဖြစ် အီတလီတင်းနစ် ကစားသမား ဂျန်နစ်ခ်ဆင်နာနှင့် စပိန် တင်းနစ်ကစားသမား အယ်ကာရက်ဇ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျန်နစ်ခ်ဆင်နာက (၇-၆၊ ၇-၅)ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုဖလားကို ဆွတ်ခူးခဲ့ကြောင်း Tennis World သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျန်နစ်ခ်ဆင်နာအတွက် နှစ်နှစ်ဆက်တိုက် ATP Finals တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကိုဆွတ်ခူးခဲ့သည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်နေသည့် တင်းနစ်ကစားသမားနှင့် ကမ္ဘာ့အဆင့်(၂)နေရာတွင်ရပ်တည်နေသော ကစားသမားတို့၏ ထိပ်တိုက်တွေ့ဆုံမှုဖြစ်ပြီး လက်ရှိ ကမ္ဘာ့အကောင်းဆုံး တင်းနစ်ကစားသမား နှစ်ဦး၏ ပွဲစဉ်ဖြစ်သည့်အတွက် အကြိတ်အနယ်ရှိသည့် ပွဲစဉ်ဖြစ်ခဲ့သည်။

ဂျန်နစ်ခ်ဆင်နာ အနေဖြင့် မွေးရပ်မြေ အီတလီပရိသတ်များ ရှေ့မှောက်တွင် ကစားခဲ့ခြင်းဖြစ်သကဲ့သို့ ပရိသတ်များကလည်း တစ်ခဲနက်အားပေးကြပြီး ပရိသတ်အားသာချက်ရှိသည့် ဂျန်နစ်ခ်ဆင်နာအတွက် ဂုဏ်ယူဖွယ်ရာအောင်ပွဲဖြစ်ခဲ့သည်။

ဂျန်နစ်ခ်ဆင်နာက "အီတလီပရိသတ်တွေရှေ့မှာ အခုလို ချန်ပီယံဆုဖလား ကိုင်မြှောက်ခွင့်ရတာ အရမ်းကို ဝမ်းသာဂုဏ်ယူပါတယ်။ ဒီနှစ်မှာ ယှဉ်ပြိုင်ခဲ့တဲ့ပြိုင်ပွဲတွေထဲမှာ ဒီပွဲစဉ်က ကျွန်တော့်အတွက် အခက်အခဲဆုံး ပွဲစဉ်ဖြစ်ပါတယ်။ အယ်ကာရက်ဇ် ကစားသွားတာ အရမ်းကောင်းပါတယ်။ ဒီပွဲမှာ အနိုင်ရခဲ့ခြင်းဟာ ပရိသတ်တွေကြောင့်ပါ။ ပရိသတ်တွေရဲ့ အားပေးမှုဟာဘောလုံးပွဲတစ်ပွဲကို အားပေးနေကြသလိုပါပဲ။ကျွန်တော့်ကို ဘောလုံးပွဲတစ်ပွဲထဲရောက်နေသလို ခံစားစေမိပါတယ်။ ပရိသတ်အားလုံးကို ကျေးဇူးတင်ပါတယ်" ဟုပြောကြားခဲ့ကြောင်း သိရသည်။

Ref : Tennis World
Trs : AZL

# ပြင်သစ်လီဂူးပြိုင်ပွဲ၏ တစ်လတာအကောင်းဆုံး ကစားသမားဆုကို ဂရင်းဝုဒ် ဆွတ်ခူး

ပဲရစ် နိုဝင်ဘာ ၁၇

ပြင်သစ်လီဂူးပြိုင်ပွဲ၏ အောက်တိုဘာလအတွက် တစ်လတာ အကောင်းဆုံး ကစားသမားဆုကို မာလ်ဆေးအသင်း တိုက်စစ်ကစားသမားဂရင်းဝုဒ်က ဆွတ်ခူးနိုင်ခဲ့ကြောင်း Franch Football News သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဂရင်းဝုဒ်သည် ယခုနှစ်ဘောလုံးရာသီတွင် မာလ်ဆေးအသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြသလျက်ရှိနေပြီး အောက်တိုဘာလအတွင်း ကစားခဲ့သည့် ပြင်သစ်လီဂူးပြိုင်ပွဲ ပွဲစဉ်များတွင် လီဟာဗေးအသင်းနှင့် ပွဲစဉ်တွင် သွင်းဂိုး လေးဂိုး၊ လန်းအသင်းနှင့်ပွဲစဉ်တွင် သွင်းဂိုး တစ်ဂိုး သွင်းယူနိုင်ခဲ့ကာ ငါးဂိုးထိ သွင်းယူနိုင်ခဲ့ပြီးနောက် ပီအက်စ်ဂျီအသင်းမှ ကစားသမားများကိုကျော်ဖြတ်ပြီး အောက်တိုဘာလအတွက် တစ်လတာ အကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် ဘောလုံးရာသီက မန်ယူအသင်းမှ မာလ်ဆေးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သည့် ဂရင်းဝုဒ်သည်အသင်းနှင့်အတူ ပထမဆုံးဘောလုံးရာသီတွင်ပင် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ကာ ပြင်သစ်လီဂူးပြိုင်ပွဲတွင် ၃၆ ပွဲ ကစားခဲ့ရာ ၂၂ ဂိုး သွင်းယူနိုင်ခဲ့ပြီး ဂိုးဖန်တီးမှု ငါးကြိမ် ပြုလုပ်နိုင်ခဲ့ကာ အသင်းသမိုင်းတစ်လျှောက် ပထမဆုံးရာသီတွင်သွင်းဂိုးအများဆုံးကစားသမားအဖြစ် ရပ်တည်နေသည့် ကစားသမားဟောင်း ဒရော့ဘာ၏ စံချိန်ကို ကျော်ဖြတ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Franch Football News
Trs : STA




# မန်ယူအသင်းက ကက်စ်မဲရိုးနေရာတွင် ရီးရဲလ်မက်ဒရစ်အသင်း ကွင်းလယ်ကစားသမား ချူအာမန်နီနှင့် အစားထိုးရန်ပြင်ဆင်

မန်ချက်စတာ နိုဝင်ဘာ ၁၇

မန်ယူအသင်းက သက်တမ်းတိုးစာချုပ်သစ် ချုပ်ဆိုရန် ငြင်းဆန်ထားသည့် ဝါရင့်ကွင်းလယ်ကစားသမား ကက်စ်မဲရိုး၏နေရာတွင် အစားထိုးရန် ရီးရဲလ်မက်ဒရစ်အသင်းမှ ချူအာမန်နီကို ခေါ်ယူရန် ပြင်ဆင်နေကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ကက်စ်မဲရိုးသည် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်က ရီးရဲလ်မက်ဒရစ်အသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ နှစ်ရာသီဆက် အကောင်းဆုံး ခြေစွမ်း ပြသနိုင်သော်လည်း ပြီးခဲ့သည့် ဘောလုံးရာသီက ဒဏ်ရာပြဿနာများကြောင့် ပုံမှန်ခြေစွမ်းပြသနိုင်ရန် ရုန်းကန်ခဲ့ရပြီး ယခုနှစ် ဘောလုံးရာသီတွင် ပြန်လည် ခြေစွမ်းပြသလျက်ရှိနေသူဖြစ်သည်။

မန်ယူအသင်းသည် အစောပိုင်းက ကက်စ်မဲရိုးကို ယခုနှစ်ဘောလုံးရာသီအကုန်တွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်လွှတ်ရန် ဆုံးဖြတ်ထားသော်လည်း နည်းပြ အာမိုရင် လက်အောက်တွင် တစ်ကျော့ ပြန်လည်ခြေစွမ်းပြသလျက်ရှိနေပြီး အရေးပါသည့် သွင်းဂိုးများကို သွင်းယူပေးနေသည့်အတွက် မန်ယူအသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုလိုနေသော်လည်း ကက်စ်မဲရိုးကိုယ်တိုင်က သက်တမ်းတိုးစာချုပ်ကို ငြင်းပယ်ထားပြီး အလွတ်ပြောင်းရွှေ့ကြေးဖြင့် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားသည့်အတွက် မန်ယူအသင်းက လက်ရှိအချိန်ကတည်းက ၎င်း၏နေရာတွင် အစားထိုးရန်အတွက် ကစားသမားရှာဖွေမှုများ လုပ်ဆောင်နေခြင်းဖြစ်သည်။

လက်ရှိတွင် မန်ယူအသင်းက ကက်စ်မဲရိုး၏နေရာတွင် အစားထိုးရန်အတွက် ရီးရဲလ်မက်ဒရစ်အသင်းမှ ကွင်းလယ်ကစားသမား ချူအာမန်နီကို ဦးစားပေးပစ်မှတ်အဖြစ် သတ်မှတ်ထားပြီး ခေါ်ယူရန် ပြင်ဆင်နေကြောင်း သိရသည်။

Ref : Fotmob
Trs : STA

# ကွန်ဂိုအသင်းကိုရှုံးနိမ့်ခဲ့သည့် နိုင်ဂျီးရီးယားအသင်း ၂၀၂၆ ကမ္ဘာ့ဖလားဝင်ခွင့်နှင့် လွဲချော်

ရာဘတ် နိုဝင်ဘာ ၁၇

ကမ္ဘာ့ဖလား play-off ပွဲစဉ်အဖြစ်ကစားခဲ့သည့် နိုင်ဂျီးရီးယားအသင်းနှင့် ကွန်ဂိုအသင်းတို့ပွဲစဉ်တွင် ကွန်ဂိုအသင်းက ပင်နယ်တီအဆုံးအဖြတ်တွင် နိုင်ပွဲရခဲ့သောကြောင့် နိုင်ဂျီးရီးယားအသင်းအနေဖြင့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်နှင့် လွဲချော်ခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြထားသည်။



အဆိုပါပွဲစဉ်တွင် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဂိုးသွင်းအများဆုံး ကစားသမားဖြစ်သည့် နိုင်ဂျီးရီးယားအသင်းတိုက်စစ်မှူး အိုစီမန်အသင်းတိုက်စစ်ပိုင်းကို ဦးဆောင်လာသောကြောင့် ပွဲချိန် အစောပိုင်းတွင် နိုင်ဂျီးရီးယားအသင်းက တိုက်စစ်ပိုင်းအသာဖြင့် ကစားနိုင်ခဲ့ပြီး ပွဲကစားချိန် သုံးမိနစ်တွင် အွန်ရီကာက ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သော်လည်း ကွန်ဂိုအသင်း တန်ပြန်တိုက်စစ်ကြောင့် ပွဲကစားချိန် ၃၂ မိနစ်တွင် အီလီယာက ချေပဂိုး သွင်းယူနိုင်ခဲ့ပြီး သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ဒုတိယပိုင်းတွင် နိုင်ဂျီးရီးယားအသင်းက တိုက်စစ်မှူး အိုစီမန်ကို လူစားလဲမှုပြုလုပ်ကာ တိုက်စစ်ကစားပုံ ပြောင်းလဲခဲ့သော်လည်း နှစ်သင်းစလုံး ပြိုင်ပွဲကို ထိန်းချုပ်ကစားနေမှုကြောင့် ဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ သရေရလဒ်ထွက်ပေါ်ခဲ့သောကြောင့် အချိန်ပိုဆက်လက်ကစားခဲ့ရသည်။

အချိန်ပို ပွဲကစားချိန်တွင်လည်း နှစ်သင်းစလုံး ဘောလုံးပိုင်ဆိုင်မှုအသာပေး ကစားနေမှုကြောင့် တစ်ဖက်နှင့် တစ်ဖက် ဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ ပင်နယ်တီရောက်ရှိခဲ့ရာ နိုင်ဂျီးရီးယားအသင်းက ပထမဆုံးကန်သွင်းခဲ့ရာ ပင်နယ်တီ ခြောက်ကြိမ်တွင် သုံးကြိမ်သာဂိုးရခဲ့ပြီး ကွန်ဂိုအသင်းက ခြောက်ကြိမ်တွင် လေးကြိမ် ဂိုးရခဲ့သောကြောင့် နိုင်ဂျီးရီးယားအသင်း ရှုံးပွဲကြုံခဲ့ပြီး ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် လွဲချော်ခဲ့ကြောင်း သိရသည်။

Ref : Fotmob
Trs : ML

# အိုက်စလန်ကိုအနိုင်ရရှိသည့် ယူကရိန်းအသင်း ၂၀၂၆ ကမ္ဘာ့ဖလား Play-off ကစားခွင့်ရ

ဝါဆော နိုဝင်ဘာ ၁၇

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲ (ဥရောပဇုန်) အုပ်စု(D) အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ယူကရိန်းအသင်းနှင့် အိုက်စလန်အသင်းတို့ကစားခဲ့ရာ ယူကရိန်းအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သောကြောင့် Play-off ဆက်လက်ကစားရမည်ဖြစ်ကြောင်း Goal.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

၂၀၂၆ ကမ္ဘာ့ဖလား ပြိုင်ပွဲ ခြေစစ်ပွဲ(ဥရောပဇုန်)အုပ်စု(D)တွင် ပြင်သစ်အသင်းသည် အုပ်စုပွဲစဉ်များ မပြီးဆုံးမီကတည်းက ခြေစစ်ပွဲ အောင်မြင်ခဲ့သော်လည်း အိုက်စလန်အသင်းနှင့် ယူကရိန်းအသင်းတို့အနေဖြင့် တစ်ပွဲအလိုတွင် ရမှတ် ခုနစ်မှတ်ဖြင့် ရမှတ်တူနေသည့်အတွက် နောက်ဆုံးပွဲစဉ်တွင် အဆုံးအဖြတ်ကစားခဲ့ရခြင်းဖြစ်သည်။

ယူကရိန်းအသင်းနှင့် အိုက်စလန်အသင်းတို့သည် အုပ်စုနောက်ဆုံးပွဲစဉ်တွင် အနိုင်ရရှိမည့်အသင်းအနေဖြင့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲကို Play-off အဆင့်မှ ဝင်ရောက်ခွင့်ရရန် မျှော်လင့်ချက်ရှိမည်ဖြစ်ပြီး ရှုံးနိမ့်သည့် အသင်းအနေဖြင့် ခြေစစ်ပွဲ အုပ်စုအဆင့်မှ ထွက်ခွာရမည်ဖြစ်သည့်အတွက် အကြိတ်အနယ်ရှိခဲ့ကာ ယူကရိန်းအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး Play-off အဆင့် ဆက်လက်ကစားခွင့်ရခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ယူကရိန်းအသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၈၇ မိနစ်တွင် ဇူဘာကော့ဗ်၊ ပွဲချိန် ၉၃ မိနစ်တွင် ဟုဆုလီအက်တို့က သွင်းယူ ပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၂၀၂၆ ကမ္ဘာ့ဖလား ပြိုင်ပွဲ ခြေစစ်ပွဲ(ဥရောပဇုန်) အုပ်စု(D) ပွဲစဉ်များ ပြီးဆုံးချိန်တွင် ပြင်သစ်အသင်းက ရမှတ် ၁၆ မှတ်၊ ယူကရိန်းအသင်းက ရမှတ် ၁၀ မှတ်၊ အိုက်စလန်အသင်းက ရမှတ် ခုနစ်မှတ်၊ အဇာဘိုင်ဂျန်အသင်းက ရမှတ် တစ်မှတ်ဖြင့် အသီးသီး ရပ်တည်ခဲ့ကြကြောင်း သိရသည်။

Ref : Goal.com
Trs : STA

# နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့

**ကျော်တင့်(ရွှေခရမ်း)**

> ❖ "နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့" ဟူသည့်နိုင်ငံတော်၏ မူဝါဒနှင့်အညီ နိုင်ငံတစ်ဝန်းမြို့ပြနှင့် ရပ်ရွာများ၊ ကျေးလက်ဒေသများတွင်ပါ သစ်တောသစ်ပင်များ၊ စိမ်းလန်းစိုပြည်သည့် သစ်တောမြေယာရှုခင်းများ၊ အစိမ်းရောင်ဇရိယာများ စဉ်ဆက်မပြတ်တိုးမြှင့်တည်ထောင်ရေးတို့ကို အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်သည်။ လူတိုင်း၊ အိမ်ထောင်စုတိုင်း၊ ကျေးရွာ၊ ရပ်ကွက်တိုင်း သစ်ပင်စိုက်ပျိုးကြရေးစည်းရုံးလှုံ့ဆော်သွားကြရမည် ဖြစ်သည်။ ထိုသို့ သစ်ပင်များစိုက်ပျိုးရာတွင် လူအား၊ ငွေအား အကုန်ခံပြီး စိုက်ပျိုးထားသည့် သစ်ပင်များကို တစ်ပင်စိုက်တစ်ပင် ရှင်သန်စေရန် ဝိုင်းဝန်းပြုစုပျိုးထောင်သွားကြရမည်ဖြစ်သည်။ ❖

မြန်မာနိုင်ငံတွင် အောက်တိုဘာလနှင့် နိုဝင်ဘာလတို့သည် မိုးရာသီကုန်ဆုံးသည့် ပွင့်လင်းရာသီကာလဖြစ်သော်လည်း ပုံမှန်ရာသီဥတုဖြစ်စဉ်များ ပျက်ပြားကာ ရာသီဥတုပြောင်းလဲမှုကြောင့် မိုးသည်းထန်စွာ ရွာသွန်းမှုအခြေအနေများနှင့် ကြုံတွေ့ခဲ့ကြသည်။ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် စိုက်ပျိုးသီးနှံများနှင့် လူမှုစီးပွားအခြေအနေများထိခိုက်ခဲ့သည်။ ယခုဖြစ်စဉ်သည် ရာသီဥတုများပြောင်းလဲလာမှု၏ သတိပေးခေါင်းလောင်းထိုးသံဖြစ်ပြီး ပြည်သူများအနေဖြင့် ပုံမှန်မဟုတ်သော ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်အခြေအနေများနှင့်ဖြစ်ပေါ်ရသည့် အကြောင်းရင်းအခြေအနေများကို သိရှိနားလည်ပြီး အနာဂတ်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်ကြရမည်ဖြစ်သည်။

လူတစ်ဦးသည် ကျန်းမာရေးမကောင်းပါက ပိုင်ဆိုင်သည့်ဥစ္စာပစ္စည်းတို့ မည်မျှပင်ချမ်းသာစေကာမူ အချည်းနှီးဖြစ်သကဲ့သို့ နိုင်ငံတစ်နိုင်ငံသည် မည်မျှပင်စီးပွားရေးတိုးတက်မှုနှုန်းမြင့်ကာ ချမ်းသာကြွယ်ဝပါစေ သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးနေပါက နိုင်ငံသားများ စိတ်အေးချမ်းသာစွာ နေထိုင်နိုင်မည်မဟုတ်ပါ။ စိမ်းလန်းစိုပြည်သော သဘာဝပတ်ဝန်းကျင်သည် လူသားတို့၏စိတ်နှလုံးကို ကြည်နူးချမ်းမြေ့စေကာ ကျန်းမာရေးကိုများစွာ အကျိုးပြုပြီး လူသားတို့၏ အသက်၊ အိုးအိမ်၊ စည်းစိမ်ကို အချိန်ခဏတာအတွင်း ဖျက်ဆီးပစ်နိုင်သည့်သဘာဝဘေးအန္တရာယ်များကို လျော့ပါးစေမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် နွေ၊ မိုး၊ ဆောင်းဟူသည့်ဥတုတို့သည် သဘာဝအတိုင်း သူ့အချိန်အခါနှင့်သူပြောင်းလဲနေခဲ့သော်လည်း ယနေ့ကာလတွင် သဘာဝပတ်ဝန်းကျင်များ ယိုယွင်းပျက်စီးလာသည့်အတွက် ပုံမှန်ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်မှ ပုံမှန်မဟုတ်သော ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ ပေါ်ပေါက်လာသည်။

ကမ္ဘာတစ်ဝန်း၌ ရာသီဥတုပြောင်းလဲမှုဆိုးကျိုးများကို ဆိုးရွားစွာခံစားရလျက်ရှိပြီး မြန်မာနိုင်ငံသည်လည်း ရာသီဥတုဖောက်ပြန်မှုနှင့် သဘာဝဘေးအန္တရာယ်များကို နှစ်စဉ်ရင်ဆိုင်ကြုံတွေ့ရလျက်ရှိသည်။ မိမိတို့နိုင်ငံသည် ကောင်းမွန်သည့်သဘာဝပတ်ဝန်းကျင်များကို ပိုင်ဆိုင်ထားသော်လည်း လူတို့၏ပယောဂကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်လျက်ရှိရာ နိုင်ငံနှင့်ပြည်သူအတွက် များစွာ ထိခိုက်နစ်နာစေသည်။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းမှုအားနည်းပါက သဘာဝဘေးအန္တရာယ်နှင့်ထိပ်တိုက်ကြုံတွေ့ရမည်ဖြစ်သည်။

မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် လယ်ယာထွက်ကုန်၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းလုပ်ငန်းများအပေါ်တွင် မှီခိုနေရသောကြောင့် ပြည်သူများ၏ စားဝတ်နေရေးဖူလုံမှုသည် သင့်တင့်မျှတသော ရာသီဥတုအခြေအနေပေါ်တွင် များစွာ မူတည်လျက်ရှိသည်။ ရာသီဥတုဖောက်ပြန်ချို့ယွင်းမှုကြောင့် စားနပ်ရိက္ခာအထွက်နှုန်းကျဆင်းလာခြင်း၊ မွေးမြူရေးတိရစ္ဆာန်များ ပျက်စီးဆုံးရှုံးခြင်း၊ ဂေဟစနစ်များ ယိုယွင်းပျက်စီးခြင်း၊ ဇီဝမျိုးစိတ်များ မူရင်းဒေသများမှနေရာပြောင်းရွှေ့ခြင်း၊ ပင်လယ်နှင့် သမုဒ္ဒရာများ၏ ဂေဟစနစ်များယိုယွင်းပျက်စီးခြင်း၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်လာခြင်း၊ ရောဂါဖြစ်စေသောပိုးမွှားများ ရှင်သန်ရာဒေသပိုမိုကျယ်ပြန့်လာခြင်း၊ သီးနှံစိုက်ခင်းနှင့် သစ်တောသစ်ပင်များ ပျက်စီးခြင်းတို့ကြောင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍကို ဆိုးရွားစွာ ထိခိုက်စေမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ စိုက်ပျိုးမြေများ၊ သစ်တောများနှင့်ရေခဲဖုံးလွှမ်းနေသော တောင်တန်းများထိ သဘာဝဂေဟစနစ်အမျိုးမျိုးကို ပိုင်ဆိုင်ထားသော်လည်း ရေရှည်မထိန်းသိမ်းနိုင်ပါက အချိန်ကာလကြာလာသည်နှင့်အမျှ ရှားပါးဂေဟစနစ်များသည် ပျက်စီးကာ ရာသီဥတုဖောက်ပြန်လာမည်ဖြစ်သည်။

နိုင်ငံဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးလာခြင်း၊ သယံဇာတအရင်းအမြစ်များ ရှားပါးလာခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုများ ဖြစ်ပေါ်လာခြင်းတို့ ကြုံတွေ့လာရမည်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြစ်စေရန်၊ သယံဇာတထုတ်ယူသုံးစွဲမှု လျော့နည်းကျဆင်းလာစေရန် အလေးထားလုပ်ဆောင်သွားရမည်ဖြစ်သည်။ မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်ပြီး အခြေခံစီးပွားရေးမှာ စိုက်ပျိုးရေးဖြစ်သည့်အတွက် အစိမ်းရောင်စီးပွားရေးဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ရေရှည်တည်တံ့အောင် ဖော်ဆောင်သွားရမည်ဖြစ်သည်။ အစိမ်းရောင်စီးပွားရေးဆိုသည်မှာ ကာဗွန်ထုတ်လွှတ်မှုနည်းပါးပြီး နိုင်ငံ၏အရင်းအမြစ်များကိုလည်း ထိရောက်စွာ အသုံးပြုနိုင်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုနှင့်သယံဇာတအရင်းအမြစ် လျော့နည်းရှားပါးမှုကို သိသာထင်ရှားစွာ လျှော့ချပေးနိုင်ပြီး တစ်ဖက်တွင်လည်း နိုင်ငံသူ၊ နိုင်ငံသားတို့၏ လူမှုစီးပွားဘဝမြင့်မားတိုးတက်ရေးတို့ကို ဆောင်ကြဉ်းပေးနိုင်သည့်စီးပွားရေးပင်ဖြစ်သည်။

သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးလာမှုအတွက် ဖြေရှင်းပေးနိုင်သည့် စရိတ်သက်သာပြီး အလွယ်ကူဆုံးနည်းလမ်းမှာ သစ်ပင်များစိုက်ပျိုးခြင်းပင်ဖြစ်သည်။ သစ်ပင်သစ်တောများသည် လူသားတို့ကို အန္တရာယ်ဖြစ်စေသော လေထုထဲမှ ကာဗွန်ဒိုင်အောက်ဆိုဒ်အနံ့ဆိုးများ၊ အဆိပ်အတောက်ဓာတ်ငွေ့များကို စုပ်ယူပြီးအောက်ဆီဂျင်ကို ပြန်ထုတ်ပေးသည်။ ထို့ပြင်သစ်ပင်၏ ပင်စည်နှင့်အမြစ်များသည် မြေအောက်ရေကို သန့်စင်ပေးခြင်း၊ ထိန်းသိမ်းပေးခြင်းတို့ကို သဘာဝအလျောက်ပြုလုပ်ပေးသည်။ အကြောင်းအမျိုးမျိုးဖြင့် သစ်ပင်များကို အကန့်အသတ်မရှိခုတ်လှဲနေကြပြီး အစားထိုးပြန်လည်စိုက်ပျိုးမှုမရှိပါက ရေရှည်တွင် သစ်တောသစ်ပင်များ ပြောက်ကွယ်ကာ ကန္တာရများအဖြစ်သို့ ရောက်ရှိနိုင်သည်။ မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုသည် ၂၀၁၅ ခုနှစ်တွင် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၉၂ ရာခိုင်နှုန်း၊ ၂၀၂၀ ပြည့်နှစ်တွင် ၄၂ ဒသမ ၁၉ ရာခိုင်နှုန်း၊ ၂၀၂၅ ခုနှစ်ပဏာမအစီအရင်ခံစာအရ ၄၂ ဒသမ ၁၅ ရာခိုင်နှုန်းရှိသည်ကို တွေ့ရသည့်အတွက် သစ်တောပြုန်းတီးမှုအနည်းငယ်ရှိနေသည်။ ထို့ကြောင့် ရာသီဥတုမျှတပြီး သစ်တောဂေဟစနစ်ဆိုင်ရာ ဝန်ဆောင်မှုများ ပိုမိုရရှိစေရေးအတွက် နိုင်ငံဧရိယာ၏ ၅၀ ရာခိုင်နှုန်းထိ သစ်တောများဖုံးလွှမ်းစေရန် ရည်မှန်းချက်ထားပြီး အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် စိုက်ပျိုးသည့်အပင်များ တစ်ပင်စိုက် တစ်ပင်ရှင်ရန် လိုအပ်ပေသည်။

နိုင်ငံတစ်ဝန်း သစ်တောဖုံးလွှမ်းမှုတိုးတက်စေရေးအတွက် သစ်တောများပြန်လည်ထူထောင်ရေးစီမံကိန်း၊ အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေးစီမံကိန်း၊ ကမ်းရိုးတန်းဒီရေတောများ ဘက်စုံစီမံအုပ်ချုပ်ခြင်းစီမံကိန်း စသည့်စီမံကိန်းများကို နိုင်ငံတော်၏ရည်မှန်းချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ အလားတူ ကျေးလက်ဒေသများ၌ တစ်ရွာနှစ်ဧကစိုက်ခင်းများ၊ ကျေးရွာထင်းစိုက်ခင်းများနှင့် ဘက်စုံသုံးစိုက်ခင်းများထူထောင်ခြင်း၊ အာဆီယံလမ်းမကြီး လမ်းဘေးဝဲ၊ ယာ၊ ပြည်ထောင်စုလမ်းမကြီး ဘေးဝဲ၊ ယာများတွင် အရိပ်ရအပင်များ၊ တစ်အုပ်တစ်မ သစ်တောငယ်များ စိုက်ပျိုးထူထောင်လျက်ရှိသည်။ ထို့ပြင် ရထားလမ်းဘေး ဝဲ၊ ယာတစ်လျှောက်နှင့် သစ်တောသစ်ပင်ကျဲသည့် တောင်ကုန်းထိပ်များ၊ မြစ်ချောင်းများ၏ ရေဝေရေလဲဧရိယာများနှင့် သဘာဝရေထွက်ဧရိယာများတွင် သစ်ပင်များ စိုက်ပျိုးထိန်းသိမ်းခြင်းကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

"နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့"ဟူသည့် နိုင်ငံတော်၏ မူဝါဒနှင့်အညီ နိုင်ငံတစ်ဝန်းမြို့ပြနှင့် ရပ်ရွာများ၊ ကျေးလက်ဒေသများတွင်ပါ သစ်တောသစ်ပင်များ၊ စိမ်းလန်းစိုပြည်သည့် သစ်တောမြေယာရှုခင်းများ၊ အစိမ်းရောင်ဇရိယာများစဉ်ဆက်မပြတ် တိုးမြှင့်တည်ထောင်ရေးတို့ကို အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်သည်။ လူတိုင်း၊အိမ်ထောင်စုတိုင်း၊ကျေးရွာ၊ ရပ်ကွက်တိုင်း သစ်ပင်စိုက်ပျိုးကြရေး စည်းရုံးလှုံ့ဆော်သွားကြရမည်ဖြစ်သည်။ ထိုသို့ သစ်ပင်များစိုက်ပျိုးရာတွင် လူအား၊ ငွေအားအကုန်ခံပြီး စိုက်ပျိုးထားသည့် သစ်ပင်များကို တစ်ပင်စိုက်တစ်ပင် ရှင်သန်စေရန် ဝိုင်းဝန်းပြုစုပျိုးထောင်သွားကြရမည်ဖြစ်သည်။

သစ်ပင်စိုက်ပျိုးခြင်းသည် ပွဲတော်များ၊ အခမ်းအနားများနှင့် စိုက်ပျိုးခြင်းအပြင် မိမိတို့၏ အိမ်ခြံဝင်း၊ အိမ်ပတ်ဝန်းကျင်၊ ရပ်ရွာဝန်းကျင်၊ လယ်ယာပတ်ဝန်းကျင်၊ စက်ရုံ၊ အလုပ်ရုံဝန်းကျင်၊ လက်လှမ်းမီသောနေရာများတွင် တစ်ဦးချင်းဖြစ်စေ၊ မိသားစုအလိုက်ဖြစ်စေ၊ အဖွဲ့အစည်းလိုက်ဖြစ်စေ တစ်ပင်၊ နှစ်ပင်မှအစ တစ်အုပ်တစ်မတတ်နိုင်သမျှ ရှင်သန်အောင် နှစ်စဉ်စိုက်ပျိုးထူထောင်သွားမည်ဆိုပါက သစ်တောသစ်ပင်တိုးတက်ရေးနှင့် စိမ်းလန်းစိုပြည်ရေးတို့ ဖြစ်ပေါ်လာမည်ဖြစ်သည်။

သစ်ပင်စိုက်ပျိုးခြင်းဖြင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ပြီး သာယာလှပမှုကိုဖြစ်စေသည့်အပြင် ကမ္ဘာကြီးပူနွေးမှုကို လျှော့ချပေးနိုင်သဖြင့် နိုင်ငံတစ်ဝန်းသစ်တောသစ်ပင်များ စနစ်တကျစိုက်ပျိုးထိန်းသိမ်းရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် နိုင်ငံတော်နှင့်အတူပြည်သူလူထုတစ်ရပ်လုံးက ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ မြို့ရွာဒေသများ စိမ်းလန်းစိုပြည်သာယာလှပစေရေး၊ ရာသီဥတုဖောက်ပြန်မှု လျော့နည်းရေးနှင့် ထင်းအစားထိုးနိုင်ရေးအတွက် သစ်ပင်များ စိုက်ပျိုးခြင်း၊ တစ်ပင်စိုက်တစ်ပင်ရှင်သန်ရေးပြုစုခြင်းတို့တွင် နိုင်ငံသူ၊ နိုင်ငံသားတိုင်းပါဝင်ခြင်းတို့ဖြင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

စိမ်းလန်းစိုပြည်ပြီး အေးချမ်းသာယာသည့် ပတ်ဝန်းကျင်ကောင်းနှင့် သဘာဝအရင်းအမြစ်များ ကြွယ်ဝသည့်နိုင်ငံအဖြစ် အနာဂတ်မျိုးဆက်သစ်များကို လက်ဆင့်ကမ်းနိုင်ရန်အတွက် သဘာဝသယံဇာတအမွေအနှစ်များဖြစ်သည့် သစ်တောများ၊ မြစ်များ၊ ချောင်းများ၊ အင်းအိုင်များ၊ လယ်ယာစိုက်ပျိုးမြေများ၊ မြေလွတ်မြေရိုင်းများနှင့် ဂေဟစနစ်များကို စနစ်တကျဝိုင်းဝန်းထိန်းသိမ်းကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# Channel 7 ရုပ်သံလိုင်းနှင့် For You Cinema Application တို့က ပူးပေါင်းတင်ဆက်သည့်ဇာတ်လမ်းတွဲများ မိတ်ဆက်ပွဲအခမ်းအနား ကျင်းပပြုလုပ်



ရန်ကုန် နိုဝင်ဘာ ၁၇

Channel 7 ရုပ်သံလိုင်းနှင့် For You Cinema Application တို့က ပူးပေါင်းတင်ဆက်သည့် ဇာတ်လမ်းတွဲများ မိတ်ဆက်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၆ ရက်က ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ Zealax Hotel ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း အဆိုပါအခမ်းအနားသို့ တက်ရောက်လာသည့် သရုပ်ဆောင် စိုးမိုးကြည်ထံမှ သိရသည်။

အဆိုပါ အခမ်းအနားတွင် Channel 7 ရုပ်သံလိုင်းနှင့် For You Cinema Application တို့က ပူးပေါင်းတင်ဆက်သည့် ဇာတ်လမ်းတွဲ ရှစ်တွဲတွင် ပါဝင်သရုပ်ဆောင်ထားသည့် သရုပ်ဆောင်များနှင့် ဒါရိုက်တာများက မိတ်ဆက်စကားပြောကြားခဲ့သည်။

"တီစိုးက Channel 7 ၊ For You Cinema Application ကနေ ထုတ်လွှင့်ပေးနေတဲ့ ကျွန်မအချစ်ရဆုံးသော ဇာတ်လမ်းတွဲမှာ ပါဝင်ထားပါတယ်။ ဒီဇာတ်လမ်းတွဲက အချစ်ဒရာမာလေးကော အပျော်လေးတွေပါ ပါတယ်။ ဒီကားလေးက အခုလဲ Channel 7၊ For You Cinema Application မှာ ထုတ်လွှင့်နေတာမို့ ကြည့်ရှုအားပေး ဝေဖန်ပေးကြပါအုံး"ဟု သရုပ်ဆောင် စိုးမိုးကြည်က ပြောပြသည်။

အဆိုပါ ဇာတ်လမ်းတွဲများ မိတ်ဆက်ပွဲ အခမ်းအနားတွင် ကျွန်မအချစ်ရဆုံးသော၊ တေလေမှတ်တိုင်၊ သင်တုန်းစား၊ အဆိပ်သင့်ဝိုင်၊ 6/9 ဇာရာ၊ ရေမွှေးကကြိုး၊ အမုန်းမျက်ရည်၊ ကျွန်မချစ်သူ့ယောက်ျား ဇာတ်လမ်းတွဲများကို မိတ်ဆက်ပေးခဲ့ကြောင်း၊ အဆိုပါ မိတ်ဆက်ပွဲအခမ်းအနားသို့ ဇာတ်လမ်းတွဲများတွင် ပါဝင်သရုပ်ဆောင်ထားသည့် သရုပ်ဆောင် အေးချမ်းမောင်၊ ခင်လှိုင်၊ ညီနန္ဒ၊ ဘုန်းလျှံ၊ အုပ်စိုးခန့်၊ မင်းဘုန်းမင်းမြတ်၊ ကောင်းမြတ်စံ၊ မိုးညီ၊ ဘုန်းမင်းနေလ၊ ထက်ထက်ထွန်း၊ ချြ့လေး၊ စိုးမိုးကြည်၊ ဘောဘီမောင်၊ ယမုံမြင့်မြတ်၊ ယွန်းယွန်း၊ မေလသံစဉ်၊ သင်ဇာ၊ ဆုမြတ်နိုးစံ၊ ထက်တွယ်တာမိုး စသည့်သရုပ်ဆောင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ ASH

# The Searchlight ၏ Behemoth၌ သရုပ်ဆောင်သုံးဦး ထပ်မံပါဝင်လာ

နယူးယောက် နိုဝင်ဘာ ၁၇

The Searchlight ရုပ်ရှင်ကုမ္ပဏီ၏ Behemoth ဇာတ်ကား၌ မင်းသမီး အလက်ဆာဆွင်တန်၊ မာဂါရီတာလီဗီဇာနှင့် မင်းသား မက်သရူးလိုင်းလက်ဒ် တို့လည်း ထပ်မံပါဝင်လာကြောင်း နိုဝင်ဘာ ၁၆ ရက် သတင်းများအရ သိရသည်။

Behemoth ဇာတ်ကား၌ အထက်ပါ သရုပ်ဆောင်သုံးဦးတို့သည် မင်းသားပက်ဒရိပ်ခကယ်၊ ဒေးဗစ်ဟာဘာ၊ မင်းသမီး အိုလီဗီယာဝိုင်းတို့နှင့် အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

လက်ရှိအချိန်တွင် Behemoth ဇာတ်ကား၏ ဇာတ်လမ်း ဇာတ်အိမ်အသေးစိတ်ကို The Searchlight ကုမ္ပဏီက ကြေညာခြင်းမရှိသေးပေ။

Behemoth ဇာတ်ကားကို ဒါရိုက်တာ တိုနီဂီချိုင်းက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ညွှန်းကိုလည်း ၎င်းကိုယ်တိုင် ရေးသားထားသည်။

Behemoth ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှု လုပ်ငန်းကို လော့စ်အိန်ဂျလိစ်မြို့တော်၌ စတင်နေပြီ ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားရုံတင်ပြသမည့်နေ့ကို The Searchlight ရုပ်ရှင်ကုမ္ပဏီက ကြေညာထားခြင်းမရှိသေးပေ။

Ref : Sputnik News

Trs : KKO



# တေးသံရှင် အိုင်ရင်းဇင်မာမြင့်၏ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို ပဲခူးမြို့နယ်ရှိ Secret Garden Bar & Grill တွင် ပြုလုပ်သွားမည်

ရန်ကုန် နိုဝင်ဘာ ၁၇

တေးသံရှင် အိုင်ရင်းဇင်မာမြင့်၏ တစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲကို ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ Secret Garden Bar & Grill တွင် ပြုလုပ်သွားမည် ဖြစ်ကြောင်း တေးသံရှင်အိုင်ရင်းဇင်မာမြင့်ထံမှ သိရသည်။

အဆိုပါ တေးသံရှင်အိုင်ရင်းဇင်မာမြင့်၏ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို Secret Garden Bar & Grill ၌ နိုဝင်ဘာ ၂၂ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ပြီး Secret Garden Bar & Grill ၏ ပင်တိုင်တေးဂီတအဖွဲ့ဖြစ်သည့် ECHO Music Band တေးဂီတအဖွဲ့ကအကောင်းဆုံး ပံ့ပိုးကူညီ တီးခတ်ပေးသွားမည် ဖြစ်ကြောင်း




သိရသည်။

"နိုဝင်ဘာ ၂၂ ရက်မှာ ပဲခူးက Secret Garden Bar & Grill မှာ တစ်ကိုယ်တော် သီဆိုဖျော်ဖြေပေးဖို့ရှိပါတယ်။ တီးဝိုင်းကတော့ ECHO Music Band ပါ။ Shining Star Dancer Crew ကလဲ အားဖြည့်ပေးမှာဖြစ်ပြီးတော့ M3 Jody DJ ရဲ့ ဖျော်ဖြေမှုတွေလဲ ပါမှာပါ"ဟု တေးသံရှင် အိုင်ရင်းဇင်မာမြင့်က ပြောပြသည်။

တေးသံရှင် အိုင်ရင်းဇင်မာမြင့်၏ တစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲကို Secret Garden Bar & Grill တွင် နိုဝင်ဘာ ၂၂ ရက် ညနေ ခုနစ်နာရီမှ ည ၁၁ နာရီထိ ပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။ ASH

# FilmNation ၏ Bunker ဇာတ်ကား၌ မင်းသား ပက်ထရစ်ရှဝါဇင်နက်ဂါ ပါဝင်မည်

နယူးယောက် နိုဝင်ဘာ ၁၇

FilmNation ရုပ်ရှင်ကုမ္ပဏီ၏ Bunker အမည်ရှိ ရုပ်ရှင်ဇာတ်ကား၌ မင်းသား ပက်ထရစ်ရှဝါဇင်နက်ဂါလည်း ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း နိုဝင်ဘာ ၁၆ ရက် သတင်းများအရသိရသည်။

Bunker ဇာတ်ကားတွင် မင်းသား ပက်ထရစ်ရှဝါဇင်နက်ဂါသည် မင်းသား ဇဗီယာဘာဒမ်၊ မင်းသမီးပင်နလော့ခရစ်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Bunker ဇာတ်ကားသည် လူချမ်းသာတစ်ဦးအတွက် မြေအောက်ဘန်ကာတစ်ခု တည်ဆောက်ရန် တာဝန်ယူထားရသော အင်ဂျင်နီယာတစ်ဦး၏ အဖြစ်ကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည့် လျှို့ဝှက်သည်းဖိုဇာတ်ကားဖြစ်သည်။

Bunker ဇာတ်ကားကို ဒါရိုက်တာ ဖလော်ရီယန်ဇယ်လာက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကိုလည်း ၎င်းကိုယ်တိုင်ရေးသားထားသည်။

မင်းသား ပက်ထရစ်ရှဝါဇင်နက်ဂါ နောက်ဆုံးသရုပ်ဆောင်ထားသောဇာတ်ကားမှာ Amazon MGM စတူဒီယို၏ Love of Your Life ဇာတ်ကားဖြစ်သည်။

Bunker ဇာတ်ကား ရိုက်ကူးမည့်နေ့နှင့် ရုံတင်ပြသမည့်နေ့ကို ကြေညာခြင်း မရှိသေးပေ။

Ref : Russia Today

Trs : KKO



# ကံဆက်ကန် မြန်မာရုပ်သံဇာတ်လမ်းတွဲကို CANAL + အခပေးရုပ်သံလိုင်းမှ လာမည့် ဒီဇင်ဘာ ၁ ရက်မှ စတင်ထုတ်လွှင့်သွားမည်ဖြစ်

ရန်ကုန် နိုဝင်ဘာ ၁၇

CANAL+ Myanmar FG နှင့် FG Series Production တို့ ပူးပေါင်း စီစဉ် ရိုက်ကူးထုတ်လုပ်သည့် ကံဆက်ကန် မြန်မာရုပ်သံဇာတ်လမ်းတွဲကို CANAL+ အခပေးရုပ်သံလိုင်းမှ လာမည့်ဒီဇင်ဘာ ၁ ရက်မှစတင်ကာ ထုတ်လွှင့်တင်ဆက်သွားမည် ဖြစ်ကြောင်း အဆိုပါကံဆက်ကန် မြန်မာရုပ်သံဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ချိုပြုံးထံမှ သိရသည်။

အဆိုပါ ကံဆက်ကန် မြန်မာရုပ်သံဇာတ်လမ်းတွဲ၏ ဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို လင်း၊ ယမင်းဖြိုးဝေတို့က ရေးသားထားကြပြီး ဒါရိုက်တာ ထွန်းထက်အာကာဗိုနှင့် လက်ထောက်ဒါရိုက်တာ ကျော်မျိုးသူတို့က ဖန်တီးရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

"ရေကန်တွေနဲ့ပတ်သက်ပြီးတော့ ငယ်ငယ်တည်းက မေချိုတို့ ကြားဖူးတာလေးရှိပါတယ်။ ဒီရေကန်ကလူစားတယ်လို့၊ ဘယ်နနှစ်တစ်ခါလူလဲတယ်လို့၊ ဒီရေကန်မှာ ကန်စောင့်ရှိတယ် ဆိုတာမျိုးပေါ့။ ဒီဇာတ်လမ်းတွဲမှာလဲ ဒီလိုပုံစံမျိုးနဲ့ လူသိများနေတဲ့ ရေကန်ကြီးတစ်ကန်နားမှာဖြစ်ပွားခဲ့တဲ့ လူသတ်မှုတစ်ခုကနေပြီး ဒီဇာတ်လမ်းတွဲ ဖြစ်ပေါ်လာတာပေါ့။ ဒီဇာတ်လမ်းတွဲထဲမှာ စိတ်လှုပ်ရှားစရာ၊ ကြောက်စရာ၊ ကြေကွဲစရာ အကြောင်းအရာပေါင်းစုံပါဝင်တဲ့ လျှို့ဝှက်သည်းဖို မှုခင်းဇာတ်လမ်းတွဲကြီးကို CANAL+တစ်နေရာတည်းမှာပဲ ကြည့်ရှုနိုင်မှာဖြစ်ပါတယ်"ဟု သရုပ်ဆောင် ချိုပြုံးက ပြောပြသည်။

ကံဆက်ကန် မြန်မာရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ကျော်ဆု၊ ဟိန်းရာဇ၊ နေဝန်း၊ မင်းမြတ်သုခ၊ လွန်းဝေယံထက်၊ သက်ထက်၊ ခန့်ကျော်ကောင်း၊ စိုင်းဖေယျ၊ ရာဇာထွန်း၊ နေနေ၊ အရိုင်း၊ ထူးသာ၊ ဂျိုကာ၊ အေးမြတ်သူ၊ ပန်ဆု၊ ပန်သုခ၊ ယုဝိုင်းရွှေရည်၊ ဥဩသံသာ၊ ချိုပြုံး၊ ခင်မို့မို့အေး၊ ကလေးသရုပ်ဆောင် ရွှန်းလဲ့ဝတီနိုင်နှင့် အခြားအနုပညာရှင်များစွာ ပါဝင်ထားကြောင်း သိရသည်။ ASH

# Acting President of Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing attends opening ceremony of 60th Myanmar Gems Emporium




Senior General Min Aung Hlaing watches the documentary video featuring jade lots for the 60th Myanmar Gems Emporium.



Senior General Min Aung Hlaing inspects a private jewelry shop at the 60th Myanmar Gems Emporium in Nay Pyi Taw.



Senior General Min Aung Hlaing inspects a jade lot at the 60th Myanmar Gems Emporium in Nay Pyi Taw.

**Nay Pyi Taw November 17**

The opening ceremony of the 60th Myanmar Gems Emporium was held at the Mani Yadana Jade Hall in Nay Pyi Taw this morning and Acting President of the Republic of the Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing graced the ceremony.

Also present were Member of the commission Prime Minister U Nyo Saw, Secretary of the commission Joint Executive Chief General Ye Win Oo, members of the commission, union ministers and union-level officials, the chairman of Nay Pyi Taw Council, senior officers from the Office of the Commander-in-Chief of Defence Services, the commander of Nay Pyi Taw Command, departmental officials, officials from the Myanmar Gems and Jewellery Entrepreneurs Association, invited guest and local and foreign gems entrepreneurs.

First, the Senior General and attendees watched the documentary video depicting Myanmar pearl production and sales, production of jewellery and preparations for the 60th Myanmar Gem Emporium.

Then, the Senior General and attendees inspected jade lots, gems lots and pearl lots displayed in the hall and the Senior General gave necessary instructions on reports of officials.

Afterward, the Senior General and party inspected the sale booths of finished jewellry of private gems entrepreneurs and jade lots displayed outside the hall.



Senior General Min Aung Hlaing inspects a jade lot at the 60th Myanmar Gems Emporium in Nay Pyi Taw.

The emporium will continue until 26 November and 5,064 lots of jade, 21 lots of refined jade, 13 lots of raw gems, 147 lots of jewelry and 489 lots of pearls will be on sale to local and foreign gems merchants through open bidding tender system in US dollars, Euros, Yuans, Thai Bahts and other foreign currencies that are accepted by the Central Bank of Myanmar. 100

# S. Korea offers to hold military talks with DPRK

**Seoul November 17**

South Korea offered Monday to hold military talks with the Democratic People's Republic of Korea (DPRK) to prevent accidental clashes and ease military tensions along the inter-Korean border.

Kim Hong-cheol, deputy defense minister for national defense policy, said in a statement that some of the DPRK troops recently continued to cross the military demarcation line (MDL) inside the demilitarized zone (DMZ) and encroach upon the South Korean areas while building tactical roads and fences and laying landmines around the MDL.

Kim said the South Korean military continued its response to the DPRK troops' encroachment through warning broadcasts and warning shots.

Xinhua

# Pwintbyu Township plants more than 200 acres of vegetables as cold season crops


A vegetable plantation.

**Pwintbyu November 17**

Pwintbyu Township Agriculture Department of Magway Region stated that local farmers have planted 284 acres of vegetables as cold season crops in the township.

In Pwintbyu Township, it is planned to cultivate 1,745 acres of vegetables during this year's winter crop season, and cultivation began in October. As of now, 284 acres have been planted. The Township Agriculture Department, in cooperation with local farmers, is making efforts to meet the planned target, according to reports.

"This winter crop season, our plan for Pwintbyu Township is to grow vegetables on 1,745 acres, and as of today, cultivation has been completed on 284 acres. We will continue efforts to meet the full target. To ensure food safety, we are encouraging farmers to grow vegetables under the **Good Agricultural Practices (GAP) system, with minimal use of chemical fertilizers. We are also providing necessary technical support and guidance," said Daw Moe Moe Wai, Head of the Pwintbyu Township Agriculture Department.

During this winter crop season, the Township Agriculture Department has been helping vegetable farmers to expand their cultivation areas, increase yields, and apply the GAP system correctly by conducting technical training courses and awareness programmes on proper cultivation methods and pest and disease prevention.

Daw Moe Moe Wai added that if vegetables are cultivated with good yields and quality, it would be sufficient to meet local consumption needs, and the surplus could be sold for income, thereby improving the livelihoods and socio-economic status of local residents. Therefore, efforts are being made to further expand vegetable cultivation in the township.

Ye Win Naing (NyaungU)

# Phaungpyin Township cultivates over 2,000 acres of winter vegetables

**Phaungpyin November 17**

More than 2,000 acres of vegetables have been planted in Phaungpyin Township in this year winter crops planting season, according to the statistics of the Department of Agriculture for Mawlaik District.

During the 2025-2026 winter crops planting season, 3,906 acres of vegetables have been planned in Phaungpyin Township, and planting has started since October this year, and 2,030 acres have been planted to date.

"The vegetable growers planted mustards, chili, spices, potatoes, eggplant, and cabbages. We provide farmers with technology to grow all vegetables according to the GAP system. We provide farmers with technology to grow all vegetables with the least chemical residues and in a way that is healthy," said Daw Kywe Kywe Hlaing, head of the Department of Agriculture for Mawlaik District.

The Township Agriculture Department is providing technical training to the vegetable growers in Phaungpyin Township to grow vegetables using the GAP system, providing technologies to make the vegetables produced from the fields healthy, and helping farmers expand their vegetable cultivation.

206


A vegetable farm.

# More than 27,000 acres of groundnut planted in Myinmu Township

**Myinmu November 17**

Statistics of Sagaing District Agriculture Department mentioned that local farmers grew more than 27,000 acres of groundnut in Myinmu Township of Sagaing Region.

During the 2025–2026 winter crop season, it is planned to cultivate 30,100 acres of groundnut in Myinmu Township. Cultivation began in October, and as of today, 27,878 acres have already been planted.

"This winter crop season, more than 30,000 acres of groundnut cultivation is planned for Myinmu Township. As of now, over 27,000 acres have been planted. We are working to ensure the planned target is fully met. Groundnut cultivation has been progressing successfully, and as an oilseed crop, it continues to show strong performance. Each year, the cultivation of groundnut in the township has been steadily improving," said Daw Myat Moe Win, Head of the Sagaing District Agriculture Department.

In Myinmu Township, it is learned that one and a half baskets of seeds are used per acre for groundnut cultivation, with production costs exceeding K200,000 per acre, including seed costs, labor, fertilizers, and pesticides. The average yield per acre is reported to be over 50 baskets.

To ensure successful cultivation in Myinmu Township, staff from the Township Agriculture Department are conducting field inspections and recording field monitoring reports to help farmers maintain good crop growth, prevent pest and disease infestations, and keep the fields free of weeds.

206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Farmers reap more than 14,000 acres of rainfed paddy in Myaungmya Township

**Myaungmya November 17**

Local farmers have harvested 14,551 acres of rainfed paddy in Myaungmya Township of Ayeyawady Region, said Daw Khin Htay Myint, Head of Myaungmya District Agriculture Department.

In Myaungmya Township, a total of 165,738 acres of paddy were cultivated during this year's monsoon cropping season. Harvesting of these paddy fields began in the second week of October, and 145,511 acres have been harvested so far. The harvested monsoon paddy has reportedly yielded 103.29 baskets per acre on average.

"Myaungmya cultivated a total of 165,738 acres of monsoon paddy this year. Harvesting of the crops is now underway, and more than 14,500 acres have already been harvested so far. Efforts are being made to complete the harvesting of all remaining paddy fields. Before the planting season began, the Department of Agriculture had provided advance technical assistance for proper cultivation methods. In addition, fertilizers needed to ensure good yields of the monsoon paddy grown by local farmers were also supplied.

Technical awareness activities were conducted in the field to ensure that the fertilizers were applied correctly in line with good agricultural practices. The paddy currently being harvested is showing satisfactory yields and good grain quality," said Daw Khin Htay Myint, head of the Myaungmya District Department of Agriculture.

To achieve full cultivation and harvest of this year's monsoon paddy as planned, local farmers have been supported through the Department of Agriculture, the Department of Irrigation and Water Utilization Management, the Department of Agricultural Mechanization, and administrative bodies, working in coordination.

Kyaw Kyaw Lin

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဂျာမနီနှင့် ဥရောပတို့ တန်ပြန်ဒရုန်းတိုက်ခိုက်ရေး ဒုံးကျည်စနစ်သစ်ကို ပူးတွဲထုတ်လုပ်ရန် သဘောတူစာချုပ်ချုပ်ဆို



ဥရောပဒုံးကျည် ထုတ်လုပ်ရေးကုမ္ပဏီဖြစ်သည့် MBDA ကုမ္ပဏီနှင့် ဂျာမနီနိုင်ငံ၏ Bundeswehr Equipment၊ Information Technology and In-Service Support (BAAINBw) အဖွဲ့အစည်းတို့သည် DefendAir တန်ပြန်ဒရုန်းတိုက်ခိုက်ရေး ဒုံးကျည်စနစ်သစ်ကို ပူးတွဲထုတ်လုပ်ရန် သဘောတူစာချုပ်ချုပ်ဆိုခဲ့ကြောင်း နိုဝင်ဘာ ၁၂ ရက် Defence Blog သတင်းဌာန၏ ထုတ်ပြန်ချက်အရ သိရှိရသည်။

MBDA ကုမ္ပဏီ၏ ထုတ်ပြန်ချက်အရ ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၀ ရက်တွင် လက်မှတ်ရေးထိုးခဲ့သော ၎င်းသဘောတူညီချက်တွင် Schrobenhausen မြို့ရှိ စက်ရုံများတွင် DefendAir ဒုံးကျည်ကို တီထွင်ခြင်းနှင့် အကြီးစားထုတ်လုပ်ခြင်းများပါဝင်သည်။

DefendAir ဒုံးကျည်များကို သမားရိုးကျလေကြောင်းရန် ကာကွယ်ရေးစနစ်များတွင် တပ်ဆင်အသုံးပြု၍ တန်ပြန်ရန် ခက်ခဲသည့် ဒရုန်းအုပ်စုပုံစံများအပါအဝင် သေးငယ်ပြီး လျင်မြန်စွာ ရွေ့လျားနေသည့်ဒရုန်းများကို ကြားဖြတ်တိုက်ခိုက်နိုင်ရန် ဒီဇိုင်းထုတ်လုပ်ထားခြင်းဖြစ်ကြောင်း MBDA ကုမ္ပဏီက ထုတ်ပြန်ခဲ့သည်။ ထို့ပြင် ၎င်းဒုံးကျည်သစ်သည် ဂျာမနီနိုင်ငံ၏ လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့များအတွက် စွမ်းဆောင်ရည်ကောင်းများပေးစွမ်းနိုင်ပြီး ခေတ်သစ်လေကြောင်းဆိုင်ရာ ခြိမ်းခြောက်မှုများကို ကာကွယ်မှုမြှင့်တင်ပေးနိုင်သည်။

"DefendAir ဒုံးကျည်သည် ဒရုန်းကာကွယ်ရေးနယ်ပယ်၏ အပြောင်းအလဲကြီးတစ်ခုဖြစ်ကြောင်းဟု MBDA ကုမ္ပဏီ၏ Executive Group Director Strategy နှင့် MBDA Deutschland GmbH ၏ မန်နေဂျင်းဒါရိုက်တာဖြစ်သူ Thomas Gottschild က ပြောကြားခဲ့သည်။

DefendAir ဒုံးကျည်သည် European Sky Shield Initiative (ESSI) အတွက် ဂျာမနီနိုင်ငံ၏ ပံ့ပိုးမှုတစ်စိတ်တစ်ပိုင်းဖြစ်ပြီး မိတ်ဖက်နိုင်ငံများ၏ စိတ်ဝင်စားမှုကို အခိုင်အမာရရှိပြီးဖြစ်ကြောင်း Gottschild က ပြောကြားခဲ့သည်။ DefendAir ဒုံးကျည်သည် ဂျာမနီ (Bundeswehr) တပ်ဖွဲ့၏ တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးအတွက် နိုင်ငံတော်လိုအပ်ချက်များကို ပြည့်မီစေသည့်အပြင် ကုမ္ပဏီ၏ ကမ္ဘာလုံးဆိုင်ရာ လက်နက်ပစ္စည်းစုစည်းမှုတွင် ချောမွေ့စွာ အံဝင်ခွင်ကျဖြစ်ကြောင်း MBDA ကုမ္ပဏီက ထုတ်ပြန်ထားရှိသည်။ ၎င်းဒုံးကျည်သည် Sky Warden စနစ်၊ Mistral စနစ်နှင့် CAMM ဒုံးကျည်ကဲ့သို့သော စနစ်များနှင့်အတူ MBDAကုမ္ပဏီ၏ ပေါင်းစည်းလေကြောင်းရန်ကာကွယ်ရေး ဖြေရှင်းချက်များကို တိုးချဲ့ပေးမည်ဖြစ်သည်။

ယနေ့ပဋိပက္ခများတွင် ဒရုန်းများအသုံးပြုမှုတိုးလာခြင်းကို တန်ပြန်ရန် ဂျာမနီနိုင်ငံ၏ အသင့်အနေအထားဖြစ်မှုကို အားကောင်းစေရန်နှင့် ပစ္စည်းပေးပို့မှုအချိန်ဇယားများကို အရှိန်မြှင့်တင်နိုင်ရန်အတွက် စာချုပ်မချုပ်ဆိုမီကတည်းကပင် ကနဦးတီထွင်မှုလုပ်ငန်းများကို စတင်ခဲ့ပြီးဖြစ်ကြောင်း MBDA ကုမ္ပဏီက ပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်ကြားတွင် MBDA ကုမ္ပဏီသည် ဥရောပတစ်ဝန်းရှိ ၎င်း၏ စက်ရုံများတွင် ဒုံးကျည်ထုတ်လုပ်မှုစွမ်းရည်ကို နှစ်ဆတိုးမြှင့်ခဲ့ပြီးဖြစ်ကာ ထုတ်လုပ်မှုပမာဏကို ပိုမိုမြှင့်တင်ရန်အတွက် ၂၀၂၅ ခုနှစ်မှ ၂၀၂၉ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၈ ဘီလီယံ ထပ်မံရင်းနှီးမြှုပ်နှံရန် စီစဉ်ထားရှိကြောင်း သိရှိရသည်။ ယခင်က Small Anti-Drone Missile ဟု လူသိများသော DefendAir ဒုံးကျည်သည် တာတိုပျံသန်းနိုင်သောဒရုန်းများကို ကြားဖြတ်တိုက်ခိုက်နိုင်ရန်အတွက် အရွယ်အစားသေးငယ်ပြီး တိကျသော လမ်းညွှန်မှုစနစ်တို့ကို ပေါင်းစပ်ထားရှိသည်။ ၎င်း၏ မော်ဂျူလာဒီဇိုင်းသည် မြေပြင်အခြေစိုက်လေကြောင်းရန်ကာကွယ်ရေး ပလက်ဖောင်းများတွင် ပေါင်းစည်းအသုံးပြုနိုင်ပြီး ဂျာမနီနိုင်ငံနှင့် မဟာမိတ်နိုင်ငံများအတွက် လိုက်လျောညီထွေမှု ဖြစ်စေနိုင်ကြောင်း သိရှိရသည်။

**Germany signs deal with MBDA for new anti-drone missile ကို ဘာသာပြန်ဆိုထားပါသည်။**

## တူကီယဲ ASELSAN ကုမ္ပဏီက Steel Domeကို အဆင့်မြှင့်တင်ရန် တူကီယဲအစိုးရနှင့် စာချုပ်ချုပ်ဆိုခဲ့

တူကီယဲနိုင်ငံပိုင် ကာကွယ်ရေးအီလက်ထရွန်နစ် နည်းပညာကုမ္ပဏီကြီးဖြစ်သော ASELSAN သည် ပေါင်းစည်းလေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေးစနစ်ဖြစ်သည့် Steel Dome ကို အဆင့်မြှင့်တင်မှုများပြုလုပ်ရန်အတွက် တူကီယဲအစိုးရနှင့်အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံတန်ဖိုးရှိ စာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း နိုဝင်ဘာ ၁၁ ရက်တွင် Turkish Century X အကောင့်မှတစ်ဆင့် ကြေညာခဲ့သည်။

ဤသဘောတူညီချက်သည် နယ်စပ်တစ်လျှောက် တင်းမာမှုများမြင့်တက်လာချိန်တွင် တူကီယဲနိုင်ငံ၏ မိမိကိုယ်ကိုအားကိုးသော၊ အလွှာလိုက်လေကြောင်းရန် ကာကွယ်ရေးတည်ဆောက်ရန် ဆုံးဖြတ်ချက်ကို ထင်ဟပ်စေသည်။ မကြာသေးမီနှစ်များအတွင်း အကြီးမားဆုံးသော ပြည်တွင်းကာကွယ်ရေးရင်းနှီးမြှုပ်နှံမှုများထဲမှ တစ်ခုဖြစ်ပြီး၊ ဆယ်စုနှစ်အတွင်း Steel Dome စနစ်ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အသုံးပြုရန် ရည်ရွယ်ချက်ကို ဖော်ပြနေသည်ဟု လုပ်ငန်းခွဲ လေ့လာသုံးသပ်သူများက ပြောဆိုကြသည်။

Steel Dome စီမံကိန်းသည် တူကီယဲနိုင်ငံ၏ အလွှာပေါင်းစုံပါဝင်သော လေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေးစနစ်ဖြစ်ပြီး နိုင်ငံတော်၏ လေပိုင်နက်တစ်ခုလုံးကို ကျယ်ကျယ်ပြန့်ပြန့် ကာကွယ်ပေးရန်နှင့် အရေးပါသည့် အခြေခံအဆောက်အအုံများ၊ မြို့ပြဧရိယာများ၊ စက်မှုဇုန်များနှင့် စစ်ဘက်အခြေစိုက်စခန်းများကို ခုခံကာကွယ်ရန် စီမံဖန်တီးထားခြင်းဖြစ်သည်။ သမားရိုးကျ ပုံစံကာကွယ်ရေးစနစ်များနှင့်မတူဘဲ Steel Dome သည် အသေးစား ဒရုန်းများ၊ loitering munitions များ၊ ခရုဇ်ဒုံးကျည်များနှင့်တာတိုပစ် ပဲ့ထိန်းဒုံးကျည်များ အပါအဝင် ခြိမ်းခြောက်မှုအမျိုးမျိုးကို ကြားဖြတ်ဟန့်တားနိုင်စွမ်းရှိသော၊ လုံးဝပေါင်းစည်းထားသော၊ ရွေ့လျားနိုင်သော တည်ဆောက်မှုပုံစံတစ်ခုဖြစ်သည်။



တူကီယဲကာကွယ်ရေးဆိုင်ရာ အဖွဲ့အစည်းများ၏ အနီးကပ်ပူးပေါင်းဆောင်ရွက်မှုဖြင့် ASELSAN ကုမ္ပဏီမှ တီထွင်ထုတ်လုပ်ထားသော ရေဒါများ၊ Electro-Optical အာရုံခံကိရိယာများ၊ ပစ်ခတ်မှု ယူနစ်များနှင့်ကွပ်ကဲမှုစနစ်များကို ဗဟိုထိန်းချုပ်ထားသော စစ်ပွဲစီမံခန့်ခွဲမှုစနစ်တစ်ခုထဲသို့ ပေါင်းစည်းထားသည်။ Steel Dome ကာကွယ်ရေးကွန်ရက်အတွင်းရှိ အဓိကစနစ်များမှာ HiSAR-A+၊ HiSAR-O+၊ SiPER၊ GuRZ၊ KORKUT နှင့် SUNGUR တို့ပါဝင်ပြီး စနစ်တစ်ခုစီတိုင်းသည် သတ်မှတ်ထားသော အမြင့်နှင့် အကွာအဝေးအတိုင်းအတာများအတွင်း လည်ပတ်ဆောင်ရွက်သည်။

ဤစာချုပ်အရ တူကီယဲနိုင်ငံသည် နောက်ထပ်ရေဒါနှင့် ဒုံးပစ်စင်စနစ်များ၊ အဆင့်မြင့်အာရုံခံပေါင်းစည်းမှု မော်ဂျူးများနှင့် ဉာဏ်ရည်တုနည်းပညာဖြင့် လည်ပတ်သည့် အဆင့်မြှင့်တင်ထားသည်။ ဤအစိတ်အပိုင်းများ အစုလိုက်အပြုံလိုက်ထုတ်လုပ်မှုကို တူကီယဲနိုင်ငံ၏ မြို့တော်အန်ကာရာမြို့ရှိ ASELSAN ၏ စက်ရုံတွင် ထုတ်လုပ်ရန်စီမံထားပြီး၊ တိုးချဲ့တည်ဆောက်ထားသည့် Ogulbey Technology Valley စက်ရုံတွင်လည်း ထုတ်လုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

**ASELSAN Wins $1.3B Deal to Enhance Turkiye's Steel Dome New Air Defence System ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၁၁၃၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကလေး နိုဝင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၁၁၃၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကလေးခရိုင်တွင် ထောပတ်ပဲ ဧက ၃၂၅၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ တတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကလေးမြို့နယ်တွင် ၁၀၅၄ ဧက၊ မင်းကင်းမြို့နယ်တွင် ၈၂ ဧက စုစုပေါင်း ၁၁၃၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကလေးခရိုင်မှာ ထောပတ်ပဲ ဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့မှာ ဧက ၁၀၀၀ ကျော်ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ထောပတ်ပဲစိုက်ပျိုးမှုကတော့ ဖြစ်ထွန်းအောင်မြင်ကြပါတယ်"ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

ကလေးခရိုင်တွင် ထောပတ်ပဲစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကလေးမြို့နယ်တွင် ၂၃၁၁ ဧက၊ မင်းကင်းမြို့နယ်တွင် ၉၃၉ ဧက စုစုပေါင်း ဧက ၃၂၅၀ တို့ဖြစ်ကြောင်း သိရသည်။

ကလေးခရိုင်တွင် ပဲမျိုးစုံစိုက်ပျိုးကြသော တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် သီးနှံအထွက်နှုန်း တိုးတက်ရန်၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးကြရန်အတွက် လိုအပ်သည့် နည်းပညာများကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပြီး သီးနှံများ ပိုးမွှားရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် သဘာဝမြေသြဇာပြုလုပ်သုံးစွဲရေး အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထောပတ်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် တိုးချဲ့စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ထောပတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းကြရမည် ဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြ၍ သိရသည်။

(၂၀၆)




# ပျော်ဘွယ်မြို့နယ် ကျောက်အိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



**ပျော်ဘွယ် နိုဝင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောက်အိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ စတုတ္ထအကြိမ်ထုတ်ချေးခြင်းကို နိုဝင်ဘာ ၁၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပျော်ဘွယ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့်တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်း ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၄၂၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ ကျေးရွာတာဝန်ရှိသူများက ကျောက်အိုးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၃ ဦးကို ငွေကျပ် ၁၈၈ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၃၀ ကို ငွေကျပ် ၂၃၂ သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၆၃ ဦးအတွက် မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၄၂၀ ကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးခေါင်းပွ ပိဿာချိန် ၇၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ညောင်တုန်း နိုဝင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်း ငါးခေါင်းပွ ပိဿာချိန် ၇၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးသူဇာက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက ငါးခေါင်းပွ ပိဿာချိန် ၅၃၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာအတွင်း ငါးခေါင်းပွပိဿာချိန် ၇၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ငါးခေါင်းပွများ အပါအဝင် အခြားရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"ဒီဘက်ကနေ ငါးခေါင်းပွတွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေတာပါ။ ပြီးခဲ့တဲ့လအတွင်း ငါးခေါင်းပွတွေ အများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒါကြောင့် ငါးလုပ်ငန်းရဲ့ နယ်ပယ်အသီးသီးကသူတွေ



အဆင်ပြေနေပါတယ်"ဟု ညောင်တုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးသူဇာက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ထွက်ရှိသည့် ငါးခေါင်းပွများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် နေပြည်တော်နှင့်အခြားဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါငါးများ နေ့စဉ်တင်ပို့ရောင်းချလာရသည့်အတွက် ငါးမွေးမြူရေးလုပ်ငန်းရှင်များ၊ ရေလုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်း ပိုမိုကောင်းမွန်လာကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မိုင်းယန်းမြို့နယ် ပန်းဆောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**မိုင်းယန်း နိုဝင်ဘာ ၁၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းခရိုင် မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပန်းဆောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို နိုဝင်ဘာ ၁၆ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်၊ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းနှင့် ခရိုင်၊ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ပန်းဆောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုနှင့် လအလိုက် ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးရန်ကျော်က လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ ပန်းဆောင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄ ဦးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ ကို အတိုးနှုန်း သက်သာစွာဖြင့် ထုတ်ချေးပေးထားကြောင်း မိုင်းယန်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်က ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**








ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ မြန်မာ့ပုလဲများထုတ်လုပ်မှုနှင့် ရောင်းချနိုင်မှု၊ ကျောက်မျက်ရတနာပစ္စည်းများထုတ်လုပ်မှုနှင့် အကြိမ် ၆၀ မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲအခမ်းအနားကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ခဲ့မှုဗီဒီယိုမှတ်တမ်းကို ကြည့်ရှုစဉ်။

**ရှေ့ဖုံးမှအဆက်**

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် မြန်မာ့ပုလဲများထုတ်လုပ်မှုနှင့် ရောင်းချနိုင်မှု၊ ကျောက်မျက်ရတနာပစ္စည်းများထုတ်လုပ်မှုနှင့် အကြိမ် ၆၀ မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲအခမ်းအနားကျင်းပနိုင်ရေးပြင်ဆင်ဆောင်ရွက်ခဲ့မှုဗီဒီယိုမှတ်တမ်းကို ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး

အကြိမ် ၆၀ မြောက်
မြန်မာ့ကျောက်မျက်ရတနာပြပွဲ
ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။



# ၂၀၂၄ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၇

၂၀၂၄ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိတပ်မတော်အားကစားရုံ(A) ရုံ၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုယ်စား တပ်မတော်အားကစားနှင့် ကာယပညာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် တက်ရောက်သည်။

အဆိုပါအခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးနှင့်နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) ရုံး၊ ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများတက်ရောက်ကြသည်။

ဦးစွာ ၂၀၂၄ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းတို့ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းက ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်းကို ၁၁ ဂိုး နှစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ထို့နောက် ၂၀၂၄ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဖူဆယ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ရာ ပွဲစဉ်တစ်လျှောက် တစ်ဦးချင်းနေရာလိုက် အကောင်းဆုံးဆုများဖြစ်သည့် အကောင်းဆုံးကစားသမားဆု၊ အကောင်းဆုံးဂိုးသမားဆု၊ ဂိုးသွင်းအများဆုံးဆုရရှိသူများနှင့် ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိသည့်အသင်းများ၊ အသန့်ရှင်းဆုံးအသင်းဆု ရရှိသည့်အသင်းများကို တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများကို အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုယ်စား တပ်မတော်အားကစားနှင့် ကာယပညာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်က ၂၀၂၄ ခုနှစ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဖူဆယ်ပြိုင်ပွဲတွင် ပထမဆုဆွတ်ခူးရရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းကို တံခွန်စိုက်ဆုဖလား၊ ဆင့်ပွားဖလားနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ ၂၀၂၄ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဖူဆယ်ပြိုင်ပွဲကို နိုဝင်ဘာ ၅ ရက်မှ ယနေ့ထိ ပြိုင်ပွဲဝင်အသင်း ၁၄ သင်းဖြင့် ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုယ်စား တပ်မတော်အားကစားနှင့် ကာယပညာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် ပထမဆုဆွတ်ခူးရရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို တံခွန်စိုက်ဆုဖလား၊ ဆင့်ပွားဖလားနှင့် ငွေသားဆုများပေးအပ်ချီးမြှင့်စဉ်။



၂၀၂၄ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အကြိမ် ၆၀ မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ရောင်းချရန် မဏိရတနာကျောက်စိမ်းခန်းမအတွင်းပြသထားသော ကျောက်စိမ်း၊ ကျောက်မျက်အတွဲများနှင့် ပုလဲအတွဲများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

ကော်မရှင်ဥက္ကဋ္ဌနှင့်အခမ်းအနားတက်ရောက်လာကြသူများသည် အကြိမ် ၆၀ မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ရောင်းချရန် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ပြသထားသော ကျောက်စိမ်း၊ကျောက်မျက်အတွဲများနှင့် ပုလဲအတွဲများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပုဂ္ဂလိက ကျောက်မျက်ရတနာအချောထည် အရောင်းပြခန်းများ ဖွင့်လှစ်ရောင်းချနေမှုကို လိုက်လံကြည့်ရှုအားပေးပြီး ခန်းမအပြင်ဘက်တွင် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းရိုင်းအတွဲများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

အဆိုပါ အကြိမ် ၆၀ မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုဝင်ဘာ ၂၆ ရက်ထိကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ကျောက်စိမ်းရိုင်းအတွဲ ၅၀၆၄ တွဲ၊ ကျောက်စိမ်းအချောထည်အတွဲ ၂၁ တွဲ၊ ကျောက်မျက်ရိုင်းအတွဲ ၁၃ တွဲ၊ ကျောက်မျက်လက်ဝတ်ရတနာအတွဲ ၁၄၇ တွဲ၊ ပုလဲအတွဲ ၄၈၉ တွဲတို့ကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များကို အိတ်ဖွင့်ဈေးပြိုင်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပြီး အမေရိကန်ဒေါ်လာ၊ယူရိုငွေ၊ယွမ်ငွေ၊ ထိုင်းဘတ်ငွေနှင့်မြန်မာနိုင်ငံတော်ဗဟိုဘဏ်က လက်ခံသည့် နိုင်ငံခြားငွေများဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်
ယာယီသမ္မတ
နိုင်ငံတော်လုံခြုံရေးနှင့်
အေးချမ်းသာယာရေး
ကော်မရှင်ဥက္ကဋ္ဌ
ဗိုလ်ချုပ်မှူးကြီး
မင်းအောင်လှိုင်
အကြိမ် ၆၀ မြောက်
မြန်မာ့ကျောက်မျက်
ရတနာပြပွဲ၌ ရောင်းချရန်
မဏိရတနာ
ကျောက်စိမ်းခန်းမအတွင်း
ပြသထားသော
ကျောက်စိမ်း၊
ကျောက်မျက်အတွဲများနှင့်
ပုလဲအတွဲများကို
လိုက်လံကြည့်ရှုစစ်ဆေးစဉ်။



# ၂၀၂၅ ခုနှစ် အကြိမ် ၆၀ မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပထမနေ့ စတင်ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၇**

၂၀၂၅ခုနှစ် အကြိမ် ၆၀ မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပထမနေ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ကျင်းပရာ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များဖြင့် စည်ကားလျက်ရှိသည်။

နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပုလဲအတွဲများ၊ ကျောက်စိမ်းအချောထည်အတွဲများ၊ ကျောက်မျက်လက်ဝတ်ရတနာအတွဲများ၊ ခန်းမအပြင်ဘက်သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းရိုင်းအတွဲများနှင့် ကျောက်မျက်ရိုင်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာတင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ယခုပြပွဲကို နိုဝင်ဘာ ၁၇ ရက်မှ ၂၆ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး ကျောက်စိမ်းအတွဲ စုစုပေါင်း ၅၀၈၅ တွဲ၊ ကျောက်မျက်ရိုင်းအတွဲ ၁၃ တွဲနှင့် ကျောက်မျက်လက်ဝတ်ရတနာအတွဲ ၁၄၇ တွဲ စုစုပေါင်းအတွဲ ၁၆၀ နှင့် ပုလဲအတွဲ ၄၈၉ တွဲကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး ပြပွဲတွင်အသုံးပြုမည့် နိုင်ငံခြားငွေအမျိုးအစားများမှာ အမေရိကန်ဒေါ်လာ၊ ယူရိုငွေ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကလက်ခံသည့် နိုင်ငံခြားငွေအမျိုးအစားတို့ဖြစ်သည်။

ပုလဲအတွဲများကို နိုဝင်ဘာ ၁၈ ရက်မှ ၁၉ ရက်ထိလည်းကောင်း၊ ကျောက်မျက်အတွဲများအားလုံးကို နိုဝင်ဘာ ၂၀ ရက်တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်ပြီး ငွေအမျိုးအစား သတ်မှတ်မှုအနေဖြင့် ကြမ်းခင်းဈေးကို အမေရိကန်ဒေါ်လာဖြင့် သတ်မှတ်ထားပြီး ငွေပေးချေမှုအတွက် ပြည်ပရတနာကုန်သည်များအနေဖြင့် နိုင်ငံခြားငွေ၊ ပြည်တွင်းရတနာကုန်သည်များအနေဖြင့် နိုင်ငံခြားငွေ သို့မဟုတ် မြန်မာကျပ်ငွေကို အသုံးပြုနိုင်မည်ဖြစ်သည်။

ကျောက်ရည်၊ကျောက်သွေးကောင်းမွန်မှု၊ လက်ဝတ်အချောထည်ထုတ်လုပ်နိုင်မှု၊ ပြည်တွင်း၊ ပြည်ပဈေးကွက်ဝင်မှုနှင့် တန်ဖိုးဈေးနှုန်းရရှိနိုင်မှုစသည့် အခြေအနေများအပေါ်အခြေခံပြီး အုပ်စု(အေ၊ ဘီ၊ စီ)အဖြစ် သုံးအုပ်စုခွဲခြားထားသည့် ကျောက်စိမ်းအတွဲပေါင်း ၅၀၈၅ တွဲကို နိုဝင်ဘာ ၂၁ ရက်မှ ၂၆ ရက်ထိ ရောင်းချပေးသွားမည်ဖြစ်ပြီး ပြည်တွင်း၊ပြည်ပ ရတနာကုန်သည်အားလုံးအနေဖြင့် အုပ်စု သုံးခုစလုံးကို ဝယ်ယူခွင့်ရရှိနိုင်မည်ဖြစ်သည်။

အဆိုပါအတွဲများအတွက် ငွေအမျိုးအစားသတ်မှတ်မှုအနေဖြင့် အုပ်စု(အေ)နှင့် အုပ်စု(ဘီ)တို့အတွက် အမေရိကန်ဒေါ်လာဖြင့်လည်းကောင်း၊ အုပ်စု(စီ)အတွက် MSME လုပ်ငန်းရှင်များကို အားပေးမြှင့်တင်ရန် ရည်ရွယ်ရောင်းချခြင်းဖြစ်ခြင်းကြောင့် မြန်မာကျပ်ငွေဖြင့်လည်းကောင်း သတ်မှတ်ထားပြီး ငွေပေးချေမှုပြုလုပ်ရာတွင် ပြည်ပရတနာကုန်သည်များအနေဖြင့် နိုင်ငံခြားငွေကိုသာ သုံးစွဲရမည်ဖြစ်ပြီး ပြည်တွင်းရတနာကုန်သည်များအနေဖြင့် အုပ်စု(အေ)အတွက် နိုင်ငံခြားငွေဖြင့်ပေးချေရမည်ဖြစ်ကာ အုပ်စု(ဘီ)အတွက် နိုင်ငံခြားငွေ သို့မဟုတ် မြန်မာကျပ်ငွေ၊ အုပ်စု(စီ)အတွက် မြန်မာကျပ်ငွေကိုသုံးစွဲနိုင်မည်ဖြစ်သည်။

ထို့အတူ မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ ကျောက်မျက်နှင့်လက်ဝတ်ရတနာအရောင်းဆိုင်များကိုလည်း ဖွင့်လှစ်ထားရှိရာ လာရောက်လေ့လာဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။

ယခုကဲ့သို့ မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ရတနာများရောင်းချနိုင်ခြင်းသည် နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေအမြောက်အမြားရှာဖွေပေးနိုင်သကဲ့သို့ နိုင်ငံသားများအတွက်လည်း စီးပွားရေးအကျိုးဖြစ်ထွန်းမှုများရနိုင်စေပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက်လည်း အထောက်အကူပြုလျက်ရှိကြောင်း၊ ထို့ကြောင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်နှင့်နိုင်ငံသားတို့အတွက် စီးပွားအကျိုးဖြစ်ထွန်းစေမည့် ကျောက်မျက်ရတနာပြပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိကြောင်းနှင့် ပြန်လည်အစားထိုးမရနိုင်သည့် သယံဇာတများဖြစ်သည့် ကျောက်မျက်ရတနာများနှင့် မြန်မာ့မြေအလှတရားကို ရှင်သန်တည်တံ့စေရန်အတွက် သယံဇာတစီမံခန့်ခွဲမှုလုပ်ငန်းများကိုလည်း စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရှိသည်။ **အောင်ရဲသွင်**





# ဦးစီးအရာရှိများ လုပ်ငန်းခွင်အကြိုစွမ်းရည်မြှင့်သင်တန်းအမှတ်စဉ် (၃/၂၀၂၅) သင်တန်းဖွင့်ပွဲ ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၁၇**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် ကော်မရှင်အဖွဲ့ခွဲရုံးအသီးသီးတို့တွင် တာဝန်ထမ်းဆောင်ကြမည့် ဦးစီးအရာရှိများ လုပ်ငန်းခွင်အကြိုစွမ်းရည်မြှင့်သင်တန်းအမှတ်စဉ်(၃/၂၀၂၅) သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးက အဖွင့်အမှာစကားပြောကြားရာ၌ သင်တန်းသား အရာရှိများအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ၊ ရုံးလုပ်ငန်းပိုင်းဆိုင်ရာ သိသင့်သိထိုက်သည်များကို သိရှိကြစေရန် ယခုကဲ့သို့စွမ်းရည်မြှင့်သင်တန်းဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း၊ သင်တန်းတွင် စာတွေ့၊ လက်တွေ့ သင်ခန်းစာများကို စနစ်တကျ လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်း။

ရွေးကောက်ပွဲကျင်းပရာတွင် လိုက်နာကျင့်သုံးရန် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို ပြဋ္ဌာန်းထားပြီး အဆိုပါဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ကျွမ်းကျင်ပိုင်နိုင်ရန် လိုအပ်ကြောင်း၊ လာမည့် ဒီဇင်ဘာ ၂၈ ရက်တွင် ရွေးကောက်ပွဲ အပိုင်း(၁) စတင်ကျင်းပမည်ဖြစ်ပြီး ရွေးကောက်ပွဲစနစ်အနေဖြင့် ယခင်ကျင့်သုံးခဲ့သည့် FPTP စနစ်အပြင် FPTP စနစ်နှင့် PR စနစ်ကို ပေါင်းစပ်ထားသည့် ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ်(Mixed Member Proportional-MMP) ကိုပါ အသုံးပြုသွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲစနစ်နှင့်စပ်လျဉ်း၍ သင်တန်းတွင် စာတွေ့၊ လက်တွေ့ စနစ်တကျ သင်ကြားပေးမည်ဖြစ်ကြောင်း။

မဲပေးသည့်စနစ်အနေဖြင့် မြန်မာ အီလက်ထရောနစ်မဲပေးစက် (MEVM)များကို ကြိုတင်ဆန္ဒမဲများကလွဲ၍ အသုံးပြုပြီး လွယ်ကူရိုးရှင်းစွာ မဲပေးရမည်ဖြစ်ပါကြောင်း၊ မြန်မာအီလက်ထရောနစ် မဲပေးစက်များကို မြန်မာကျွမ်းကျင်ပညာရှင်များဖြင့် တီထွင်ဆောင်ရွက်ထားခြင်းဖြစ်ရာ မဲပေးရာတွင် ရိုးရှင်းလွယ်ကူခြင်း၊ မဲရလဒ်များကို အချိန်တိုအတွင်း ထုတ်ပြန်နိုင်ခြင်း၊ မဲမသမာမှုများ မဖြစ်ပွားနိုင်ခြင်း စသည့်အကျိုးကျေးဇူးများစွာ ရှိပါကြောင်း၊ မဲပေးစက်နှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများကို အသိပညာပေးခြင်း၊ လက်တွေ့စမ်းသပ်မဲပေးခြင်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ခဲ့ပါကြောင်း။

ရွေးကောက်ပွဲကို အပိုင်း သုံးပိုင်းဖြင့် ကျင်းပသွားမည်ဖြစ်ပြီး မဲပေးစက်များကို ကြိုတင်စစ်ဆေးခြင်း၊ အပိုင်းလိုက် သယ်ယူပို့ဆောင်ခြင်း၊ ရွှေ့ပြောင်းခြင်းများကို စနစ်တကျဖြစ်စေရေး ဆောင်ရွက်ရန်လိုအပ်ပါကြောင်း။

ရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးသည် အဓိကကျပါကြောင်း၊ ကော်မရှင်အနေဖြင့် ပထမအကြိမ်မဲစာရင်းများကို စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၁၃ ရက်ထိ ၁၄ ရက် ကပ်ထားကြေညာပေးခဲ့ပါကြောင်း၊ မဲဆန္ဒရှင်ပြည်သူများ မဲစာရင်းများ လာရောက်ကြည့်ရှု၍ ပြင်ဆင်ဖြည့်စွက်ခြင်းများ ပိုမိုဆောင်ရွက်နိုင်ရန် မဲစာရင်းများကို အောက်တိုဘာ ၂၀ ရက်ထိ ခုနစ်ရက် တိုးမြှင့်ကပ်ထားကြေညာပေးခဲ့ပါကြောင်း၊ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံစေရန်အတွက် ဒုတိယအကြိမ်နှင့် တတိယအကြိမ်တို့ကို ထပ်မံကပ်ထားပေးမည်ဖြစ်ပြီး မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မဲစာရင်းတွင် ထည့်သွင်းရန် တောင်းဆိုခြင်း၊ ပြင်ဆင်ခြင်း၊ ကန့်ကွက်ခြင်းတို့ကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ပါကြောင်း၊ မဲစာရင်းများ ကပ်ထားရာတွင် စနစ်တကျဖြစ်စေရန် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများက ကြီးကြပ်ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ မဲဆွယ်စည်းရုံးရေးနှင့်စပ်လျဉ်း၍ စနစ်တကျဖြစ်စေရန် ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများတွင် ထည့်သွင်းပြဋ္ဌာန်းထားပြီး မဲဆွယ်စည်းရုံးရေးကာလအတွင်း နိုင်ငံရေးပါတီများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်လောင်းများ၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများအနေဖြင့် မဲဆွယ်စည်းရုံးရေး ဆောင်ရွက်ကြရာတွင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီဖြစ်စေရေး သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများက စနစ်တကျကြီးကြပ်ဆောင်ရွက်ကြရန်လိုပါကြောင်း။

ရွေးကောက်ပွဲကျင်းပရာတွင် မြို့နယ်ကိုအခြေခံ၍ ဆောင်ရွက်ရခြင်းဖြစ်ပြီး မြို့နယ်ရှိ ဝန်ထမ်းများ၏အခန်းကဏ္ဍသည် အဓိကကျပါကြောင်း၊ ဦးစီးအရာရှိသည် မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အကြီးဆုံးဝန်ထမ်းဖြစ်သကဲ့သို့ တာဝန်အရှိဆုံးသူများဖြစ်ပါကြောင်း၊ မြို့နယ်များတွင် အများယုံကြည်လေးစားခြင်းခံရသောဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အဖွဲ့ဝင်များရှိပြီး မြို့နယ်ဦးစီးအရာရှိအနေဖြင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးအဖြစ်လည်း တာဝန်ရှိပါကြောင်း၊ ရွေးကောက်ပွဲဆိုသည်မှာ နိုင်ငံတစ်ခု၏ဂုဏ်ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဒီမိုကရေစီကျင့်စဉ်ကို အကောင်အထည်ဖော်ရာတွင် ရွေးကောက်ပွဲများကို ကျင်းပရမည်ဖြစ်ပြီး နိုင်ငံအတွက် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲ၊ မှတ်ကျောက်တင်ခံရသည့် ရွေးကောက်ပွဲများဖြစ်စေရန် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် သင်တန်းသား အရာရှိများအနေဖြင့် သင်တန်းက သင်ကြားပို့ချပေးသည့် သင်ခန်းစာများသည် လက်တွေ့လုပ်ငန်းများ ဆောင်ရွက်ရာတွင် များစွာအထောက်အကူပြုမည်ဖြစ်၍ အလေးအနက်ထား လေ့လာသင်ယူကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူ ၂၁ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကို နိုဝင်ဘာ ၁၇ ရက်မှ ၂၈ ရက်ထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အကြိမ် ၆၀ မြောက် အာဆီယံပို့ဆောင်ရေးအဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပ




**နေပြည်တော် နိုဝင်ဘာ ၁၇**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဦးဆောင်၍ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပသည့် အကြိမ် ၆၀ မြောက် အာဆီယံပို့ဆောင်ရေးအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ယနေ့နံနက်ပိုင်းက နေပြည်တော် Jasmine Nay Pyi Taw Hotel ၌ Hybrid Mode ဖြင့် စတင်ကျင်းပသည်။

အကြိမ် ၆၀ မြောက် အာဆီယံပို့ဆောင်ရေးအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးဖွင့်ပွဲအခမ်းအနားတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက အစည်းအဝေးသို့ တက်ရောက်သည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများမှ အရာရှိကြီးများကို လှိုက်လှဲစွာကြိုဆိုပါကြောင်း၊ ယခုကဲ့သို့ အရေးပါသည့် အာဆီယံပို့ဆောင်ရေး အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် အာဆီယံပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရသည့်အတွက် များစွာဂုဏ်ယူပါကြောင်း၊ ယခုအစည်းအဝေးများတွင် အာဆီယံအသိုက်အဝန်း ၂၀၄၅ နှင့် အာဆီယံပေါင်းစည်းဆက်သွယ်မှု ၂၀၃၀ နှင့်အညီ အာဆီယံသယ်ယူပို့ဆောင်ရေးလုပ်ငန်းစီမံကိန်း (၂၀၂၆-၂၀၃၀) ဖော်ဆောင်နိုင်ရေးကိုလည်း ကြိုဆိုပါကြောင်း၊ အာဆီယံဒေသတွင်း ရေရှည်တည်တံ့သော ပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆန်းသစ်တီထွင်ရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် ဆွေးနွေးဖက်နိုင်ငံများ၏ စဉ်ဆက်မပြတ် ပံ့ပိုးမှုသည် များစွာထိရောက်မှုရှိပါကြောင်း၊ အာဆီယံမိသားစုများ၊ ဆွေးနွေးဖက်နိုင်ငံများနှင့် အာဆီယံအတွင်းရေးမှူးရုံး၏ စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်မှုနှင့် ခိုင်မာသောကတိကဝတ်များကို ကျေးဇူးတင်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်ကြသည့် အဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး အစည်းအဝေးအစီအစဉ်များကို ဆက်လက်ဆောင်ရွက်သည်။

အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ၂၀၀၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်တို့တွင် နှစ်ကြိမ်ကျင်းပခဲ့ပြီး ယခု တတိယအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းဖြစ်သည်။

ယခုကျင်းပသည့် အစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် တရုတ်၊ ဂျပန်၊ ကိုရီးယားနှင့် အီးယူ စသည့် ဆွေးနွေးဖက်နိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ ပါဝင်တက်ရောက်လျက်ရှိကြောင်း၊ အစည်းအဝေးများကို နိုဝင်ဘာ ၁၇ ရက်မှ ၁၉ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများကို သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“တိုင်းပြည်လည်း နာရသလို ပြည်သူလည်းနာရတဲ့ အကြမ်းဖက်သမားတွေရဲ့ ဖောက်ခွဲဖျက်ဆီးသတ်ဖြတ်မှုများ”** ခေါင်းစဉ်ဖြင့် ၁၉-၁၁-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၂၆-၁၁-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် **“ပြည်သူတွေ မျှော်လင့်တောင့်တတဲ့ စစ်မှန်သောရွေးကောက်ပွဲပေါ်ပေါက်ရေး”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်ကို အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၉) သင်တန်းဖွင့်ပွဲများကို တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၉)မှ သင်တန်းသားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၉)မှ သင်တန်းသားများအတွက် အားကစားပစ္စည်းများ ပေးအပ်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၇**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၁၉)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်နယ်မြေများရှိ သင်တန်းကျောင်းအသီးသီးသို့ ရောက်ရှိ၍ လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့ နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၉) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။









တိုင်းစစ်ဌာနချုပ်အသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၉) သင်တန်းဖွင့်ပွဲများ ကျင်းပစဉ်။

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၉) မှ သင်တန်းသားများကို တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများကို လိုက်လံနှုတ်ဆက်အားပေးကြသည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ အဆိုပါပြည်သူ့စစ်မှုထမ်းသင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန်ကျေပွန်စွာ ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၉)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏





စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

“ကျွန်တော့်ကို နိုင်ငံတော်ကနေပြီးတော့ ဆင့်ခေါ်စာကျတဲ့အတွက် နိုင်ငံသားတစ်ယောက်အနေနဲ့ တာဝန်ကျေပွန်ချင်လို့ လာရောက်စစ်မှုထမ်းခြင်းဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာတော့ ဒီသင်တန်းမှာ အချိန်မှန်တယ်ပေါ့နော်။ စည်းကမ်းစနစ်တကျနဲ့ ကိုယ်ခန္ဓာကြံ့ခိုင်အောင် သင်ပေးတဲ့အတွက်ကြောင့် အပြင်ကနဲ့တော့ တော်တော်ကွာပါတယ်။ အပြင်မှာတော့ သိပ်ပြီးတော့ စည်းကမ်းစနစ်မကျဘူးပေါ့။ ဒီမှာတော့ အဖွဲ့အစည်းစိတ်ဓာတ်ရှိအောင် သင်ပေးတယ်။ စည်းကမ်းစနစ်တကျနဲ့ သေချာလေးသင်ကြားပေးပါတယ်။ ဒီသင်တန်းပြီးသွားရင်တော့ ကျွန်တော်တာဝန်ကျတဲ့နေရာမှာ နိုင်ငံတော်ရဲ့လုံခြုံရေးကို ကာကွယ်ဖို့အတွက် အစွမ်းကုန်ကြိုးစားသွားပါမယ်။ နှစ်နှစ်တာ တာဝန်ထမ်းဆောင်ပြီးသွားရင်တော့ နိုင်ငံတော်ကနေပြီးတော့ စစ်မှုထမ်းဖို့ ပြန်လည်ပြီးတော့ လိုအပ်တယ်ဆိုရင် ပြန်ပြီးတော့ စစ်မှုထမ်းဆောင်ဖို့အတွက် ဆုံးဖြတ်ထားပါတယ်”ဟု ပြောသည်။

“ပြည်သူ့စစ်မှုထမ်း သင်တန်းကို တက်ရောက်ရတဲ့အတွက်လည်း အတိုင်းမသိဝမ်းသာပါတယ်။ ပြည်သူ့စစ်မှုထမ်းဆိုတာ လူတိုင်းတက်ရမှာပဲလေ။ ဒီလိုမျိုး တက်ထားခြင်းအားဖြင့် အခြားနိုင်ငံကနေပြီးတော့ ကိုယ့်နိုင်ငံကိုလာပြီး မကျူးကျော်ရဲပါဘူး။ ပညာသင်ကြားပေးမယ့် ဘာသာရပ်တွေကိုတော့ အကောင်းမွန်ဆုံးဖြစ်အောင် ကြိုးစားလေ့ကျင့်သွားမှာပါ။ လူတိုင်းလူတိုင်း စစ်ပညာတတ်ကျွမ်းဖို့ဆိုတာ မလွယ်ဘူးလေ။ အခြားနိုင်ငံတွေကလည်း ဒီလိုပဲသင်နေကြတာ၊ ကိုယ့်နိုင်ငံမှာလည်း ဒါမျိုးဖြစ်လာတဲ့အတွက် အရမ်းဝမ်းသာပါတယ်”ဟု ပြောသည်။ (မြဝ)

## မြန်မာ့တူရိယာများ ၂၀၀ ကျပ်တန် ခြောက်လုံးပါ Block of Stamp အထူးထုတ်စာပို့တံဆိပ်ခေါင်းသစ် တစ်မျိုး ရောင်းချပေးမည်

**နေပြည်တော် နိုဝင်ဘာ ၁၇**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းက မြန်မာ့တူရိယာတစ်မျိုးချင်းအလိုက် ထုတ်ဝေခဲ့ပြီးသော တံဆိပ်ခေါင်းများကို တံဆိပ်ခေါင်းစုဆောင်းသူ ဝါသနာရှင်များ တစ်စုတစ်စည်းတည်း စုဆောင်းနိုင်ကြရန် ရည်ရွယ်၍ **မြန်မာ့တူရိယာများ ၂၀၀ ကျပ်တန် ခြောက်လုံးပါ Block of Stamp အထူးထုတ်** စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုးကို **၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂၀ ရက် မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် နတ်တော်လဆန်း ၁ ရက် (ကြာသပတေးနေ့) နံနက် ၉ နာရီခွဲမှစတင်၍** နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်းရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂၀ ရက် (ကြာသပတေးနေ့)တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# လူထုပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**နေပြည်တော် နိုဝင်ဘာ ၁၇**

**လူထုပါတီဥက္ကဋ္ဌ ဦးမျိုးမင်းထွန်း (ခ) ပါစီပြည်ဟိန်းက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၁၇ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာအောက်ပါအတိုင်းဖြစ်ပါသည်-**



ဦးမျိုးမင်းထွန်း(ခ)ပါစီပြည်ဟိန်း(ဥက္ကဋ္ဌ၊ လူထုပါတီ)

ကျွန်တော်ကတော့ ဦးမျိုးမင်းထွန်း(ခ)ပါစီပြည်ဟိန်းဖြစ်ပါတယ်။ လူထုပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌတစ်ဦးဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှာ ဝင်ရောက်ယှဉ်ပြိုင်မယ့် လွှတ်တော်ကိုယ်စားလှယ်လောင်းဖြစ်ပါတယ်။ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလမှာကျင်းပမယ့် ရွေးကောက်ပွဲကြီးမှာ လူထုပါတီအနေနဲ့ မင်္ဂလာဒုံမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ရွှေပြည်သာမြို့နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ကြည့်မြင်တိုင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွေမှာ ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား**

ကျွန်တော်တို့လူထုပါတီအနေနဲ့ ပြည်သူလူထုအတွက် တင်ပြပါကိစ္စရပ်တွေကိုဆောင်ရွက်ခွင့်ရချင်ပါတယ်။ နိုင်ငံတော်အတွင်း ထာဝရငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့်ရပ်ရွာအေးချမ်းသာယာရေး၊ စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် စီးပွားရေးလုပ်ငန်းများကို အကောင်းဆုံးဖြစ်အောင် ဖော်ဆောင်ခွင့်ရချင်ပါတယ်။

ကမ္ဘာ့နိုင်ငံတွေက ကွန်ပျူတာခေတ်၊ Internet ခေတ်တွေကျော်လွန်ပြီး AI ခေတ်ကိုတောင်ရောက်နေပြီ။ စက်ရုပ်တွေ၊ မောင်းသူမဲ့ကားတွေ၊ ဒီဇယ်ဓာတ်ဆီကားတွေကနေ လျှပ်စစ်ကားတွေ၊ အာကာသခရီးသွားလုပ်ငန်းတွေ၊ အာကာသနယ်ပယ်သစ်ချဲ့ထွင်မှုတွေ၊ အင်အားကြီးစစ်လက်နက်တွေ၊ လက်နက်ဆန်းတွေအလုအယက်ဖန်တီးတည်ဆောက်နေကြတာ နေ့စဉ်နှင့်အမျှဖြစ်ပါတယ်။ အင်အားကြီးနိုင်ငံကြီးတွေ၊ ပတ်ဝန်းကျင်နိုင်ငံတွေရဲ့တိုးတက်မှုတွေကိုကြည့်ရင် နိုင်ငံသားအချင်းချင်းမသင့်မြတ်မှု၊ လက်နက်စွဲကိုင်သူပုန်ထမှုတွေချုပ်ငြိမ်းပြီးမှ ရလာတဲ့အသီးအပွင့်တွေဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံက ငြိမ်းချမ်းပြီးအေးချမ်းသာယာဖို့ အချိန်တန်ပါပြီ။ နှစ်ပေါင်း ၇၀ ကျော်ကြာဖြစ်ပွားနေတဲ့ တိုင်းရင်းသားအချင်းချင်းမသင့်မြတ်မှု အစွန့်ရှည်နေမယ်ဆိုရင် တိုင်းပြည်နဲ့ပြည်သူတို့ရဲ့ဘဝများက ဘယ်တော့မှတိုးတက်မှာမဟုတ်ပါဘူး။ တိုင်းရင်းသားညီအစ်ကိုအချင်းချင်းဆုပ်ထားတဲ့ လက်သီးတွေဖြေလိုက်ကြပါ။ လက်သီးဆုပ်တွေကိုဖြေမယ်ဆိုရင် ရင်ဘတ်ချင်းအပ်ပွင့်လင်းဖို့လိုပါတယ်။ ငြိမ်းချမ်းရေးမရှိဘဲ တိုင်းပြည်တည်ဆောက်လို့မရပါဘူး။ တိုင်းရင်းသားညီအစ်ကိုအချင်းချင်းမငြိမ်းချမ်းမှုကြောင့် တိုင်းပြည်လည်းနာ၊ ပြည်သူလည်း ဒုက္ခဝေဖြာခဲ့ကြရပါတယ်။ ငြိမ်းချမ်းရေးအတွက် ပြည်ထောင်စုသဘောတူစာချုပ်ဖြစ်တဲ့ NCA သာလျှင် တစ်ခုတည်းသောလမ်းကြောင်းဖြစ်ပါတယ်။ NCA လမ်းကြောင်းကနေ ငြိမ်းချမ်းရေးအသီးအပွင့်တွေ ဖူးထွက်စေချင်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား**

ပညာရေးကဏ္ဍနှင့်ပတ်သက်၍ တစ်မျိုးသားလုံးနီးပါး စာတတ်မြောက်ဖို့လိုပါတယ်။ အများအားဖြင့် ကျောင်းနေလို့ရတဲ့အသက်အရွယ်အားလုံးကျောင်းနေရပါမယ်။ လူငယ်တိုင်း စာတတ်မြောက်ရပါမယ်။ လူငယ်တွေစာတတ်မြောက်ပါမှ ဗဟုသုတရှိမှာပါ။ အမှားအမှန်ကိုဝေဖန်နိုင်မှာဖြစ်ပါတယ်။ လူငယ်တွေပညာဆည်းပူးတဲ့အခါမှာ ပညာမသင်နိုင်လောက်အောင် အတားအဆီးဖြစ်နေတဲ့ အရာတွေထဲမှာ ဒေသအလိုက် မငြိမ်းချမ်းမှု၊ အုပ်ချုပ်ရေးမတည်ငြိမ်မှု၊ လက်နက်ကိုင်သောင်းကျန်းမှုတွေလည်း ပါဝင်ပါတယ်။ ယနေ့အခြေအနေအရဆိုရင် မငြိမ်းချမ်းမှုကြောင့် လက်နက်ကိုင်သောင်းကျန်းမှုများကြောင့် စာမသင်ရတဲ့လူငယ်တွေအများကြီးဖြစ်ပါတယ်။ လူငယ်တွေ ပညာသင်ယူနိုင်ဖို့ ငြိမ်းချမ်းရေးနှင့်လည်း အဓိကသက်ဆိုင်နေပါတယ်။ ဒုတိယအရေးကြီးတာက လူငယ်တွေပညာသင်ယူနိုင်ဖို့အတွက် စာပေသင်ယူနိုင်မှုအခွင့်အလမ်းတွေ လွယ်ကူရပါမယ်။ မိသားစုတိုင်း စီးပွားရေးပြေလည်အောင် ဆောင်ရွက်ရပါမယ်။ မိသားစုတိုင်း သားသမီးပညာရေးအတွက် ဦးစားပေးလုပ်ဆောင်ရမှာဖြစ်ပါတယ်။ ပုဂ္ဂလိကကျောင်းတွေရဲ့ကြီးမြင့်တဲ့စရိတ်စကတွေလည်း လျှော့ချပေးရပါမယ်။ အစိုးရကျောင်းတွေမှာ လူငယ်အားလုံး ပညာသင်ယူနိုင်အောင် ဆောင်ရွက်ရပါမယ်။ စာသင်ပေးမယ့် ဆရာ၊ ဆရာမတွေရဲ့ အရည်အချင်းတွေ၊ အရည်အသွေးတွေကို မြှင့်တင်ရပါမယ်။ ရပ်ထဲရွာထဲ ကျော်စောမှုရှိတဲ့ ပညာတတ်များ၊ စာရေးဆရာများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များကို အစိုးရစာသင်ကျောင်းတွေမှာ အချိန်ပိုင်းစာသင်ကြားခြင်းများကို ဆောင်ရွက်ခွင့်ပေးရပါမယ်။ ပုဂ္ဂိုလ်ကိုးကွယ်မှု၊ အလွန်အကျွံလေးစားမှု၊ နိုင်ငံရေးဝါဒတစ်ခုခုကို အလွန်အမင်းယုံကြည်မှု၊ အကြမ်းဖက်လက်နက်စွဲကိုင်မှု၊ နိုင်ငံရေးဝါဒတစ်ခုအပေါ် မှားယွင်းစွာယုံကြည်မှု၊ တိုင်းပြည်ကာကွယ်ရေးအတွက်မဟုတ်ဘဲ လက်နက်ကိုင်သူပုန်ထမှုတွေဟာ အသိသုတ၊ ဗဟုသုတမရှိလို့သာဖြစ်ပါတယ်။ အသိသုတ၊ ဗဟုသုတရှိစေဖို့၊ အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်ဖို့ လူငယ်တွေငယ်စဉ်ကတည်းက ပညာဆည်းပူးရမှာဖြစ်ပါတယ်။ လူငယ်တွေကို စာသင်ကြားပေးတဲ့နေရာမှာ အမိနိုင်ငံတော်ကို ချစ်မြတ်နိုးတဲ့စိတ်ကိန်းအောင်းလာအောင် ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ဖော်ပြပါတာဝန်တွေကို ကျွန်တော်တို့လူထုပါတီကဆောင်ရွက်ခွင့်ရချင်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား**

နိုင်ငံတော်ဟာ မြေသယံဇာတပေါကြွယ်ဝပြီး လယ်ယာစိုက်ပျိုးရေးကောင်းမွန်စွာ ပြုလုပ်နိုင်သောနိုင်ငံတော်ကြီးဖြစ်ပါတယ်။ လယ်ယာနှင့်အခြားသီးနှံများစိုက်ပျိုးနိုင်အောင် နိုင်ငံတော်က ကမကထပြုဆောင်ရွက်ရမှာဖြစ်ပါတယ်။ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ကူးပြောင်းသွားတဲ့ကာလမှာ ပစ္စည်းကိရိယာများရဲ့ဈေးနှုန်းမြင့်မားမှု၊ လောင်စာဆီများ ဈေးနှုန်းမြင့်မားမှုတွေကြီးမားတဲ့စိန်ခေါ်မှုတွေဖြစ်ပါတယ်။ လယ်ယာမြေလုပ်ငန်းလုပ်ကိုင်သူတွေကို နိုင်ငံတော်က ကူညီဆောင်ရွက်ရမှာဖြစ်ပါတယ်။ လယ်ယာမြေလုပ်ငန်းအတွက်လိုအပ်တဲ့ စက်ယန္တရားတွေ၊ လောင်စာဆီတွေ၊ စိုက်ပျိုးရေးအထောက်အကူပြုပစ္စည်းတွေကို ဈေးနှုန်းချိုသာစွာ ရောင်းချပေးရမှာဖြစ်ပါတယ်။ လယ်ယာလုပ်ငန်းခွင်သုံးပစ္စည်းများကို ပုဂ္ဂလိကများကို လုပ်ကိုင်ခွင့်မပေးဘဲ နိုင်ငံတော်အစိုးရကသာလျှင် ထိန်းချုပ်ပြီး ဆောင်ရွက်ပေးသင့်ပါတယ်။ လယ်ယာလုပ်ငန်းခွင်သုံးစက်ယန္တရားများ၊ လောင်စာဆီများ၊ ဓာတ်မြေဩဇာများ၊ ပိုးသတ်ဆေးများ၊ မျိုးစေ့များ၊ အခြားအထောက်အကူပြုပစ္စည်းတွေဟာ ပုဂ္ဂလိကလုပ်ငန်းရှင်များရဲ့လက်ဝါးကြီးအုပ်မှုများ၊ ဈေးကစားမှုများကြောင့် လယ်သမားများအခက်ကြုံတွေ့နေရပါတယ်။ လယ်သမားများ လယ်ယာမြေမစိုက်ပျိုးနိုင်ရင် နိုင်ငံတော်ရှိ ပြည်သူများအတွက် စားနပ်ရိက္ခာအကျပ်အတည်းနှင့်ရင်ဆိုင်ရပါလိမ့်မယ်။ လယ်ယာလုပ်ငန်းရှင်များနှင့်ပတ်သက်၍ အစိုးရမှပြန်လည်ကိုင်တွယ်သင့်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား**

နိုင်ငံတော်ရဲ့လူဦးရေများပြားလာမှု၊ မြို့ရွာများချဲ့ထွင်လာမှုတွေဟာလည်း လယ်ယာမြေဆုံးရှုံးမှုတွေကို ဖြစ်ပေါ်လာစေပါတယ်။ မတော်လောဘဖြင့် စီးပွားရေး လုပ်ကိုင်သူများက လယ်ယာမြေများကို ဥပဒေမဲ့ အကွက်ရိုက်ရောင်းချမှုများ၊ အခြားနည်းအသုံးပြုခွင့်မရှိဘဲ လယ်ယာမြေကိုဖျက်သိမ်း၍ အခြားလုပ်ငန်းဆောင်ရွက်မှုများကြောင့် လယ်ယာမြေများဆုံးရှုံးမှုကို ဖြစ်ပေါ်စေပါတယ်။



အစိုးရမှ ဥပဒေများထုတ်ပြန်အရေးယူဆောင်ရွက်လျက်ရှိသော်လည်း အချို့သောမတော်လောဘစီးပွားရေးသမားများက လိုက်နာမှုမရှိသည်ကိုတွေ့ရပါတယ်။ ပြင်းထန်ထိရောက်သောဥပဒေများရေးဆွဲ၍ လယ်ယာမြေများဆုံးရှုံးခြင်းကို ကာကွယ်သင့်ပါတယ်။ လယ်ယာမြေများအတွက် လူထုပါတီက ဆောင်ရွက်ခွင့်ရချင်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား**

ယနေ့လူငယ်တွေက နိုင်ငံတော်အတွင်းမှာမနေဘဲ အချို့သောနိုင်ငံတွေကို တရားမဝင်သွားရောက်နေတာကလည်း ကြီးမားတဲ့ပြဿနာတစ်ခုဖြစ်ပါတယ်။ လူငယ်တွေ ပြည်တွင်းမှာနေဖို့အတွက် လုပ်သာကိုင်သာရှိတဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးရမှာဖြစ်ပါတယ်။

စိုက်ပျိုးရေး၊ မွေးမြူရေးနိုင်ငံဖြစ်တဲ့အတွက် အလွယ်တကူစိုက်ပျိုးနိုင်အောင် မွေးမြူနိုင်အောင် နိုင်ငံတော်အစိုးရက စီမံဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်မှာ ကျွန်တော်တို့ပါတီက သဘောကျအကြိုက်ဆုံးအရာတစ်ခုရှိပါတယ်။ အခြေခံပညာအထက်တန်းကျောင်းတွေမှာ စိုက်ပျိုးမွေးမြူရေးကျောင်းတွေ တွဲဖွင့်ပေးတာပဲဖြစ်ပါတယ်။ အမြော်အမြင်ကြီးသောလုပ်ရပ်ဖြစ်ပါကြောင်း ဂုဏ်ပြုပြောကြားလိုပါတယ်။ အရင်စနစ်က ပညာသင်နေတဲ့လူငယ်တွေဟာ ၈ တန်း၊ ၉ တန်း၊ ၁၀ တန်းမအောင်တော့ရင်ဘာလုပ်ရမှန်းမသိဖြစ်နေတတ်ပါတယ်။ စိုက်ပျိုးမွေးမြူရေးကျောင်းတွေတွဲ၍ ဖွင့်ပေးထားခြင်းအားဖြင့် ၈ တန်း၊ ၉ တန်း၊ ၁၀ တန်း အဆင့်မြင့်တန်းတွေ မဆည်းပူးနိုင်ရင်တောင်မှ စိုက်ပျိုးမွေးမြူရေးကိုနားလည်ပြီး ၎င်းတို့တစ်ဦးချင်းရဲ့စားဝတ်နေရေး၊ မိသားစုစားဝတ်နေရေး၊ နိုင်ငံတော်အတွက် အကျိုးပြုလူတန်းစားတစ်ရပ်ထွက်ပေါ်လာမှာဖြစ်ပါတယ်။ ကျေးရွာတွေ၊ မြို့တွေမှာရှိတဲ့ လူငယ်တွေဟာ နိုင်ငံရပ်ခြားသွားစရာမလိုပါဘဲ မိမိတို့နိုင်ငံမှာပဲ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေမှာ ဝင်ရောက်လုပ်ကိုင်နိုင်မှာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ မွေးမြူရေးဇုန်၊ စိုက်ပျိုးရေးဇုန်များ မြို့နယ်တိုင်းမှာ ထူထောင်ပေးဖို့လိုအပ်ပါတယ်။ ယင်းဇုန်များထူထောင်ရာတွင်လည်း စီးပွားရေးသမားများ လက်ဝါးကြီးအုပ်မှုမရှိစေရန် စနစ်တကျထိန်းကျောင်းပေးရပါမယ်။ ဖော်ပြပါတာဝန်များကို ကျွန်တော်တို့လူထုပါတီက ထမ်းဆောင်ခွင့်ရချင်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား**

နိဂုံးချုပ်အနေနဲ့ပြောရရင် ကျွန်တော်တို့လူထုပါတီကို ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ၊ မဲရုံကိုသွားပြီး မိမိကြိုက်ရာပါတီ၊ မိမိကြိုက်ရာကိုယ်စားလှယ်လောင်းကို မဲပေးလိုက်ပါ။ သင့်မဲတစ်ပြားဖြင့် တိုင်းပြည်တည်ဆောက်ပါ။ သင့်မဲဖြင့်အမိနိုင်ငံတော်ကို ချစ်မြတ်နိုးကြောင်းပြသလိုက်ပါ။ သင့်မဲဖြင့် ပြည်ထောင်စုရဲ့အချုပ်အခြာအာဏာကိုကာကွယ်ပါ။ သင့်မဲဖြင့် နိုင်ငံတော်သာယာဝပြောအောင် လုပ်ပါ။ သင့်ကြောင့်ရရှိပြီး လွတ်လပ်ရေးကို မဆုံးရှုံးပါစေနှင့်။ သင့်ကြောင့် နိုင်ငံတော်ကြီးကမ္ဘာ့အလယ်မှာ အစွန့်ရှည်တည်တံ့ပါစေ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

# ပြည်သူ့ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၁၇

**ပြည်သူ့ပါတီဥက္ကဋ္ဌ ဦးကိုကိုကြီးက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၁၇ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**




ဦးကိုကိုကြီး(ဥက္ကဋ္ဌ၊ ပြည်သူ့ပါတီ)

**နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာပိုင်ရှင်အစစ်အမှန်ဖြစ်ကြတဲ့ မဲဆန္ဒရှင် ပြည်သူများခင်ဗျာ...**

မဲဆန္ဒရှင်ပြည်သူအားလုံးကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာပဏာမ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်သူ့ပါတီဥက္ကဋ္ဌ ဦးကိုကိုကြီးဖြစ်ပါတယ်။ ကျွန်တော်တို့ပြည်သူ့ပါတီဟာ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များကိုအခြေခံပြီး နိုင်ငံရေးမျိုးဆက်အသီးသီးမှ ရဲဘော်များ၊ နယ်ပယ်အသီးသီးမှတတ်သိကျွမ်းကျင်သူများကို စုစည်းတည်ထောင်ထားတဲ့ ပါတီဖြစ်ပါတယ်။ မကြာမီဖြတ်သန်းကြရမယ့် ရွေးကောက်ပွဲဟာ သာမန်အခြေအနေတွေမှာ ကျင်းပရတဲ့ ရွေးကောက်ပွဲတွေနဲ့ မတူပါဘူး။ ဒါကြောင့်လည်း ရွေးကောက်ပွဲအလွန်မှာ ဘယ်လိုကိစ္စတွေကို ဦးစားပေးဆောင်ရွက်ကြမလဲဆိုတာက အင်မတန်ကိုအရေးကြီးပါတယ်။

ကျွန်တော်တို့ ပြည်သူ့ပါတီအနေနဲ့ ငြိမ်းချမ်းရေး၊ တန်းတူညီမျှရေး၊ တရားဥပဒေစိုးမိုးရေး၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနဲ့ နိုင်ငံတော်ပြန်လည်စုစည်းတည်ဆောက်ရေးတို့ကို အဓိကဦးစားပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဦးစားပေးအစီအစဉ်လို့ပြောနေရပေမယ့် တစ်ခုပြီးမှ တစ်ခုလုပ်ရမှာမျိုးမဟုတ်ဘဲ ရှိသမျှအရင်းအမြစ်တွေကို စုစည်းပြီး အင်တိုက်အားတိုက်ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ ငြိမ်းချမ်းရေး တရားဥပဒေစိုးမိုးရေးမရှိဘဲနဲ့လည်း ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ဖို့ဆိုတာ အင်မတန်ကိုခက်ခဲပါတယ်။ ပဋိပက္ခပြင်းထန်တဲ့ကာလတွေမှာ အစွန်းတရားတွေ ကြီးထွားလေ့ရှိပေမယ့် နိုင်ငံတော်ပြန်လည်စုစည်းတည်ဆောက်ရေးအမြင်ကိုတော့ မျက်ခြည်မပြတ်ဖို့လိုပါတယ်။ ဒါကြောင့်လည်း အကြောင်းကြောင်းကြောင့် ကွဲကွာနေရတဲ့မိသားစုတွေ ပြန်လည်ဆုံစည်းနိုင်ဖို့ ငြိမ်းချမ်းတဲ့နိုင်ငံရေးနည်းလမ်းနဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေမှာ ပူးပေါင်းပါဝင်လာကြစေဖို့ အဓိကဆောင်ရွက်သွားပါ့မယ်။ တိုက်ပွဲရှောင်နေရပ်စွန့်ခွာပြည်သူများ လုံခြုံစိတ်ချစွာ နေရပ်ပြန်လည်အခြေချနိုင်ရေး၊ ပြန်လည်ထူထောင်ရေး၊ စီးပွားရေးလုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရေး၊ ပညာရေး ကျန်းမာရေး လူမှုရေးဝန်ဆောင်မှုတွေ ပြန်လည်ခံစားရရှိနိုင်စေဖို့အတွက် မူဝါဒတစ်ရပ်ညှိနှိုင်းဖော်ဆောင်သွားမှာဖြစ်ပါတယ်။

ငြိမ်းချမ်းရေး၊ အပစ်အခတ်ရပ်စဲရေးဆွေးနွေးညှိနှိုင်းမှုတွေ အောင်မြင်ရရှိစေဖို့အတွက်လည်း ဆောင်ရွက်သွားပါ့မယ်။ ငြိမ်းချမ်းရေးရရှိလာတာနဲ့အမျှ ပြည်သူ့စစ်မှုထမ်းဥပဒေနဲ့ပတ်သက်တဲ့ စိုးရိမ်သောကတွေကိုလည်း သက်သာစေမှာဖြစ်ပါတယ်။ ပြည်သူ့စစ်မှုထမ်းဥပဒေကို ဥပဒေနှင့်အညီ မှန်မှန်ကန်ကန်ဆောင်ရွက်နိုင်စေဖို့အတွက် စစ်ဆေးကြီးကြပ်ခြင်းများဆောင်ရွက်နိုင်ဖို့ ကြိုးပမ်းသွားမှာဖြစ်ပါတယ်။ တကယ်တော့ လက်နက်ကိုင်ပဋိပက္ခရဲ့ အခြေခံဇာစ်မြစ်က တန်းတူညီမျှရေးပဲဖြစ်ပါတယ်။ တိုင်းရင်းသားတိုင်း တန်းတူညီမျှရေးကို ကြိုးပမ်းဆောင်ရွက်နိုင်ဖို့အတွက် လိုအပ်တဲ့ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကိစ္စကိုလည်း အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

တရားဥပဒေစိုးမိုးရေးနဲ့ပတ်သက်လာရင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဟာ ရာဇဝတ်မှုတွေ လျှော့ချနိုင်ဖို့အတွက် အခြေခံတစ်ခုဖြစ်ပါတယ်။ လူငယ်တွေကြားထဲမှာ မူးယစ်ဆေးဝါးပျံ့နှံ့သုံးစွဲနေမှုဟာလည်း နိုင်ငံရဲ့လူသားအရင်းအမြစ်တွေကို ထိခိုက်ပျက်စီးစေတာဖြစ်တဲ့အတွက် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို အလေးအနက်ထားဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေးဟာ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ဖို့အတွက် အခြေခံလိုအပ်ချက်ဖြစ်သလို ပြည်သူတွေရဲ့ နေ့စဉ်ဘဝလုံခြုံမှုအတွက်လည်း အင်မတန်အရေးကြီးပါတယ်။ တရားဥပဒေစိုးမိုးရေးလို့ပြောရင် နိုင်ငံ့ဝန်ထမ်းတွေရဲ့အခန်းကဏ္ဍဟာအဓိကပါ။ နိုင်ငံ့ဝန်ထမ်းတွေအတွက် အခြေခံလူနေမှုစရိတ်နဲ့လိုက်လျောညီထွေတဲ့ လုပ်ခလစာအဆောင်အယောင်တွေ ရရှိခံစားနိုင်စေဖို့နဲ့ စွမ်းရည်ထက်မြက်ပြီး ကျစ်လျစ်တဲ့ ဝန်ထမ်းယန္တရားပြုပြင် ပြောင်းလဲမှုတွေကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်သူ့ရေးရာစီမံခန့်ခွဲအုပ်ချုပ်ရေးစနစ်ကိုလည်း ခေတ်နဲ့လျော်ညီတဲ့ E- Government အဆင့် အမြန်ဆုံးရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်သွားမှာလည်းဖြစ်ပါတယ်။ တရားမျှတပြီး ခေတ်နဲ့လိုက်လျောညီထွေဖြစ်တဲ့ဥပဒေတွေဖြစ်ထွန်းပေါ်ပေါက်လာစေဖို့ ဥပဒေ၊ နည်းဥပဒေညွှန်ကြားချက်အမိန့်တွေကို စိစစ်သုံးသပ်ပြီး ပြင်ဆင်သင့်တာတွေ၊ ပယ်ဖျက်အစားထိုးသင့်တာတွေ၊ အသစ်ပြဋ္ဌာန်းသင့်တာတွေကိုလည်း အလေးထားဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနဲ့ပတ်သက်ရင် လျှပ်စစ်နဲ့စွမ်းအင်ကဏ္ဍဟာ အခြေခံလိုအပ်ချက်ဖြစ်ပါတယ်။ လျှပ်စစ်မီးမှန်မှန်ရရှိစေဖို့ စွမ်းအင်ကဏ္ဍဖူလုံစေဖို့ကိုလည်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးကိုအခြေခံတဲ့ နိုင်ငံဖြစ်တာနဲ့အညီ တောင်သူလယ်သမားများ ကြွေးမြီကင်းရှင်းစေရေး၊ စိုက်ပျိုးစရိတ်ချေးငွေများ သီးနှံအာမခံစနစ်များခံစားရရှိနိုင်စေရေး၊ မျိုးစေ့မြေဩဇာပိုးသတ်ဆေး စက်သုံးဆီစိုက်ပျိုးရေးရရှိစေရေး၊ သီးနှံထွက်ကုန်များ လက်ဝါးကြီးအုပ်ဈေးကစားခြင်းမှအကာအကွယ်ပေးရေး၊ စိုက်ပျိုးရေးအခြေခံတန်ဖိုးမြှင့်ကုန်စည်များထုတ်လုပ်နိုင်ရေးတို့ကို အားပေးထောက်ပံ့သွားမှာဖြစ်ပါတယ်။ စိုက်ပျိုးရေးကဏ္ဍနှင့်အတူ မွေးမြူရေးနဲ့ ရေထွက်ပစ္စည်းလုပ်ငန်းတွေဖွံ့ဖြိုးဖို့အတွက် နည်းပညာအရင်းအနှီးနဲ့ဈေးကွက်အဆက်အသွယ်တွေကိုလည်း ရှာဖွေကူညီပေးသွားမှာဖြစ်ပါတယ်။ လယ်ယာသားငါးထွက်ကုန်များ၊ စက်မှုထွက်ကုန်များ ဈေးကွက်နဲ့ချိတ်ဆက်နိုင်ဖို့အတွက် လိုအပ်တဲ့ကုန်ထုတ်လမ်းကြောင်းများ၊ ပြည်ထောင်စုလမ်းမကြီးများ၊ လမ်းကွန်ရက်များ အဆင့်မြှင့်ပြုပြင်တည်ဆောက်ခြင်း၊ ကုန်သွယ်ရေးလမ်းကြောင်းများ လုံခြုံချောမွေ့စေခြင်းတို့ကိုလည်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

လူငယ်တွေအလုပ်အကိုင်အခွင့်အလမ်း ပေါ်ပေါက်လာစေဖို့အတွက် အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးနိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းတွေဖန်တီးပေးနိုင်မယ့် ပြည်ပရင်းနှီးမြှုပ်နှံမှုတွေကို ဦးစားပေးဖိတ်ခေါ်ခြင်း၊ ပြည်ပသွားရောက်အလုပ်လုပ်ကိုင်ကြမယ့် လူငယ်တွေအတွက် ဥပဒေအကာအကွယ်ရရှိခံစားနိုင်စေရေး၊ နိုင်ငံတော်အတွက်လည်း နိုင်ငံခြားငွေရရှိပြီး နိုင်ငံတော်အတွက် ကျွမ်းကျင်လုပ်သားအင်အားတွေပြန်လည်ရရှိနိုင်စေဖို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံတွေ ဖွံ့ဖြိုးတိုးတက်ရေးဟာလည်း အင်မတန်အရေးပါပါတယ်။ ဒါကြောင့် လမ်း၊ တံတားအဆောက်အအုံများ လူနေအိမ်ရာများ၊ အိမ်ခြံမြေဈေးကွက်စနစ်တကျဖွံ့ဖြိုးတိုးတက်စေဖို့အတွက်လည်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ခရီးသွားလုပ်ငန်းအပါအဝင် ပညာရေး၊ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ဘဏ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း မူဝါဒများညှိနှိုင်းရေးဆွဲဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နယ်ပယ်ကဏ္ဍအသီးသီးအတွက် ဖွံ့ဖြိုးရေးဘဏ်များ စနစ်တကျတည်ထောင်ဖွံ့ဖြိုးလာစေဖို့ကိုလည်း ကြိုးပမ်းသွားမှာဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်ရေးအတွက်အခြေခံဖြစ်တဲ့ ကိန်းဂဏန်းစာရင်းဇယားများ မှန်ကန်တိကျရေးနဲ့ နယ်ပယ်အသီးသီးအတွက် စံချိန်စံညွှန်းများ တိတိကျကျသတ်မှတ်ဖော်ဆောင်နိုင်ရေးတို့ကိုလည်း အလေးထားဆောင်ရွက်သွားပါ့မယ်။ ဒစ်ဂျစ်တယ်စီးပွားရေးစနစ်(digital economy) ပြုပြင်ပြောင်းလဲရေး မြန်ဆန်ထိရောက်စေဖို့ အားပေးဆောင်ရွက်သွားမှာလည်းဖြစ်ပါတယ်။ ပြည်တွင်းလုပ်ငန်းရှင်တွေအနေနဲ့ ပြည်ပလုပ်ငန်းရှင်တွေနဲ့ ယှဉ်ပြိုင်နိုင်ဖို့အတွက် အဓိကအခက်အခဲဖြစ်နေတာ တစ်ခုကတော့ ဘဏ်တိုးနှုန်းပဲဖြစ်ပါတယ်။ အခွန်အကောက်ကောက်ယူတဲ့ နေရာမှာလည်း ရိုးရှင်းပြီး သင့်တင့်မျှတတဲ့ အခွန်အကောက်စနစ်တွေဖြစ်ဖို့၊ အခွန်ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ ကျယ်ပြန့်တဲ့အခွန်ထမ်းစနစ်ဖြစ်ပေါ်စေဖို့ ကျွန်တော်တို့ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကိုဗစ်ကပ်ရောဂါကာလကစပြီး ထိခိုက်ခဲ့ရတဲ့ စီးပွားရေးလုပ်ငန်းတွေ ပြန်လည်သက်ဝင်အားကောင်းလာစေဖို့ စီးပွားရေးနှိုးဆွမှုအစီအမံများ(economic stimulus plan)ကိုလည်း ညှိနှိုင်းဖော်ဆောင်သွားမှာဖြစ်ပါတယ်။ တင်းကျပ်တဲ့စည်းမျဉ်းစည်းကမ်းများကြိုးနီစနစ်များကိုလည်း အတတ်နိုင်ဆုံးပြုပြင်ဖြေလျှော့ခြင်း(deregulation) ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အသေးစား၊ အလတ်စားနဲ့ စွန့်ဦးတီထွင်လုပ်ငန်းတွေ အားကောင်းသန်မာလာစေဖို့နဲ့ ငွေကြေးဈေးကွက်နဲ့ လွယ်ကူစွာချိတ်ဆက်နိုင်စေဖို့၊ အများပိုင်ကုမ္ပဏီများ ပေါ်ပေါက်လာစေဖို့အတွက်တွေကိုလည်း အားပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလို့ပြောတဲ့နေရာမှာ နိုင်ငံသားတွေရဲ့ဖွံ့ဖြိုးတိုးတက်ရေးက အခြေခံအကျဆုံးပဲဖြစ်ပါတယ်။ ကျန်းမာသန်စွမ်းတဲ့နိုင်ငံသားတွေဖြစ်ဖို့၊ ဉာဏ်ရည်မြင့်မားတဲ့ နိုင်ငံသားတွေဖြစ်ဖို့ နိုင်ငံတော်မှာတာဝန်ရှိပါတယ်။

ပညာရေးစနစ်ကို နိုင်ငံသားတိုင်း အလယ်တန်းပညာအဆင့် အနိမ့်ဆုံးသင်ကြားတတ်မြောက်နိုင်စေဖို့နဲ့ အတွေးအခေါ်ဆင်ခြင်တုံတရားကို အားပေးတဲ့ပညာရေးစနစ်ဖြစ်ထွန်းလာစေဖို့ ကြိုးပမ်းသွားပါ့မယ်။ ၂၀၂၅ ခုနှစ် ကုလသမဂ္ဂလူဦးရေရန်ပုံငွေဌာန၏ပျမ်းမျှတွက်ချက်မှုတွေအရ ကမ္ဘာလုံးဆိုင်ရာမွေးဖွားချိန်မှစ၍ ပျမ်းမျှသက်တမ်း ( Life Expe-ctancy at Birth ) မှာ ၇၃ ဒသမ ၅ နှစ်ဖြစ်ပေမယ့် မြန်မာနိုင်ငံရဲ့ပျမ်းမျှသက်တမ်းကတော့ ၆၇ ဒသမ ၃ နှစ်ပဲရှိတဲ့ ၂၀၁ နိုင်ငံဖော်ပြတဲ့အထဲမှာ အဆင့် ၁၆၃ ကိုရောက်ရှိနေတာဖြစ်ပါတယ်။ ဒါကြောင့် အစားအသောက်ဆေးဝါးသောက်သုံးရေအစရှိတဲ့ ဘေးကင်းလုံခြုံစိတ်ချရမှုအတွက် အန္တရာယ်မကင်းတဲ့ ဓာတုဆေးဝါးတွေ ဆိုးဆေးတွေသုံးစွဲနေမှုတို့ကို တင်းတင်းကျပ်ကျပ်စိစစ်ထိန်းချုပ်သွားပါမယ်။ နေ့စဉ်ရှူရှိုက်နေရတဲ့ လေကောင်းလေသန့်ရရှိနိုင်ဖို့အတွက်လည်း လေထုညစ်ညမ်းမှုလျှော့ချရေးကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ငြိမ်းချမ်းရေး၊ တန်းတူညီမျှရေး၊ တရားဥပဒေစိုးမိုးရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတွေကိုအခြေခံပြီး အမျိုးသားယဉ်ကျေးမှုအခြေခံတွေကို လေးစားတန်ဖိုးထားတဲ့ နိုင်ငံတော်ပြန်လည်စုစည်းတည်ဆောက်ရမှာဖြစ်ပါတယ်။ နိုင်ငံတော်ပြန်လည်စုစည်းတည်ဆောက်တဲ့ နေရာမှာ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ ကမ္ဘာ့နိုင်ငံများနဲ့ ငြိမ်းချမ်းစွာအကျိုးတူပူးပေါင်းဆောင်ရွက်သွားမှာလည်းဖြစ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူများခင်ဗျာ......**

ကျွန်တော်တို့ ပြည်သူ့ပါတီဟာ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီးအတွက် လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ တန်းတူညီမျှခြင်းဆိုတဲ့ လောကပါလတရားတွေကို အခြေခံတဲ့ နိုင်ငံတော်သစ်တည်ဆောက်နိုင်ဖို့ ခိုင်မာစွာကြိုးပမ်းရပ်တည်နေတဲ့ ပါတီဖြစ်ပါတယ်။ အခုလို သာမန်မဟုတ်တဲ့အခြေအနေမျိုးမှာ ကျင်းပမယ့်ရွေးကောက်ပွဲဟာ သာမန်ရွေးကောက်ပွဲတွေထက် အရေးကြီးပါတယ်။ လက်ရှိပဋိပက္ခတွေကိုဖြေရှင်းနိုင်ဖို့ စားဝတ်နေရေးပြဿနာတွေကို သက်သာပြေလည်နိုင်စေဖို့ လာမယ့် ငါးနှစ်တာကာလအတွက် နိုင်ငံတော်ကိုရွေးချယ်ကြရမှာဖြစ်ပါတယ်။ ပြည်သူအားလုံးကိုယ်စားပြောရေးဆိုခွင့်ရရှိဖို့ ပြည်သူတွေရဲ့ဆန္ဒမဲနဲ့ပြည်သူတွေကိုအခြေပြုတဲ့ နိုင်ငံတော်သစ်ကို တည်ဆောက်နိုင်ဖို့အတွက် အဝါရောင်နောက်ခံနဲ့ ပြည်သူ့ပါတီကို

**စာမျက်နှာ ၂၂ သို့**

# သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်အောင် တာဝန်ထမ်းဆောင်ပြီးသည့် ပြည်သူ့စစ်မှုထမ်းများကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်ထုတ်ပေးပွဲကျင်းပ




တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်အောင် တာဝန်ထမ်းဆောင်ပြီးသည့် ပြည်သူ့စစ်မှုထမ်းတစ်ဦးကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်ပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၇**

နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရန်ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်း သင်တန်းများတက်ရောက်ကာ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးသို့ သွားရောက်၍ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်လျက်ရှိသည်။

ထိုသို့ တာဝန်ထမ်းဆောင်လျက်ရှိသည့် ပြည်သူ့စစ်မှုထမ်းစစ်သည်များအနက်မှ သုံးပုံတစ်ပုံလျှော့ပေါ့ခွင့်ရရှိသည့် သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်အောင် တာဝန်ထမ်းဆောင်ပြီးသူများကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်ထုတ်ပေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများ၊ ပြည်သူ့စစ်မှုထမ်းဆောင်ပြီးသည့် စစ်သည်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်အောင် တာဝန်ထမ်းဆောင်ပြီးသည့် ပြည်သူ့စစ်မှုထမ်းများကို ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ကြသည်။

ထို့အတူ ပြည်သူ့စစ်မှုထမ်းတာဝန် ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသူများကို အလုပ်အကိုင်ရရှိရေး ၎င်းတို့ဆန္ဒပြုသော အလုပ်အကိုင်များကို သတ်မှတ်ချက်များနှင့်အညီ ခန့်အပ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်ခန့်အပ်ပေးနိုင်ရေး လုပ်ငန်းကော်မတီနှင့်ချိတ်ဆက်၍ လိုအပ်သည်များ ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

**စာမျက်နှာ ၂၁ မှအဆက်**

မဲပေးထောက်ခံကြဖို့ လေးစားစွာပန်ကြားအပ်ပါတယ်ခင်ဗျား.......

ပြည်သူ့ပါတီရဲ့အမှတ်အသားတံဆိပ်ကတော့အဝါရောင်နောက်ခံနဲ့ အလယ်က အနီရောင်အကနဲ့ပေါ်မှာ မီးရှူးတိုင်ကိုင်ဆောင်ထားတဲ့ပုံဖြစ်ပါတယ်။

"အမှောင်တိုက်ကိုဖြိုခွင်း အလင်းခေတ်ကိုရောက်ဖို့ အဝါရောင်ပြည်သူ့ပါတီကို မဲပေးစို့"

ပြည်သူအားလုံးနှလုံးစိတ်ဝမ်းငြိမ်းချမ်းကြပါစေ။

**အလင်းခေတ်သို့ဦးတည် ပြည်သူ့ပါတီ**

("မဲပေးကြမည်ပြည်သူ့ပါတီ")
Cho:(မဲပေးကြရမည်) ၃
(ပြည်သူ့ပါတီ)
Verse 1 : စပါးရွှေဝါ တောင်လိုပုံရမည်။
အမိနိုင်ငံသာယာငြိမ်းချမ်းမည်။
(နိုင်ငံရောင်ဝါ ပြန်ထိန်လင်းရမည်။)
ရွှေဝါရောင်အိပ်မက်သို့ဦးတည်။
အဝါ အဝါ အဝါ လာပါပြီ။
Cho:(မဲပေးကြရမည်) ၃
(ပြည်သူ့ပါတီ)
Verse2: စိုးရိမ်သလားပြောလိုက်စမ်းပါ။
နားမလည်ဘူးလားပြောလိုက်စမ်းပါ။
ဆင်းရဲနွမ်းပါးလားပြောလိုက်စမ်းပါ။
အိပ်မက်တွေပျောက်နေသလား ပြောလိုက်စမ်းပါ။
အားလုံးကိုယ်စားပြောပေးမယ့်သူ
အဝါ အဝါ အဝါ လာပါပြီ။
Cho:(မဲပေးကြရမည်) ၃
(ပြည်သူ့ပါတီ)
Verse3: တရားမျှတခြင်း
လွတ်လပ်ခြင်းတွေ တန်းတူညီမျှခြင်းအတွက်
(မဲပေးကြရမည်)
အဝါ အဝါ အဝါရောင်
အဝါ အဝါ အဝါရောင်လာပြီ။
Verse 4 : မင်းကရော အဝါ သူကရော အဝါ
မင်းကလည်းအဝါ
ငါကလည်းအဝါ
အားလုံးအဝါ
မဲပေးကြပါမည်။
Cho :(မဲပေးကြရမည်) ၃
(ပြည်သူ့ပါတီ)
Verse 2
Cho : (မဲပေးကြရမည်) ၃
(ပြည်သူ့ပါတီ)
Verse 3
Verse 4
( Cho : )(မဲပေးကြရမည်) ၃
(ပြည်သူ့ပါတီ)
( Cho :) ( မဲပေးကြရမည် ) ၃
(ပြည်သူ့ပါတီ)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
(၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ကျိုင်းတုံမြို့၌ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများ သင်တန်းဖွင့်ပွဲ ပြုလုပ်



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင် ခင်းကျင်းပြသထားသည့် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)နှင့် အထွေထွေရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးစာအုပ်စာစောင်များကို လှည့်လည်ကြည့်ရှုစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ဖွင့်လှစ်သည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများ သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ပြုလုပ်ရာ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ မဲရုံမှူး၊ ဒုတိယ မဲရုံမှူးများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာဝန်ခံတစ်ဦးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ ခင်းကျင်းပြသထားသည့် မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM) နှင့် အထွေထွေရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးစာအုပ်စာစောင်များကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

အဆိုပါသင်တန်းကို သင်တန်းသား၊ သင်တန်းသူ ၂၉၄ ဦးဖြင့် နိုဝင်ဘာ ၂၄ ရက်ထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (ဗဟို)



တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)ကို တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများက ပို့ဆောင်နှုတ်ဆက်စဉ်။

☆ ကျောဖုံးမှအဆက်

ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့နေ့လယ်ပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၂) ရေတပ်ဆိပ်ခံတံတားမှလည်းကောင်း အသီးသီးထွက်ခွာကြရာ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများက ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ် (စကု)၊ တပ်မတော်ပင်လယ်သွားဆေးရုံ ရေယာဉ်(သံလွင်)တို့တွင် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုအရာရှိများ၊ သူနာပြုစစ်သည်များနှင့် သူနာပြုရဲမေများလိုက်ပါသွားကာ ဒေသခံပြည်သူများကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အရိုးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး X-Ray ရိုက်ခြင်း၊ Ultrasound ရိုက်ခြင်း၊ ရောဂါဗေဒပါရဂူများဖြင့် ရောဂါရှာဖွေစမ်းသပ်ကုသခြင်း၊ECG စက်၊ ခါတ်မှန်ရိုက်စက်များဖြင့် ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းနှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးပေးခြင်းများကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထို့အတူ အရေးပေါ်အခြေအနေပေါ်ပေါက်ပါက ဆေးရုံတင်ကုသမှုများဆောင်ရွက်ပေးရန် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ပေါ်တွင် လူနာဦးရေ ၃၀ ထိလည်းကောင်း၊ တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)ပေါ်တွင် လူနာ ၂၅ ဦးထိလည်းကောင်း တင်ဆောင်ကုသနိုင်သည့် ခွဲစိတ်ခန်း၊ သားဖွားမီးယပ်ခန်း၊ စမ်းသပ်ခန်းနှင့် အထူးကြပ်မတ်ကုသဆောင်များလည်းပါရှိကြောင်း သိရသည်။

တပ်မတော် အထူးကုဆေးအဖွဲ့များပါဝင်သည့် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့်မြစ်ရေယာဉ်(စကု)တို့အနေဖြင့် ၂၀၁၃ ခုနှစ်မှစတင်၍ ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသနှင့် မြစ်ကြောင်းများတစ်လျှောက် ဆေးကုသရန် ခက်ခဲသောကျေးရွာများရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယခုခရီးစဉ်သည် အကြိမ်၂၀ မြောက်ဖြစ်ပြီး ၁၉ ကြိမ်မြောက်ထိ ဒေသခံပြည်သူစုစုပေါင်း ၁၈၅၅၆၈ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးရုံရေယာဉ်ပေါ်ရှိ သားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင် ၃၁ ဦးတို့ကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

အလားတူ တပ်မတော်အထူးကုဆေးအဖွဲ့ဝင်များပါဝင်သည့် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)အနေဖြင့် ၂၀၁၆ ခုနှစ်မှစ၍ မြန်မာ့ပင်လယ်ကမ်းရိုးတန်းဒေသများနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယခုခရီးစဉ်သည် ၁၉ ကြိမ်မြောက်ဖြစ်ပြီး ၁၈ ကြိမ်မြောက်ထိ ဒေသခံပြည်သူ ၁၆၃၆၄၆ ဦးတို့ကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးရုံရေယာဉ်ပေါ်ရှိ သားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင် ၂၂ ဦးတို့ကို အောင်မြင်စွာမွေးဖွားပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

(ဗဟို)

# ဘက်ထရီလျှပ်စစ်စက်ခေါင်းများအသုံးပြုပြီး ခေတ်မီလေအေးပေးစက်ပါလေအိတ်တွဲဆိုင်းများဖြင့် နေပြည်တော်-မန္တလေး၊ မန္တလေး-နေပြည်တော် ရထားခရီးစဉ်များကို နိုဝင်ဘာ ၂၂ ရက်မှ စတင်ပြေးဆွဲမည်



**နေပြည်တော် နိုဝင်ဘာ ၁၇**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် အများပြည်သူရထားဖြင့် ခရီးသွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် ရထားလမ်းပိုင်းအသီးသီးတွင် လူစီးရထားခရီးစဉ်များကို စီစဉ်ပြေးဆွဲပေးလျက်ရှိရာ နေပြည်တော်-မန္တလေးနှင့် မန္တလေး-နေပြည်တော်ခရီးစဉ်များကို ဘက်ထရီလျှပ်စစ်စက်ခေါင်းများ အသုံးပြုပြီး ခေတ်မီလေအေးပေးစက်ပါ လေအိတ်တွဲဆိုင်းများဖြင့် နိုဝင်ဘာ ၂၂ ရက်မှ စတင်၍ လက်ရှိ RBE များဖြင့် ပြေးဆွဲနေသော အမှတ်(၂၇) အဆန်၊ နေပြည်တော်-မန္တလေးနှင့် အမှတ်(၂၈)အစုန်၊ မန္တလေး-နေပြည်တော် ရထားခရီးစဉ်များကို ပြောင်းလဲပြေးဆွဲပေးသွားမည်ဖြစ်သည်။

ဘက်ထရီ လျှပ်စစ်စက်ခေါင်းဖြင့် ပြေးဆွဲမည့် အမှတ်(၂၇)အဆန် ခေတ်မီလေအေးပေးစက်ပါလေအိတ်ရထားသည် နေပြည်တော်ဘူတာမှ မွန်းတည့် ၁၂ နာရီတွင် စတင်ထွက်ခွာ၍ မန္တလေးဘူတာသို့ ညနေ ၅ နာရီတွင် ဆိုက်ရောက်မည်ဖြစ်ပြီး အမှတ်(၂၈)အစုန် ခေတ်မီလေအေးပေး စက်ပါလေအိတ်ရထားသည် မန္တလေးဘူတာမှ နံနက် ၆ နာရီတွင် စတင်ထွက်ခွာပြီး နေပြည်တော်ဘူတာသို့ နံနက် ၁၁နာရီတွင် ဆိုက်ရောက်မည်ဖြစ်သည်။

မန္တလေးမှ ရန်ကုန်သို့ ဆက်လက်လိုက်ပါလိုသည့် ခရီးသည်များအနေဖြင့် နေပြည်တော်ဘူတာမှ မွန်းတည့် ၁၂ နာရီတွင် စတင်ထွက်ခွာမည့် အမှတ်(၈)အစုန် ခေတ်မီ DEMU ရထားဖြင့် ဆက်လက်လိုက်ပါနိုင်ပြီး ရန်ကုန်သို့ ညနေ ၅နာရီခွဲတွင် ဆိုက်ရောက်မည်ဖြစ်သည်။ ထို့အတူ ရန်ကုန်မှ နံနက် ၆ နာရီတွင် ထွက်ခွာမည့် အမှတ်(၃၁)အဆန် ခေတ်မီ DEMU ရထားဖြင့် လိုက်ပါလာသည့် ခရီးသည်များအနေဖြင့် မန္တလေးသို့ ဆက်လက်လိုက်ပါလိုပါက အထက်ပါ ဘက်ထရီလျှပ်စစ်စက်ခေါင်းဖြင့် ပြေးဆွဲမည့် ရထားတွင် ချိတ်ဆက်စီးနင်းနိုင်ကြောင်း သိရသည်။

နေပြည်တော်-မန္တလေး-နေပြည်တော် ခရီးစဉ်ပြေးဆွဲမည့် လေအိတ်ရထားတွဲဆိုင်းတွင် ရိုးရိုးတန်းလေအိတ်လူစီးတွဲ နှစ်တွဲ၊ လေအေးပေးစက်ပါ အထက်တန်းလေအိတ်လူစီးတွဲ နှစ်တွဲနှင့် လေအိတ်ဘရိတ်တွဲတစ်တွဲ စုစုပေါင်းတွဲ ငါးတွဲဖြင့် ခရီးသည် ၂၃၈ ဦး လိုက်ပါစီးနင်းနိုင်မည်ဖြစ်သည်။ လက်မှတ်ခနှုန်းထားမှာ မန္တလေး-နေပြည်တော်၊ နေပြည်တော်-မန္တလေးခရီးစဉ်အတွက် ရိုးရိုးတန်း ငွေကျပ် ၁၅၀၀၀၊ အထက်တန်းငွေကျပ် ၂၀၀၀၀ ဖြစ်ပြီး လက်မှတ်များကို မိမိတို့သွားရောက်လိုသည့် ခရီးစဉ်များအတိုင်း ငါးရက်ကြိုတင်၍ တယ်လီဖုန်းဖြင့်ကြိုတင်မှာယူပြီး MMQR စနစ်ဖြင့် အွန်လိုင်းမှ ငွေပေးချေ၍လည်းကောင်း၊ သက်ဆိုင်ရာဘူတာများတွင် အထက်တန်းလက်မှတ်ကို သုံးရက်နှင့် ရိုးရိုးတန်းလက်မှတ်ကို တစ်ရက်ကြိုတင်၍လည်းကောင်း ဝယ်ယူရရှိနိုင်မည်ဖြစ်ကြောင်း၊ နေပြည်တော်-မန္တလေး ခရီးစဉ်တစ်လျှောက် တပ်ကုန်း၊ ပျော်ဘွယ်၊ သာစည်နှင့် ကျောက်ဆည်ဘူတာလေးခု၌သာ ရပ်တန့်ပေးသွားမည်ဖြစ်ကြောင်းနှင့် ဘူတာများတွင်ရပ်တန့်ချိန်အပါအဝင် ခရီးစဉ်အစအဆုံးပြေးဆွဲချိန် ငါးနာရီသာ ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး နှိုးဆော်မှုများ ရိုက်ကူးရေးတွင် သဘင်အနုပညာရှင်များ ပါဝင်ဆောင်ရွက်



**နေပြည်တော် နိုဝင်ဘာ ၁၇**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို လာမည့် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပမည် ဖြစ်ရာ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းပါဝင်ဆောင်ရွက်ရေး အသိပညာပေးနှိုးဆော်မှုများ ရိုက်ကူးရေးဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ သဘင်အနုပညာရှင်များ ပါဝင်ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်မှုတွင် သဘင်အနုပညာရှင်များဖြစ်ကြသည့် ဦးနန်းဝင်း၊ အောင်သွေးသစ်၊ ထက်မြက်၊ ဇော်ကြီး (မအူပင်)၊ ရန်ရှင်း၊ ပန်းအိစံ၊ ပန်းကဗျာ၊ ရွှန်းလဲ့အိမ်၊ ငွေနန်းစံ၊ ပိုးပိုးအိမ်၊ သင်းသံသာ တို့က ရွေးကောက်ပွဲဆိုင်ရာ ပြည်သူအသိပညာပေးနှိုးဆော်မှုများ ရိုက်ကူးရေးတွင် ဆန္ဒအလျောက် ပါဝင်ဆောင်ရွက်ကြခြင်း ဖြစ်သည်။

ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲနှင့်သာ ဖော်ဆောင်နိုင်မည်ဖြစ်ရာ ပြည်သူတစ်ရပ်လုံးက ရွေးကောက်ပွဲကြီးတွင် ပါဝင်မဲပေးပြီး ဒီမိုကရေစီနိုင်ငံတော်ကို အတူတကွ ဖော်ဆောင်နိုင်ရန်အတွက် ပြည်သူချစ်သော သဘင်အနုပညာရှင်များကလည်း တစ်ဖက်တစ်လမ်းက ပူးပေါင်းပါဝင်ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၅ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့



မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၅ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့မှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် နိုဝင်ဘာ ၁၇**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ စုံစမ်းဖော်ထုတ်လျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-မယ်ထော်သလေး (KK Park)နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၂၄ ဦးနှင့် မလေးရှားနိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၂၅ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်း လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကရင်ပြည်နယ်ရဲတပ်ဖွဲ့ ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီးစိုးပိုင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ နိုဝင်ဘာ ၁၇ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားစုစုပေါင်းဦးရေ ၁၀၈၄၀ စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၅၃၆ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၃၃၀၄ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

## တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် ကျောင်းသား၊ ကျောင်းသူများ ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း အသိပေးကြေညာခြင်း

**နေပြည်တော် နိုဝင်ဘာ ၁၇**

သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများက တာဝန်ယူဖွင့်လှစ်သည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ မကြာမီတွင်ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများသည် ရွေးကောက်ပွဲစတင်ကျင်းပမည့် ဒီဇင်ဘာ ၂၈ ရက်တွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ကျောင်းတက်ရောက်နေကြရမည်ဖြစ်ပါသည်။ အဆိုပါ ကျောင်းသား၊ ကျောင်းသူများအနက် မိမိတို့မဲစာရင်းပါရှိသည့် မဲဆန္ဒနယ်ပြင်ပတွင်ရှိသော တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် တက်ရောက်ကြရမည့် ကျောင်းသား၊ ကျောင်းသူများလည်း ပါဝင်မည်ဖြစ်ပါသည်။ မဲဆန္ဒနယ်ပြင်ပရောက် ကျောင်းသား၊ ကျောင်းသူများအနက် ရွေးကောက်ပွဲစတင်ကျင်းပမည့် ဒီဇင်ဘာ ၂၈ ရက်တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများဖြစ်ပါက မဲပေးခွင့်မဆုံးရှုံးစေရေးအတွက် သက်ဆိုင်ရာကျောင်းများသို့ မသွားရောက်မီ မိမိတို့၏ မဲစာရင်းပါရှိရာ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးတွင် နိုဝင်ဘာ ၁၇ ရက်မှ ၂၁ရက်ထိ နံနက် ၉ နာရီမှ ညနေ၄နာရီခွဲအတွင်း မိမိတို့ကိုင်ဆောင်သည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ ထုတ်ပေးသည့် ကျောင်းသားစိစစ်ရေးကတ် သို့မဟုတ် ကျောင်းဝင်ခွင့်အထောက်အထားတို့ကို ပြသ၍ ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များနှင့် Polytechnic University များ၏ သင်တန်းနှစ်များအားလုံး နိုဝင်ဘာ ၂၄ ရက်တွင် ဖွင့်လှစ်မည်

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**
**ကြေညာချက်**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနရှိ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များနှင့် Polytechnic University များ၏ သင်တန်းနှစ်များအားလုံးကို နိုဝင်ဘာ ၂၄ ရက်မှ စတင်ဖွင့်လှစ်သွားမည်ဖြစ်ရာ နိုဝင်ဘာ ၁၇ ရက်မှစတင်၍ ပိတ်ရက်မရှိ ကျောင်းအပ်လက်ခံသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန

## အစိုးရနည်းပညာကောလိပ်များ၏ B.Tech ဘွဲ့သင်တန်းများအားလုံး နိုဝင်ဘာ ၂၄ ရက်တွင် ဖွင့်လှစ်မည်

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန**
**ကြေညာချက်**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အစိုးရနည်းပညာကောလိပ်များ၏ B.Tech ဘွဲ့သင်တန်းများအားလုံးကို နိုဝင်ဘာ ၂၄ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။ ကျောင်းအပ်လက်ခံခြင်းကို နိုဝင်ဘာ ၁၇ ရက်မှစတင်၍ လက်ခံဆောင်ရွက်မည်ဖြစ်ပါသည်။

နည်းပညာ၊သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် AA အဖွဲ့ဝင် အမျိုးသား ကိုးဦးနှင့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ခြောက်ဦးတို့ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်

နေပြည်တော် နိုဝင်ဘာ ၁၇

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်ရန်ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် AA အဖွဲ့ဝင် အမျိုးသား ကိုးဦးနှင့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ခြောက်ဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ယနေ့တွင် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် AA အဖွဲ့ဝင်နှင့် PDFအမည်ခံအဖွဲ့ဝင်များသည် မိသားစုဝင်ဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဖိုလ်ကျ နှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အားစွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်းပြန်လည် ဝင်ရောက်လာကြသည့် မင်းပြားမြို့နယ်၊ ကျောက်တော်မြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ သံတွဲမြို့နယ်၊ ဂွမြို့နယ်တို့မှ AA အဖွဲ့ဝင် အမျိုးသား ကိုးဦးနှင့် မအူပင်မြို့နယ်၊ လေးမျက်နှာမြို့နယ်၊ ဇလွန်မြို့နယ်၊ ကြံခင်းမြို့နယ်၊ ရေကြည်မြို့နယ်တို့မှ PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ခြောက်ဦးတို့ကို တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ဧရာဝတီခန်းမ၌ပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသည့်အဖွဲ့ဝင်များနှင့် ၎င်းတို့၏မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေပုဒ်မများနှင့် ပတ်သက်၍ အသိပညာပေးစကားများ ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် မောင်းပြန်ရိုင်ဖယ် နှစ်လက်၊ လက်ပစ်ဗုံး တစ်လုံးတို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများကို မောင်းပြန်ရိုင်ဖယ် နှစ်လက်အတွက် ဆုကြေးငွေကျပ်သိန်း ၁၀၀၊ လက်ပစ်ဗုံး တစ်လုံးအတွက် ဆုကြေး ငွေကျပ် သုံးသိန်းနှင့် အလင်းဝင်ရောက်လာသူ ၁၅ ဦးကို တစ်ဦးလျှင် ဆုကြေးငွေကျပ် သုံးသိန်းစီ ပေးအပ်ကာ ခံဝန်ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးရာ အလင်းဝင်ရောက်လာသူများ၏ မိသားစုဝင်များကိုယ်စား ဖခင်တစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။



ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း AA အဖွဲ့ဝင်များနှင့် PDF အဖွဲ့ဝင်များမှ အလင်းဝင်ရောက်လာသူတစ်ဦးကို ချီးမြှင့်ငွေများ ပေးအပ်စဉ်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

"AAမှာနေတဲ့အခါကျတော့ အိမ်နဲ့လဲ အဆက်အသွယ်မရဘူး။ ဖုန်းလဲမပြောရဘူး။ ပြီးတော့ အစားအသောက်လဲ မကောင်းဘူး။ မကောင်းတဲ့အခါကျတော့ မနေချင်ဘူး။ တစ်လလာလို့လဲ မမြင်ရ၊ တစ်နှစ်နေလို့လဲ မတွေ့ရတဲ့အခါ စိတ်ပျက်လာတယ်။ နေတာထိုင်တာစားတာသောက်တာတွေ ဘဝတွေကကြမ်းတမ်းတယ်။ တစ်ခါတလေကျရင် ရွံ့တွေဗွက်တွေမှာလဲအိပ်ရတယ်။ နောက်ပြီး ခြင်တွေဆိုရင်ကိုက်တယ်။ အဲဒါနဲ့မနေချင်တာနဲ့ နောက်ကိုပြန်ပြီးတော့ဆင်းတယ်။ ဆင်းတာနဲ့ သူတို့က ကျွန်တော့်ကိုဖမ်းတယ်။ ဖမ်းပြီးတော့ ချုပ်ထားတယ်။ ချုပ်ထားတော့ ကျွန်တော်လဲ အချုပ်ထဲမှာမနေချင်ဘူး။ သူတို့လက်အောက်ထဲမှာ AA တွေအထဲမှာ မနေချင်ဘူး။ မနေချင်တာနဲ့ ကျွန်တော်က ဖောက်ပြီးတော့ ပြေးလာခဲ့တယ်။ ထမင်းတွေလဲ အသိုးတွေ။ တစ်ခါတလေကျရင် စားမရလို့ပစ်လိုက်ရတယ်။ ငါးခြောက်ဆို တစ်ကောင်၊ သုံးကောင်ပဲပါတယ်။ တစ်ခါတလေကျ ဘာမှမပါဘူး။ ဆားဖြူးပြီးတော့စားရတယ်။ ကြာလာတော့စိတ်ပျက်လာတယ်။ အဲဒီ အဖွဲ့အစည်းထဲမှာ မနေချင်တော့ဘူး အဲဒါနဲ့ ကျွန်တော်အလင်းဝင်ဖို့ဆုံးဖြတ်လိုက်တယ်"ဟု ပြောသည်။

"ကျွန်တော် PDF ထဲဝင်ရောက်တာကျတော့ ကရင်ပြည်နယ်ကနေစပြီးတော့ ဝင်သွားတာပါ။ ကရင်ပြည်နယ်ကနေဝင်ပြီးတော့ ကျွန်တော်စစ်ကိုင်းကိုသွားရပါတယ်။ ကျွန်တော်တို့ စစ်တိုက်တာကအစ သူတို့ဘက်ကနေပြီးတော့ လုပ်ဆောင်ချက်တွေလွဲတယ်။ ကျွန်တော်တို့ကို နိုင်ထက်စီးနင်း လုပ်တာတွေလဲပါတယ်။ နောက်အစားအသောက်အစ လူပါး၀ ပါတယ်။ အခုစစ်တိုက်တယ်ဆိုရင်လဲ ကျွန်တော်တို့ PDF တွေက ပထမစည်းမှာ စစ်တိုက်ရပါတယ်။ ကင်းစောင့်မယ်ဆိုရင်လဲ ကျွန်တော်တို့ PDF တွေကိုပဲစောင့်ခိုင်းပါတယ်။ သူတို့ AA တွေ ကျတော့ မစောင့်ပါဘူး။ သူတို့ကနောက်မှာပဲနေပါတယ်။ အကြောင်းရှိလို့ရှိရင် ကျွန်တော်တို့ စက်ပေါက်ပြီးတော့ ဒီမှာဒဏ်ရာရလို့ ဘာလို့ လှမ်းခေါ်လို့ရှိရင်လဲ မင်းတို့ဘာ မင်းတို့ဆုတ်လာခဲ့ ငါတို့တက်လို့မရဘူး အဲဒီလိုပြောပါတယ်။ မှန်တယ်အောက်မေ့လို့ ကျွန်တော်ဝင်ခဲ့မိတယ်။ ဒါပေမဲ့ မှန်မှမမှန်တာ။ သူတို့ရဲ့လမ်းစဉ်က မမှန်တော့ ကျွန်တော်တို့က ဆုံးဖြတ်တယ်။ ကျွန်တော်တို့ ဒီ ၁၇ ယောက်ပြေးတယ်။ ဒီမှာ အလင်းလာဝင်ပြီဆိုလို့ရှိရင်လဲ ငါတို့နှစ်ယောက်က လက်နက်ပါမှဖြစ်မယ်။ ကျန်တဲ့သူတွေကတော့ အချုပ်ထဲမှာ။ အချုပ်ဖောက်ပြေးကြပါတယ်။ အချုပ်ဖောက်ထွင်းပြီးတော့ အားလုံးကိုခေါ်လာပါတယ်။ ခေါ်လာတော့ ဒီရောက်တော့ ဘယ်ရောက်လို့ရောက်နေ မှန်းတောင်မသိဘူး။ မသိတော့ ဘယ်သူ့ကိုမှလဲ မဆက်သွယ်ရဲဘူး။ အဲဒီတော့ ကျွန်တော်တို့ကအမှန်အတိုင်းပြောရရင် ယူနီဖောင်းတွေဝတ်ထားတဲ့ဟာမျိုးကိုပဲ ဆက်သွယ်ရဲပါတယ်။ အဲဒီတော့ အဲဒါမျိုးတွေတွေ့မှပဲ ပြောမယ်ဆိုပြီးတော့ ကျွန်တော်တို့ တောလမ်းအတိုင်းပဲ လျှောက်လာတယ်။ လျှောက်လာတော့ ကျွန်တော်တို့ကို ဆက်သွယ်ပေးတော့ ကျွန်တော်တို့ မြန်အောင် ခလရ(၅၁)မှာ အလင်းဝင်ခဲ့ပါတယ်။ အခုဒီမှာ ပြန်ရောက်တော့ ကျွန်တော်တို့ ဘဝမှာ ရေခဲရေသောက်လိုက်ရတာတောင် တော်တော်အကောင်းဆုံးဖြစ်နေပါတယ်။ ကျွန်တော်တို့က မထင်ထားဘူးပေါ့နော်။ ကျွန်တော်တို့ကို တွေ့တာနဲ့ ကျွန်တော်တို့ကိုသတ်မယ်လို့ပဲထင်ထားတာ။ ဒါပေမဲ့ ကျွန်တော်တို့ ထင်သလိုမဟုတ်ပါဘူး။ ကျွန်တော်တို့ကို နွေးနွေးထွေးထွေးနဲ့ပဲ အားလုံးကကြိုဆိုကြပါတယ်။ စပြီး ကျွန်တော်တို့ကိုလာခေါ်ကတည်းက ညီလေးမင်းတို့ ဘာမှမဖြစ်ဘူး။ အေးအေးဆေးဆေးနေညီလေး။ မင်းတို့အဆင်ပြေအောင် လုပ်ပေးမယ်။ အနီးစပ်ဆုံးနဲ့ အကောင်းမွန်ဆုံးဖြစ်အောင် အစ်ကိုကြီးတို့ လုပ်ပေးမယ်လို့ပြောပါတယ်။ အားပေးစကား၊ အားရှိစကားပဲ ကျွန်တော်တို့ကိုပြောပါတယ်။ ဒါတွေကို တွေ့ရတော့ ကျွန်တော်တို့အနေနဲ့ဝမ်းလဲဝမ်းသာတယ်။ ဂုဏ်လဲဂုဏ်ယူတယ်။ ကျွန်တော်တို့ထင်ထားတာနဲ့ တလွဲတွေ ဖြစ်နေတယ်။ ကျွန်တော်တို့နေရာ၊ ကျွန်တော်တို့ဒေသကိုလဲ ပြန်ပို့ပေးတော့မယ်ဆိုတာ သိလိုက်ရတယ်။ ကျွန်တော်တို့ မိဘတွေလဲခေါ်လို့ရတယ်။ ကျွန်တော်တို့ နှစ်နဲ့ချီပြီးတော့ မမြင်ရ၊ မတွေ့ခဲ့ရတာကို အဆက်အသွယ်ရခဲ့ပါတယ်။ ဒါကြောင့် တပ်မတော်ကြီးကိုလဲ ကျွန်တော်တို့က ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့အမှားကို ကျွန်တော်တို့သိပြီးတော့ အလင်းလာဝင်တယ်။ ဝင်တဲ့အချိန်မှာ ကျွန်တော်တို့ မိဘတွေနဲ့ ပေးတွေ့တဲ့အချိန်မှာ ဝမ်းလဲဝမ်းသာတယ်။ ဒီလိုဆက်သွယ်ပေးတဲ့ တပ်မတော်ကိုရော ဆရာကြီးအကုန်လုံးကိုရော ကျွန်တော်တို့က အထူးပဲ ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်"ဟု ပြောသည်။





(၅၀၁)

## ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၇ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၈၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## ထူးခြားသည့် ညအပူချိန်များ ( ၁၇ - ၁၁ - ၂၀၂၅ )

| | | | | |
|---|---|---|---|---|
| ဟားခါး | ၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၇ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဟုမ္မလင်း | ၁၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၁၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပူတာအို | ၁၀ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| တောင်ကြီး | ၁၁ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် |
| လားရှိုး | ၁၁ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| ပင်လောင်း | ၁၁ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |



# ဝတ္ထုတိုကဏ္ဍ

# အမတ်မင်းနဲ့ကြက်ဟင်းခါးသီး

## ညိမ်းညို

(၁)

အမတ်မင်းရောက်မလာခင်တုန်းကအထိတော့ ကြာပွားရွာကလေးမှာ ကြက်ဟင်းခါးသီးဆိုတာ အစိမ်းရောင်ဆူးတောင်ဘိုကလေးတွေနဲ့ ချက်စားရင် ခါးသက်သက်အရသာရှိတဲ့ အသီးတစ်မျိုးဆိုတာ ထက် မပိုခဲ့ပါဘူး။

ကြာပွားရွာကလေးဟာ လုပ်ငန်းခွင်ဝင်ရမဲ့အချိန် ရောက်တာတောင် နွားဝေါက်သံကလေးမှ မကြား ရဘဲ ငြိမ်ချက်သားကောင်းနေတယ်။ မနက်အရုဏ် ကျင်းလို့ အလင်းရည်အလင်းစက်တွေ ပိုးပိုးပေါက် ပေါက်ကျနေတာတောင် ရွာသူ ရွာသားတွေ တုပ်တုပ် မှ မလှုပ်သေးတာကလဲ ထူးဆန်းနေတယ်။ တချို့ကတော့ ကိုင်းထဲယာထဲထွက်ဖို့ ပြုတစ်ပြုတစ် လုပ်ကြပါရဲ့။ သူကြီးဘိုးဘခင်က သူ့တပည့်တွေဖြစ် တဲ့ ကျောက်မီးနဲ့ ဖိုးချွန်ကို ရွာအပေါက်ဝကနေ နကန် တစ်ချောင်းနဲ့ တဝင့်ဝင့်စောင့်နေစေတာဆိုတော့ ရွာရဲ့အပြင်ဘက် ဘယ်သူမှ မကျူးရဲကြဘူး။ သူကြီးဆိုတဲ့ အရှိန်အစော်ကလဲ သူ့ခေတ် သူ့အခါမယ် နည်းမှတ်လို့။ စပါးခင်းလေတိုးသလို ရှဲခနဲ အိကျ ကြရတာပဲ။

သူကြီးဘိုးဘခင် အဆိုအားဖြင့်တော့ ဒီနေ့ဟာ ကြာပွားရွာကလေးအတွက် အင်မတန်အရေးကြီး ဆိုသကိုး။

သူကြီးက "လိမ္မာရင် အကုန်လုံး ကြာပွားအတွက် ချည်းပဲ" ဆိုတာလဲ တတွတ်တွတ်ပြောရဲ့။ "အခွင့် ကောင်းဆိုတာ နှစ်ခါလာရိုးမရှိဘူး။ လက်မလွတ်စေ နဲ့ဟေ့" ဆိုတာလဲ တဖွဖွဆိုရဲ့။ ရွာက လူတွေကတော့ ဘာသိမှာတုန်း။ ကိုယ့်အုပ်ချုပ်တဲ့ သူကြီးမင်းက နေကြအုံးကွာဆိုတော့လဲ နေကြတာပေါ့။ သွားကြ စို့ဟေ့ ဆိုတော့လဲ သွားကြလေသတည်းပေါ့။

နေထန်းတစ်ဖျားကျော်လာတော့ အပူရှိန်က စပ်ဖျဉ်းဖျဉ်း ဖြစ်ရပြီ။ ရွာကလူတွေ မရိုးမရွဖြစ် ကြပြီ။ ဘာအကြောင်းမှန်းလဲ မသိရသေးဘူး။ နေ့စဉ်ရက်ဆက် အလုပ်ထဲ ခေါင်းတိုးဝင်နေကြသူ တွေဆိုတော့ အကြောင်းမည်မည်ရရ မသိရပါဘဲ ခြေချုပ်မိနေတာကို ငြီးငွေ့လာကြပုံပေါ်ပါရဲ့။

သူကြီးကတော်လုပ်သက်ရင့်နေတဲ့ ဘိုးဘခင်ဇနီး အမေရင်က ဘယ်နေပါလိမ့်မလဲ။ လူ့သဘော လူ့သဘာဝကို နောကျေနေအောင်သိလို့ပဲ လင်တော် မောင် ဘိုးဘခင်ကို ဘယ်နှဆက်မြောက်မှန်း မသိ အောင် သူကြီးတင်ထားတာ။ အခုလဲကြည့်လေ။ ဇန်ကောက်ပုဆိုးတစ္ဆမ်းရွှမ်းနဲ့ ယောင်နနဖြစ်နေတဲ့ ဘိုးဘခင်ကို မေးဆတ်ပြပြီး ရွာဆော်ကြေညာကို မောင်းတဒူဒူ ထုလိုက်စေတယ်။ မရိုးမရွ ဖြစ်နေတဲ့ လူအုပ်ကြီးလဲ မောင်းသံနားတစ္ဆင့်ခွင့်နဲ့ သူကြီးအိမ် ဝိုင်းထဲ အလျှိုအလျှို ရောက်လာကြရတာပဲ။ သူ့အရပ်နဲ့ သူ့ဇာတ်ကိုး။

(၂)

အစောပိုင်းကတော့ လူတွေက မရိုးမရွ။ အခု တော့လဲ သူကြီးအိမ်ဝိုင်းထဲ ဟိုနားစုစု၊ ဒီနားစုစု တီးတိုးတီးတိုးပေါ့လေ။ သန်ရာသန်ရာ သူ့အဖွဲ့လေး တွေနဲ့ သူကိုး။

"တို့ရွာမှာ အမှန်တကယ်လိုအပ်နေတာ စာသင် ကျောင်းပဲကွ။ အရာအားလုံးရဲ့ အခြေခံဟာ ပညာပဲလို့ ငါဖတ်ဖူးသမျှ ဘုတ်အုပ်တွေက ဆိုတာပဲ"

စာတိုညည်းတစ်ဖြစ်လဲ အုန်းမောင်က မန်းကျည် ပင်ရိပ်အောက် ဝိုင်းဖွဲ့ထိုင်ရင်း စကားတဖောင်ဖောင် ပြောနေတယ်။ ဘေးမှာလဲ သူ့လိုပဲ ပုဆိုးနံငယ် ပိုင်းနဲ့ ယောကျ်ားသား သုံးလေးယောက်ပေါ့လေ။ ကျောပြောင်ပြောင် ချွေးစိုစိုတွေချည်းပါပဲ။ ဆေးလိပ် မီးခိုးငွေ့တွေလဲ အူအူထလို့။

အုန်းမောင်က ဆက်ပြောနေတယ်။ အားလုံးက တော့ နားထောင်သမားတွေချည်းပဲ။ ရာသီပူပူ နေဆူဆူထဲ နားအေးပါးအေး နေချင်ကြတာလဲ ပါမယ်။ အများစုက ကျောင်းသားရှိကြတဲ့ အိမ်တွေ ချည်းဆိုတော့ ကိုယ့်ရွာကိုယ့်ကျောင်းနဲ့ စခန်းသွား ချင်ကြတာလဲ ပါမှာပေါ့။

ပြောရရင် ကြာပွားရွာက ခေါင်တယ်ဆိုတာထက် ပိုတယ်။ အဓိကက လမ်းမသင့်တာ။ သွားလမ်းသာလို့ လာလမ်းဖြောင့်တယ်ဆိုတာ ကြာပွားရွာကို မရောက် ဖူးတဲ့လူတွေ ပြောကြတာဖြစ်မှာပဲ။

အရှေ့စူးစူးမှာ သရက်တန်း၊ တမာစု၊ မန်းကျည်း ကုန်း၊ ကုက္ကိုမြိုင် အစဉ်လိုက်ရှိကြတယ်။ မြောက် ဘက်မှာတော့ ကျွန်းပင်လုတို့၊ ဖျောက်ဆိပ်တို့ရှိပါရဲ့။ ရိုးတွေကပေါ ဆူးတွေကထူသနဲ့။ လှည်းလမ်းမရှိ၊ ယာလမ်းမရှိ ကိစ္စကိုပြတ်ကရော။ မဖြစ်မနေ အကူး အလူး လုပ်ချင်သလား။ ဆိုခဲ့သလို အရှေ့စူးစူးက ကြည်းတောခေါင်ခေါင်ကိုဖြတ်၊ သရက်တန်းတို့၊ တမာစုတို့ရောက်ပါမှ ကျွန်းပင်လုဘက်ကို တံတောင် ဆစ်ချိုးပြန်ကွေ့။ မသက်မသာ တစ်လမ်းသွား ပြောကြပါစို့။

ကြာပွားရွာတောင်ဘက်ကတော့ ရွာစဉ်ကို မရှိ တာ ရေးအစဉ်အဆက်ကတည်းကပဲ။ ရေမကြည် မြက်မနုနေရာတွေဆိုတော့ နောက်ထပ်ရွာသစ်လဲ ဘယ်သူမှ တည်ဖို့ကြံပုံ မပေါ်ဘူး။ အဲ အနောက်ဘက် လားရင်တော့ မြစ်ကျိုးတို့ မြစ်ဆက်တို့ ရွာတွေရှိပါရဲ့။ သံခမောက်ဆိုတဲ့ တောင်ပို့ကြီးက ထီးထီး ခံနေတော့ ဘိုးလူလုပြောသလို "ငါတို့ရင်လဲ အတောင်ပံပေါက် ချင်ပေါက်၊ ငါတို့ရှာရင်လဲ လေယာဉ်ကွင်းဆောက် ချင်ဆောက်" ဆိုသလိုပဲ။ တစ်ရွာတစ်ရွာ ကူးလူးဖို့ဆို တာက ပေါင်းတောထဲ ပျိုးစိုက်ရသလို အောက်မေ့ကြ တာကိုး။ ခက်လွန်းလို့ လက်ရှောင်ကြတယ်ပေါ့လေ။ မဟုတ်ရင် အဲဒီမြစ်ကျိုးတို့၊ မြစ်ဆက်တို့ကျရောတဲ့။ မေးစရာရှိပါရဲ့။ သူတို့ကျလဲ ရှင်းတယ်။ ကြာပွား ရွာဘက်ကလမ်းကို ရှိသေးရဲ့ အောက်မေ့တာမဟုတ် ဘူး။ သူတို့ဘက်မှာက နယားချောင်းရှိသကိုး။ အဲဒီ ချောင်းကို ကျော်လိုက်ရုံနဲ့ ဖုန်နေတဲ့ကျောက်လမ်း အတိုင်း ဆက်လိုက်သွားရင် တစ်ဖက်က တိုက်နယ် အဆင့်ရှိတဲ့ မြို့ကလေးဆီ ခရီးပေါက်ကရော။

အုန်းမောင်စကားပြန်ကောက်ရရင် ကြာပွားရွာ ကလေးမှာ စာသင်ကျောင်းလိုနေတာတော့ အမှန်ပဲ။ သူတို့ခမျာ ရွာကလေးငယ်ငယ်ကို ကျောင်းသားအစု က နှစ်စုကွဲနေသေးတာ။ သရက်တန်းမှာ တက်ကြ တာလဲ ရှိရဲ့။ တမာစုမှာ တက်ကြတာလဲ ရှိရဲ့။ အစု ကွဲခါမှ ကွဲရော၊ မတတ်နိုင်ဘူး။ ကိုယ့်လူရင်းလူခံ ရှိတဲ့အလိုက် သင့်တော်တဲ့ရွာ ထားကြရတာပဲ။

ဒီပုံနဲ့ နေမြင့်လာသလို အပူရှိန်ကလဲ ပိုပြင်းလာ တယ်။ ဘုန်းကြီးကျောင်းက ဆွမ်းစားမောင်းလဲ ခေါက်ပြီးသွားပြီ။ သူကြီးကတော့ ဇန်ကောက်ပုဆိုး မာတောင့်တောင့်ကြီးကို ဒူးနားပေါ်အောင် မကာ မကာနဲ့ အိမ်ဝိုင်းအပြင်ဘက် ထွက်သွားလိုက်၊ ပြန်ဝင်လာလိုက် ယောက်ယက်ခတ်နေတယ်။ သူ့ခမျာ တမျှော်မျှော်ပေါ့လေ။

"ဘယ့်နှယ်၊ အမတ်မင်းက ငါ့ကို သေသေ ချာချာ မှာလိုက်တာပါ။ ယောက်ကျိုးနဲ ရက်များလွဲ ရော့သလား"

သူကြီးက ပွစိပွစိ ရွတ်လေ၊ ရွာသူ ရွာသားတွေက ဖင်တကြွကြွဖြစ်လေ။ အခုမှ လုပ်ငန်းခွင် ထသွားရ အောင်ကလဲ နေ့ပဲတစ်ဝက်ကျိုးနေပြီကိုး။ မထူးပါဘူး ဆက်ထိုင်ကြပေါ့လေ။ အမတ်မင်းတောင် လူကိုယ် တိုင်ရောက်အောင်လာမှတော့ အကျိုးမယုတ်တန် ကောင်းပါဘူးပေါ့။

သူကြီးကတော် အမေရင်ကတော့ ရေနွေးကြမ်း တွေ လှိုင်လှိုင်တည်ပြီး ပဲကြမ်းတွေ ထသုပ်တော့တာ ပဲ။ နဂိုကတည်းကမှ သူကြီးမရှိလို့လဲ ရွာမဆူဘူး၊ အမြည်းမရှိလို့လဲ အာမပူဘူးဆိုတဲ့ တောသူတောင် သားတွေကိုး။ အဖန်ရည် တဟူးဟူးမှုတ်လိုက်၊ ပဲကြမ်းသုပ် တကြွပ်ကြွပ်ဝါးလိုက်ကြနဲ့ ကိုယ်သန်ရာ သန်ရာ ဆက်ပြောနေကြတာပါပဲ။ အုန်းမောင့် စာသင်ကျောင်းတောင် အတော်ရုပ်လုံးပေါ်နေပြီ ပြောပါတော့။

"အုန်းမောင်ရေ မင်းပြောတဲ့ စာသင်ကျောင်းလဲ ကောင်းတော့ ကောင်းပါရဲ့။ ဒါပေမဲ့ ငါတို့ရွာ အခုလို နောက်ကောက်ကျနေတာ အဓိကအားဖြင့်တော့ လမ်းမသာလို့ပဲကွ။ ငါတော့ အမတ်မင်းလာရင် လမ်းကို အဓိကထားပြီး ပြောစေချင်တယ်"

မန်းဝင်းက အုန်းမောင်တို့ဝိုင်းဘက် ကူးလာ တယ်။ သူကလဲ ခေသူတော့မဟုတ်ဘူး။ သူ့ အခင်းက ချောက်ချီးချောက်ချက်ဆိုပေမဲ့ ထွက်တဲ့အသီးအနှံကို ဘယ်တော့မှ ပွဲစားလက်မအပ်ဘူး။ မြို့ကပွဲရုံကို သူကိုယ်တိုင် တိုက်ရိုက်သွားရောင်းတာ။ ရွာမှာတော့ စီးပွားရေးအမြင်ရှိသူ၊ အကြားအမြင် များသူပေါ့လေ။

"ကိုကြီးမန်းဘာသာ လမ်းကိစ္စပြောချင်ပြောပေါ့။ ကျုပ်တို့ကတော့ စာသင်ကျောင်းကို ဦးတည်ရမှာပဲ။ ဘယ့်နှယ်ဗျာ၊ စာသင်ကျောင်းရလို့ ရွာမှာ ပညာတတ် တွေထွက်လာရင် လမ်းတွေဘာတွေဆိုတာ ကျွဲကူး ရေပါ ဖြစ်သွားမဲ့ဥစ္စာ"

အုန်းမောင်ကလဲ သူ့စာသင်ကျောင်းကနေ တစ်ထစ်မှမလျော့ဘူး။ သူကလဲ ရွာမှာတော့ ပညာ ရေးအမြင် ရှိသူကိုး။

သူကြီးကတော့ ရောက်မလာသေးတဲ့အမတ်မင်း ကို လည်တဆန့်ဆန့်မျှော်လိုက်၊ သူ့လူတွေ တစ်ယောက်တစ်ပေါက် စိတ်ကူးနဲ့ဖဲ့ရိုက်နေကြတာ ကို နားစွင့်လိုက်လုပ်နေရတာပဲ။ ဒီလိုနဲ့ ထမင်းစား ချိန်တောင် ကျော်လာပြီဆိုတော့ သူကြီးကတော်က မျက်ရိပ်မျက်ခြည်ပြတယ်။ ရေနွေးကြမ်းနဲ့ ပဲကြမ်း သုပ်က မထောင်းသာပေမဲ့ ဒီလူအုပ်ကြီးနဲ့ ထမင်း ကျွေးရရင် အလှူပေးသလောက် ရှိတော့မှာကိုး။ ဘိုးဘခင်ကလဲ သူကြီးပါတဲ့။ အဝင်သာ လက်ခံမယ်။ အထွက်တော့ နှစ်ယောက်မရှိဘူးပေါ့လေ။ မြို့ပိုင် မင်းတို့၊ အမတ်မင်းတို့ ပြောပြောနေတာ နားရည် ဝလှပေါ့။

"အဟမ်း...အဟမ်း"

သူကြီးက ချောင်းဟန့်တယ်။ ရုတ်တရက် ထဟန့်ရတဲ့ချောင်းဆိုတော့ ဘာများလဲပေါ့။ အုန်းမောင်တို့၊ မန်းဝင်းတို့ အာပေါင်အာရင်းသန်သန် ငြင်းခုံနေရာက လှည့်ကြည့်ကြတယ်။

"ကဲ...အားလုံးပဲ၊ ထမင်းစားချိန်လဲ ရောက်ပြီဆို တော့ အားတော့နာပါရဲ့ကွာ"

"ရပါတယ် သူကြီးခင်ဗျ။ တစ်ရွာထဲသားချင်းတွေ အားနာမနေပါနဲ့။ ရှိထမင်း ရှိဟင်းပေါ့"

စပါးကျီခြေရင်း မှီထိုင်နေတဲ့ မရွှေမကောင်းပေါ်ဦး က ဖောက်ပြောလိုက်တော့ သူကြီး ဘာဆက်ပြော ရမှန်းတောင် မသိဘူး။ သူကြီးကတော် ကယ်ပေ လို့သာပေါ့။

"ပေါ်ဦးရေ မင်းတစ်ယောက်တော့ဖြင့် ရှိထမင်း ရှိဟင်းပေါ့ကွယ်။ မနေ့က ကျုန်တာလေး ရှိပါရဲ့။ ကိုဘခင်နဲ့ ငါနဲ့က ဒီနေ့ဥပုသ်ရတယ်ကွဲ့။ ကိုင်းကိုင်း ကျန်တဲ့လူတွေ ထမင်းစား ပြန်ကြပါအုံး။ နေကလေးချိုတော့ ပြန်စုကြတာပေါ့။ ဒီကြားထဲ အမတ်မင်းရောက်လာတော့လဲ ဖိုးချွန်ကို မောင်းထု ခိုင်းလိုက်တာပ"

(၃)

နေကလေး မချိုတချို ထမင်းစားသောက် ပြီးတာနဲ့ သူကြီးအိမ်ဝိုင်းထဲ အလီလီပြန်ရောက် လာကြတယ်။ အိမ်မှာနေလို့ကော ဘာထူးတော့ မှာတုံး။ နေတောင် ခါးကျိုးနေပေါ့ဟာ။ ဒီတစ်ခါ တော့ မိန့်မတွေပါ ပါလာကြတယ်။ ကြာပွားကို မြို့ပေါ်က အမတ်မင်းကိုယ်တိုင် ကွင်းဆင်းလာမယ် တဲ့။ ရွာမှာလိုအပ်ချက်ရှိတာတွေကို စာရင်းလာ ကောက်မယ်ဆိုတဲ့ သတင်းကလဲ မနက်ပိုင်းတုန်းက

စာမျက်နှာ ၂၇ သို့

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောမြေပဲကေအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီး



**စစ်ကိုင်း နိုဝင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲဧကအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၉၄၂၉ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လ မှစတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧက လျှင် ၄၈ ဒသမ ၈၆ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ မြေပဲ ၉၄၂၉ ဧက စိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ မြေပဲခင်းတွေ လက်ရှိ ဧကအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ဆီထွက်သီးနှံ အနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာ ရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရန်၊ ပိုးမွှားရောဂါ ကျရောက်မှု မရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများ ယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းနှင့် အရည်အသွေး တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည် ဖြစ်သောကြောင့် မြေပဲကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ခုံးစိမ်းပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**လပွတ္တာ နိုဝင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ခုံးစိမ်းပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမြင့်က ပြောပြသည်။

လပွတ္တာမြို့နယ်တွင် သဘာဝအတိုင်းဖမ်းယူရရှိသည့် ခုံးစိမ်းများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ယခုနှစ် စက်တင်ဘာလအတွင်းက ခုံးစိမ်း ပိဿာချိန် ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း ခုံးစိမ်းပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ခုံးစိမ်းများကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်လျက်ရှိကြောင်း သိရသည်။

"ဒေသထွက် ခုံးစိမ်းတွေ အဝယ်လိုက်နေပါတယ်။ ပြည်တွင်းဈေးကွက်မှာကို အဝယ်လိုက်နေတာပါ။ ပြီးခဲ့တဲ့ တစ်လအတွင်း ခုံးစိမ်းတွေ အရောင်းအဝယ် ကောင်းခဲ့ပါတယ်။ လပွတ္တာမြို့နယ်ဘက်က ငါးတွေ၊ ပုစွန်တွေ၊ ကဏန်းတွေအပြင် ခုံးစိမ်းတွေကို ရရှိကြတာ ဖြစ်ပါတယ်။ ဒေသထွက် ခုံးစိမ်းတွေကို လပွတ္တာမြို့ကနေတစ်ဆင့် ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ ရောင်းချနေပါတယ်။ အခု အရောင်းအဝယ်ကောင်းလာတော့ ရေလုပ်သားတွေ၊ ကုန်သည်တွေ အလုပ်အကိုင်အခွင့်အလမ်းတွေ ကောင်းလာပါတယ်"ဟု လပွတ္တာမြို့နယ်ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်ဒေါ်မိုးမြင့်ကပြောပြသည်။

လပွတ္တာမြို့နယ်တွင် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ငါးအမျိုးမျိုး၊ ပုစွန်အမျိုးမျိုး၊ ကဏန်းများအပြင် ခုံးစိမ်းများကို ရေလုပ်သားများထံမှ ဝယ်ယူပြီး ရန်ကုန်မြို့သို့ တင်ပို့ ရောင်းချလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

➢**စာမျက်နှာ ၂၆ မှ အဆက်**

ယောကျ်ားသားတွေကတစ်ဆင့် သိကြပြီကိုး။

ဆန်ကောလောက်ရှိတဲ့ ရွာကလေးလက်တစ်ဆုပ်ကို သူကြီး အပြောတစ်ခုနဲ့ အမတ်မင်းမျှော်နေကြပုံများ တစ်ခါမှ ဒီလောက်မစည်ကားခဲ့ဘူးတာတော့ အမှန်ပဲ။

မိန်းမတွေပါ ပါလာပြီဆိုတဲ့နောက် သူတို့တောင်းဆိုချင်တဲ့အရာတွေကလဲ စာသင်ကျောင်းနဲ့လမ်းတင် ဘယ်ကပါတော့မလဲ။ အမတ်မင်းရောက်မလာနိုင်လေ သူတို့တောင်းဆိုမဲ့ စာရင်းတွေက တိုးလာလေ။ ရွာကလေး ငါးတစ်ပွက်စာလောက်ကို ငါးရက်တစ်ဈေးခင်းပေးဖို့တောင် ပါလိုက်သေး။ ဘယ်သူတွေက ဘာတွေရောင်းကြမယ်တော့ မသိနိုင်ဘူးပေါ့လေ။ ဒီပုံနဲ့ မိုးချုပ်လာတော့ သူကြီးတပည့်တွေလဲ အောက်လင်းဓာတ်မီးကြီး လေပေါင်ပြည့်အောင် ရှီးခနဲ ရှီးခနဲထိုးပေါ့။ မဟုတ်ရင် အမှောင်ထုထဲမှာနေရဖို့ ခက်ရချည်သေး။

ရွာသူ၊ ရွာသားတွေ ဖွဲကလဲ ခုမှဖြင့် တလင်းပြင် ကျောက်ချထားသလို တစ်ညလုံးနေဆိုလဲ နေကြတော့မဲ့ပုံတွေ။ အမယ်လေးဗျာ တစ်ရွာလုံးစုထားပြီး စကားပြောခိုင်းထားသလိုတောင် ဖြစ်နေပါပေါ့လားလို့ သူကြီးဘိုးဘခင် အောက်မေ့မိရဲ့။ တောရိပ်တောင်ရိပ်နဲ့ဆိုတော့ ဖြုတ်တွေ၊ ခြင်တွေကလဲ လာလိုက်တာလွန်ပါရော။ နွားခြံဘက်ကလူတွေ သာဆိုးပေါ့။ ကြေည်က နွားခြံထဲဝင် နန္နင်းတက်တွေအိုးကင်းနဲ့ထည့်ပြီး မီးခိုးမှိုင်းတိုက်တော့မှ ဖြုတ်တွေ၊ ခြင်တွေလဲ အတော်ကလေး ပါးသွားလေရဲ့။

ညအရေး လကလေးကလဲ ခပ်ကွေးကွေးရယ်ပါ။ တစ်ခြမ်းပဲ့လကလေးက နာလန်ထစ လူမမာလို မှိန်တိမ်တိမ်နဲ့ သူ့ကိုယ်သူတောင် ပြန်မြင်ရပုံမပေါ်ဘူး။ သူကြီးခမျာလဲ ခြေသလုံးကြောတွေတောင့်လို့။ ဗန်ကောက်ပုဆိုးကြီးကလဲ မလဲရသေးဘူး။ အခုမှထလဲလို့ကလဲ မထူးဘူးလေ။ အမတ်မင်းပဲ ရောက်တော့မဲ့ဟာ။ ခွတွေကိုကျလို့။

ဟော… ရွာရှေ့တံခါးက ခွေးဟောင်သံ သဲ့သဲ့ကြားရပြီ။ ငါ့နှယ်နော် ခွေးဟောင်သံကြားလို့ ပျော်ရတာ ဒီတစ်ခါ အဦးဆုံးဖြစ်မှာပဲလို့လဲ သူကြီးဘိုးဘခင် တွေးတယ်။ တစ်ဆက်တည်း ပါးစပ်ကလဲ–

"ကျောက်မီးတို့၊ ဖိုးချွန်တို့ သွားကြိုကြပါဟ။ ကြေည် မင်းရဲ့ အောက်လင်းဓာတ်မီးက လေပေါင်ကျပြီဟ။ မယ်ရင်ရေ နေရာထိုင်ခင်းလေး ပြင်ပါကွဲ့" နဲ့ ပြောပြောပြင်ပြင်ပေါ့လေ။

သူကြီးကမှ လောလောဆော်ဆော်ပြုပြီဆိုတော့ ရွာသူ၊ ရွာသားတွေကလဲ လည်တမော့မော့ပေါ့။ မကြာပါဘူး။ ဖိုးချွန်တို့ ဦးဆောင်ပြီး ဓာတ်မီးတဝင်းဝင်းနဲ့ ပေါက်ချလာတယ်။ လူစိမ်းက နှစ်ယောက်။ အသားဖြူဖြူ ကိုယ်နေဟန်ဖိုင့်ဖိုင့်နဲ့လူက ဆရာဖြစ်ပုံရတယ်။ သူ့နောက်က ကျောက်ပေါက်မာသက်သက်နဲ့ နက်တူးတူး ပိန်ရှည်ရှည်လူက တပည့်ဖြစ်ဟန်တူရဲ့။ တစ်ယောက်တစ်ပေါက် စိတ်ကူးနဲ့ အကဲခတ်နေတာပဲ။

**ဆက်လက်ဖော်ပြပါမည်။**

## စောစောအိပ်ထ လမ်းလျှောက်ကြ

– ဆောင်းရာသီ အေးချမ်းလှ
မြူနှင်းကျ နံနက်တွင်၊
စိတ်ဘဝင် လွန်အေးချမ်း
ရွှင်လန်းလို့ပင်၊
လူရှင်းသော ချိန်ခါတွင်
လမ်းလျှောက်လျှင် အကောင်းဆုံး၊
သန့်ရှင်းလေ ရှူရှိုက်ပါက
ကျန်းမာလို့ပြုံး။

– ကျန်းမာရေး အထူးလိုက်စားဖို့
စောစောအိပ်စို့ ညအခါ၊
နံနက်ခင်း စောစောထ
အေးမြချိန်မှာ၊
ကိုယ်လက်လှုပ်ရှား လမ်းလျှောက်ပါ
ကိုယ်ကျန်းမာ စိတ်ချမ်းသာပေး၊
အသက်ရှည်ရှည် ရောဂါကင်းဖို့
မပျင်းစို့လေး။

– လူ့ခန္ဓာ နှလုံးကြွက်သားက
သတိပြုကြ ဂရုစိုက်ပါ
လမ်းလျှောက်လျှင် သက်သာသေး
ဘေးကင်းချမ်းသာ၊
လူ့ခန္ဓာဖွဲ့စည်းမှု အဆင့်ဆင့်ဟာ
ချိတ်ဆက်လျက်သာ တည်နေကြောင်း၊
လမ်းလျှောက်လျှင် အကျိုးများ
ခွန်အားတို့ကောင်း။ ။

**ဇင်မင်းစိုး(ဗိုလ်ကလေး)**

# ပွင့်ဖြူမြို့နယ် သမော်အင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပွင့်ဖြူ နိုဝင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မုန်းမြင့်ကျေးရွာအုပ်စု သမော်အင်းကျေးရွာ၌ စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ရန်ပုံငွေ ထုတ်ချေးခြင်းကို နိုဝင်ဘာ ၁၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်လှကြူနွဲ့က မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ချေးငွေအတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ဒုတိယဦးစီးမှူး ဒေါ်လှကြူနွဲ့က မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၁၀ ဒသမ ၈ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက သမော်အင်းကျေးရွာရှိ ဆီထွက်သီးနှံ နေကြာစိုက်ပျိုးသော အသင်းသား၊ အသင်းသူ ၃၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ရန်ပုံငွေကျပ် ၁၀ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း ဒုတိယဦးစီးမှူး ဒေါ်လှကြူနွဲ့ထံမှ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# စာဖတ်ခြင်းမှရတဲ့အကျိုး

**ဇော်လေး**

စာဖတ်ခြင်းမှရတဲ့အကျိုးဟုတ်လား။

စာဖတ်ခြင်းကပေးတဲ့ ကောင်းကျိုးလို့ရေးပါလား။ နိုး။ စာဖတ်ခြင်းဟာ ကောင်းကျိုးတွေချည်းပေးတယ်လို့ စာရေးသူက မရေးလိုပါ။ ဘာကြောင့်လဲဆိုတော့ စာဖတ်ပြီး လူအချို့ဟာ ဆိုးကျိုးရတာမျိုးတွေလည်းရှိခဲ့လို့ပါပဲ။ အခြားသူအကြောင်း၊ စာအုပ်ထဲက အတွေ့အကြုံအကြောင်းတွေ ပြောနေစရာမလိုပါဘူး။ မိမိကိုယ်တွေ့ စာအုပ်ဖတ်ပြီး လွဲမှားဖူးတဲ့ ကိုယ်တွေ့ဆိုးကျိုးတွေ ရှိတတ်ကြောင်း သိခဲ့ရလို့ပါခင်ဗျာ။ စာဖတ်ခြင်းက ကောင်းကျိုးဖြစ်စေတာရှိသလို စာဖတ်လို့ဖတ်သူက မဆင်မခြင်ခေါင်းမာမာနဲ့ စွတ်လုပ်တဲ့အတွက် အကြီးအကျယ်မှားယွင်းချွတ်ချော်တာတွေလည်း ရှိခဲ့ဖူးတာပဲမဟုတ်လား။ ကိုယ့်သမိုင်းကိုယ်ရေးသွားကြရတာလေ။

မိမိကိုယ်တိုင်တွေ့ကြုံခဲ့ရတဲ့ သင်ခန်းစာကတော့ သခင်မြတ်ဆိုင်ရေးတဲ့ "ကျောက်ကွင်းအရေးတော်ပုံ"ဆိုတဲ့စာအုပ်က စတင်အကြောင်းပြုပါတယ်။ အခြားဘာသာက သင်းအုပ်ဆရာနဲ့ ဗုဒ္ဓဘာသာဘက်က သံဃာတော်တစ်ပါးဟာ ကျောက်ကွင်းကျေးရွာဆိုတဲ့ ဘာသာအယူနှစ်မျိုးစလုံး ကိုးကွယ်ကြတဲ့ရွာမှာ သူ့ဘာသာ၊ ကိုယ့်ဘာသာ၊ ကိုးကွယ်ယုံကြည်ထိုက်ကြောင်း (စကားရည်လုပွဲလိုလိုဆိုပါစို့)နှစ်ဖက်ဟောကြားကြတဲ့ပွဲပါ။ သခင်မြတ်ဆိုင်က ဘေးလူအနေနဲ့ ပြန်လည်ရေးသားမှတ်တမ်းတင်တဲ့ တကယ့်ဖြစ်ရပ်မှန်ပါ။ ဗုဒ္ဓဘာသာအကြောင်းဟောကြားသူက ဆရာတော် တောင်တွင်းကြီးနတ်မှီတောရမှ **ရှင်ဥက္ကဋ္ဌ** ဖြစ်ပါတယ်။

စာရေးသူ ၆ တန်း၊ ၇ တန်းကျောင်းသားအရွယ်ပါ။ ဒီစာအုပ်ကို ပုန်းလျှိုးကွယ်လျှိုးဖတ်ရပါတယ်။ ဖတ်တဲ့လူဖမ်းတယ်ဆိုလား။ ဒီစာအုပ်တွေ့ရင် သက်ဆိုင်ရာက သိမ်းတယ်ဆိုလား။ ဟုတ်မဟုတ်တော့ မသိပါ။ ထိုစဉ်ကာလ မိမိကဖတ်ချင်တယ်ဆိုလို့ ငှားဖတ်ခွင့်ရခဲ့တာကြောင့် ရှင်ဥက္ကဋ္ဌရဲ့ စာအုပ်တော်တော်များများ လေး၊ ငါး၊ ခြောက်အုပ်ကို ဖုံးဖုံးဖိဖိလျှို့လျှို့ဝှက်ဝှက်၊ ခက်ခက်ခဲခဲ ရှာပြီးဖတ်ခဲ့မိပါတယ်။ ကြိုက်လွန်းတာကိုး။ တစ်အုပ်ပြီးတစ်အုပ် သဘောကျနေတာကိုး။

**"အသင်လူသား ဘာမှားနေသလဲ"**

**"အိုယောဂီ၊ သင်ဘယ်ကိုသွားမလဲ"**

**"ဓမ္မစကြာတရားနှင့် အနတ္တလက္ခဏသုတ်အဖွင့်"**

စသဖြင့် ယခင်က မိမိမသိခဲ့မကြားခဲ့တဲ့ ဘာသာရေးဗဟုသုတတွေ တိုးလာလို့ ဝမ်းသာပျော်ရွှင်ပါတယ်။ ထိုအချိန်က အရှင်ဥက္ကဋ္ဌရေးသမျှစာအုပ်တွေ သိမ်းတယ်ဆိုတာကလည်း ဟုတ်ချင်ဟုတ်နိုင်ပါတယ်။ သို့ပေမယ့် ရှင်ဥက္ကဋ္ဌရေးတဲ့"**ကပ္ပပြဿနာ**" ဆိုတဲ့ စာအုပ်ကတော့ ပုံစံစာအုပ်တိုက်က ၁၉၆၂-၁၉၆၃ ခုနှစ်လောက်မှာထင်ပါရဲ့ ထုထုထဲထဲ၊ သေသေသပ်သပ်ထွက်လာပါတယ်။ အဖုံးပန်းချီဒီဇိုင်းလည်း သိသိသာသာ သားနားပါတယ်။ ယခင်ကစာအုပ်တွေနဲ့ ခြားနားလှပါတယ်။ တရားဝင်ထုတ်ဝေခဲ့တာပါ။

ဘာပဲဖြစ်ဖြစ် ဆယ်ကျော်သက်အလယ်တန်းကျောင်းသားဘဝမှာ ဖတ်ဖြစ်ခဲ့တဲ့အဲ့ဒီစာအုပ်တွေရဲ့ လွှမ်းမိုးမှုဟာ အတော်ကြီးထိရောက်ပြင်းထန်ပါတယ်။

ရွာလယ်လမ်းမကြီးက မြေကြီးပေါ် တမာပင်ကြီးတွေရဲ့ အရိပ်အောက်မှာ ဘယ်လိုဆုံစည်းမှန်းတော့ မသိပါ။ စာရေးသူရဲ့ တစ်ဦးတည်းသော အမေ့အစ်ကို (မောင်ကြီး)မိမိရဲ့ဦးကြီးဘကြီးကို မိမိစာဖတ်ထားလို့ နားလည်တယ်လို့ ထင်နေသမျှ ဘဝင်မြင့်တဲ့လေသံနဲ့ ပြောဆိုရှင်းပြနေမိခဲ့တာတော့ မှတ်မိတာခုထိစွဲမြဲတယ်။

ဦးကြီးက ငါးရွာကိုအုပ်ချုပ်တဲ့သူကြီးပါ။

ချောက်မြို့နယ်မှာ ဩဇာကြီးတဲ့သူကြီးများအဖြစ် ငွေချို့ရွာကသူကြီး ဦးသန်းနဲ့ ကြီးနီရွာက ဦးလှမောင်ဆိုတာ တစ်နယ်လုံးထင်ရှားတဲ့ ဩဇာတိက္ကမ ရှိခဲ့ကြတဲ့ ရပ်ရွာလူကြီး နာမည်ထင်ရှားသူဖြစ်ပါတယ်။

❖ **စာဖတ်ခြင်းမှရတဲ့အကျိုးဟုတ်လား။ စာဖတ်ခြင်းကပေးတဲ့ ကောင်းကျိုးလို့ရေးပါလား။ နိုး။ စာဖတ်ခြင်းဟာ ကောင်းကျိုးတွေ ချည်းပေးတယ်လို့ စာရေးသူက မရေးလိုပါ။ ဘာကြောင့်လဲဆိုတော့ စာဖတ်ပြီး လူအချို့ဟာ ဆိုးကျိုးရတာမျိုးတွေလည်း ရှိခဲ့လို့ပါပဲ။ အခြားသူအကြောင်း၊ စာအုပ်ထဲက အတွေ့အကြုံအကြောင်းတွေ ပြောနေစရာမလိုပါဘူး။ မိမိကိုယ်တွေ့ စာအုပ်ဖတ်ပြီး လွဲမှားဖူးတဲ့ ကိုယ်တွေ့ဆိုးကျိုးတွေရှိတတ်ကြောင်း သိခဲ့ရလို့ပါခင်ဗျာ။ စာဖတ်ခြင်းက ကောင်းကျိုးဖြစ်စေတာရှိသလို စာဖတ်လို့ဖတ်သူက မဆင်မခြင်ခေါင်းမာမာနဲ့ စွတ်လုပ်တဲ့အတွက် အကြီးအကျယ် မှားယွင်းချွတ်ချော်တာတွေလည်း ရှိခဲ့ဖူးတာပဲမဟုတ်လား။ ကိုယ့်သမိုင်းကိုယ်ရေးသွားကြရတာလေ။** ❖

သူကြီးကို ဒီလိုလေသံနဲ့ပြောဖို့ မဆိုထားနဲ့၊ တော်ရုံတန်ရုံလူဆို မော်မကြည့်ဝံ့အောင် ဩဇာအရှိန်အဝါကြီးတဲ့ပုဂ္ဂိုလ်မျိုးပါ။ မိမိက ဘာလို့ပြောရဲတာလဲဆိုတော့ မိမိကို ကလေးဘဝကတည်းက အနီးကပ်အလိုလိုက်ပြီး သားအရင်းလိုချစ်ခဲ့တဲ့ ဦးကြီးမို့ပါ။ စာရေးသူရဲ့အဒေါ်များနဲ့အမေက မောင်မောင်လို့ခေါ်ကြတဲ့ တိုက်သူကြီးကို စာရေးသူက စာအုပ်လေး၊ ငါး၊ ခြောက်အုပ်ဖတ်ထားသမျှ ရှင်းပြနေမိတာပါ။ ဦးကအပြုံးမပျက်ဘဲ" တစ်နေ့ကျရင်တော့ မင်းနားလည် လာမှာပါ"လို့ ချိုချိုသာသာပဲပြောပါတယ်။

နွားခြေရာခွက်ထဲက ဖားသူငယ်လေးပါ။

စာရေးသူဟာ အလယ်တန်းကျောင်းသားဘဝ၊ အထက်တန်းကျောင်းသားဘဝတွေမှာ ဩကာသ ဘုရားရှိခိုးကို မရွတ်ဆိုတော့ပါဘူး။ ရှင်ဥက္ကဋ္ဌက **"မလိုဘူး၊ အပိုတွေပဲ၊ ဘာမှအပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပ္ပတ္တိတရားစသဖြင့် ရလိုပါ၏" ဆုတောင်းနေတာက ဘုရားကို ဦးသုံးကြိမ်လေးချပြီးတာနဲ့ တောင်းဆိုပူဆာလိုက်တဲ့လိုချင်ဆန္ဒတွေက မမျှတအောင် များလွန်းနေတာ မတရား၊ မမျှတဘူး။ ဆုမတောင်းဘဲ ဦးချရှိခိုးလိုက်ရင် ပြီးတယ်။** ဒီသဘောမျိုးတွေဖတ်ရတော့ ဟုတ်တာပေ့ါ။ ဒါမျိုးမှ ကြိုက်တယ်ဆိုပြီး နေလာလိုက်တာ နှစ်အတော်ကြာကြာ။ ဓမ္မာစရိယဦးဌေးလှိုင်၊ ဆရာဆန်းလွင်၊ ဆရာကြီးဒဂုန်ဦးထွန်းမြင့်၊ ချမ်းမြေ့ရိပ်သာဆရာတော်၊ မဟာစည်ဆရာတော် စတဲ့ကျမ်းစာများကို တက္ကသိုလ်ကျောင်းသားဘဝ၊ အသက် ၂၀ လောက်ရောက်လာမှ အမြင်မှန်၊ အတွေးမှန်ရလာခဲ့ပါတယ်။ ကံကောင်းပေလို့ဗျာ။

စာရေးသူ စာဖတ်တာမှာ အယူလွဲချော်ခဲ့မိကြောင်း နောင်အခါ ဗဟိုသံဃနာယကမှ ဓမ္မ၊ အဓမ္မ အမှုအခင်းအဖြစ် စစ်ဆေးကာ **ရှင်ဥက္ကဋ္ဌ၏လူသေလူဖြစ်**ဟာ **"အဓမ္မဝါဒ"**အဖြစ် ဆုံးဖြတ်တော်မူမှုပဲ အယူအစွဲအမှားကျွတ်သွားခဲ့ရပါတယ်။ ယုံကြည်မှုလွဲချော်တဲ့အစွဲဟာ ဘာသာရေးပဲဖြစ်ဖြစ်၊ နိုင်ငံရေးပဲဖြစ်ဖြစ်၊ အယူဝါဒမှန်ကန်ဖို့ဟာ အထူးအရေးကြီးလှပါကြောင်း သင်ခန်းစာရခဲ့ဖူးပါရဲ့။

**မှားနေရင် နောက်ပြန်လှည့်ဖို့ ဝန်မလေးနဲ့နော်။**

စာဖတ်ခြင်းမှရတဲ့ ဆိုးကျိုးအကြောင်း သူများတွေရဲ့ဘဝတွေ၊ အဖြစ်အပျက်တွေနဲ့လည်း သာဓကပြစရာတွေရှိခဲ့ပါတယ်။ အကျယ်မပြောတော့ပါဘူး။ ရှိစေတော့။

စာဖတ်ခြင်းကြောင့် ရတဲ့ကောင်းကျိုးတွေကလည်း ယူတတ်ရင်ယူတတ်သလောက် ဘဝခရီးကောင်းမွန်ဖြောင့်ဖြူးအောင် အများကြီးရှိပါတယ်။ ဘယ်လောက်များသလဲဆိုရင်တော့ ကောင်းကင်ကကြယ်စင်ငွေပွင့်စိန်ပွင့်တွေကို ရေတွက်လို့မကုန်နိုင်သလိုပဲ များလှပါတယ်။ စကြဝဠာအနန္တကျယ်ပြောလှတဲ့ ဂြိုဟ်၊ နက္ခတ်၊ တာရာတွေဟာ ရေတွက်လို့ မကုန်ဘူးပေ့ါ။

စာရေးသူကိုယ်တွေ့ စာဖတ်များလို့ လက်တွေ့ကောင်းကျိုးရတာ အချို့ကိုတော့ ကြွားတယ်လို့ မထင်စေလိုပါ။ အနည်းငယ်ဖော်ပြပါရစေ။

တပ်မတော်အရာရှိဖြစ်စ မိခင်ခြေလျင်တပ်ရင်းမှာ တပ်စုမှူးအဖြစ် တာဝန်ယူရပါတယ်။ မိမိတို့ ဗိုလ်သင်တန်းအပတ်စဉ် (၄၃)က လေးယောက်အတူရောက်ကြပါတယ်။ ရောက်တာနဲ့ ကျောပိုးအိတ်နဲ့ စစ်ဝတ်စစ်ချပ်၊ သေနတ်၊ ခဲယမ်းတွေ ထုတ်ပေးပြီး ရှေ့တန်းစခန်းအသီးသီး စေလွှတ်လိုက်ပါတယ်။ သွားကြ။ ရန်သူနဲ့ရင်ဆိုင်ကြ။

နှစ်လလောက်ကြာတော့ ရန်သူနဲ့ကျွန်တော့်တပ်ခွဲထိတွေ့မှုဖြစ်ပါတယ်။ ရန်သူ့ဆီက နှစ်လောင်း၊ လက်နက် တစ်လက်၊ ခဲယမ်းတွေ၊ ကျောပိုးအိတ်တွေနဲ့ စစ်ဘက်ဆိုင်ရာတွေ ရမိခဲ့တယ်။ နောက်တစ်လ မိမိဦးစီးတဲ့တပ်စု ရန်သူနဲ့ထိတွေ့တယ်။ အရှုံးမရှိ၊ အမြတ်ရပြန်တယ်။

တပ်ရင်းမှူးက တပ်ခွဲကိုနောက်တန်းသို့ အလှည့်ကျတစ်လနားဖို့ အခွင့်အရေးပေးတယ်။ အရန်တပ်ခွဲဆိုပြီး တပ်ရင်းမှာ လေ့ကျင့်စေပါတယ်။ တပ်မှာရှိတဲ့ အရာရှိတွေက တပ်ရင်းဌာနချုပ်ရှိ အကြပ်၊ စစ်သည်၊ ရဲမေတွေကို စည်းရုံးရေးသဘော လစဉ်ဆွေးနွေးဟောပြောရတာမို့ စာရေးသူအလှည့်ရောက်လာပါရော။

နာရီဝက်လောက်ဟောပြောဖို့ သေသေချာချာကြိုတင်ပြင်ဆင်လေ့ကျင့်သွားပါတယ်။ သူတို့နားနဲ့အနေတော်ဖြစ်စေရမယ်။ မမြင့်မနိမ့်၊ မကျယ်မကျဉ်း။ ရယ်စရာပါရမယ်။ စိတ်ဝင်စားစရာ ဇာတ်လမ်းတစ်ခုခုပါရမယ်။ သတိပြုစရာ အကျိုးပြုရည်ရွယ်ချက်ပါစေရမယ်။ **"မိမိက တပ်တွင်းစည်းလုံးညီညွတ်ရေးဟာ မိမိတပ်က တာဝန်ထမ်းဆောင်နေရတဲ့ ရှေ့တန်းစစ်ဆင်ရေးမှာ အဓိကအင်အား"** ဆိုတာထင်ရှားမြင်သာအောင် ရှင်းရှင်းနီးနီးခင်ခင်မင်မင် ပြောပါတယ်။ သူတို့ခံစားနားလည်ကြတယ်။

တပ်ရင်းမှူးက တိုင်းစစ်ဌာနချုပ်နေရာရွှေးဖို့ အစည်းအဝေးသွားတက်နေလို့ မရှိပါ။ (၁၉၇၂ ခုနှစ်မှာ ရမခ မဖွင့်ရသေးပါ၊ ရပခဗျူဟာပဲရှိပါတယ်) ဒုတပ်ရင်းမှူးဗိုလ်မှူးဘအုန်းက အတော်သဘောကျသွားပါတယ်။ ရဲမေတွေ တသောသောရယ်မောအောင်ပြောနိုင်တော့ ပျော်သွားကြတယ်။ ဆွေးနွေးပွဲဆိုတာ ပျင်းစရာကြီးတွေပဲ ပြောနေကြတာမှတ်ယူထားခဲ့တာကိုး။

စာရေးသူဟာ မကြာခင် တပ်စုမှူးအဖြစ်မှ ထောက်လှမ်းရေးနဲ့ ဆက်သွယ်ရေးအရာရှိတာဝန် ရွေးချယ်တာဝန်ပေးခံရပါတယ်။ ဒါဟာစာဖတ်များခဲ့လို့ပေ့ါဗျာ။

ရွေးခဲ့သူတပ်ရင်းမှူးက ဗိုလ်မှူးဒီအိုအေဘယ်ပါ။ စာဖတ်ခြင်းက ကံကောင်းစေတယ်လို့ ပြောချင်ပါသေးတယ်။ ထောက်လှမ်းရေးသင်တန်း၊ တပ်ခွဲမှူးသင်တန်း၊ တပ်ရင်းမှူးသင်တန်း စတဲ့တက်ခဲ့သမျှ သင်တန်းအားလုံးမှာ မိမိက ပထမအမြဲမရပေမယ့် ထိပ်ပိုင်းငါးယောက်ထဲတော့ အမြဲတမ်းပါအောင် စာကြိုးစားခဲ့ပါတယ်။ မန္တလေးတက္ကသိုလ်က စိတ်ပညာဘွဲ့ရခဲ့တော့လည်း B.A(Psy)မှာ ဂုဏ်ထူးလေးဘာသာနဲ့ ပထမရပြီး အောင်ခဲ့တဲ့ အစဉ်အလာနဲ့လေ။ ခေသူမဟုတ်။

၁၉၈၉-၁၉၉၀ ခုနှစ်မှာ ဖွင့်တဲ့စစ်ဦးစီးတက္ကသိုလ်သင်တန်းအမှတ်စဉ် (၄၀)မှ မိမိတက်ခွင့်ရတယ်။ ဗသက(၄၃)ဆင်းတဲ့ အရာရှိ ၁၇၂ ယောက်အနက် မိမိက ပထမဦးဆုံးတက်ခွင့်ရတဲ့ ဗိုလ်မှူးပါ။ စာတွေ့လက်တွေ့အမှတ်ကောင်းတော့ ရှေ့ပိုင်းငါးယောက်ထဲပါတာရယ်၊ အခြားဗိုလ်မှူး ၁၀၀ လောက်ထဲက အင်္ဂလိပ်စာကျွမ်းကျင်မှု လက်တွေ့ရေးဖြေ နှုတ်ဖြေစစ်ဆေးတဲ့အခါ အမှတ်အများဆုံးရလို့ရယ်၊ မလေးရှားစစ်ဦးစီးတက္ကသိုလ်သင်တန်းအမှတ်စဉ် (၁၄)တက်ဖို့ ရွေးချယ်စေလွှတ်ခံရပြန်ပါတယ်။ တစ်နှစ်ခန့် နိုင်ငံခြားသွားပညာသင်ရ။

အေးဗျာ ဟိုမှာ မလေးရှားစစ်ဦးစီးတက္ကသိုလ်နဲ့ စစ်ရုံးချုပ်စာကြည့်တိုက်မှာ စာအုပ်အငှားဆုံး၊ အဖတ်ဆုံး သင်တန်းသားအရာရှိထဲမှာ စာရေးသူက ထိပ်ဆုံးပဲ။ တက္ကသိုလ်ဆိုတာ စာများများဖတ်၊ သုတေသနလုပ်၊ များများရေးသား၊ ဒါမှ တကယ်ရတဲ့ ဘွဲ့နဲ့ ထိုက်တန်မယ်မဟုတ်လား။

စာများများဖတ်ခြင်း ကောင်းကျိုးကတော့ အခြားနိုင်ငံတကာမှ စစ်ဘက်သင်တန်းဖော်များ အပြင် မလေးရှားဒေသခံတပ်မတော်အရာရှိတွေကပါ လေးစားချစ်ခင်မှုကိုရရှိခြင်းပါပဲ။ နောင်အခါ သူတို့က သံအမတ်ကြီးတွေ၊ စစ်သံမှူးတွေ ရာထူးအဆင့်တွေ ဖြစ်လာကြတော့ သူတို့နဲ့ဆုံတဲ့ သံအမတ်၊ စစ်သံ၊ မြန်မာနိုင်ငံမှ ပုဂ္ဂိုလ်ကြီးတွေနဲ့ ဆုံတွေ့တဲ့အခါ မလေးရှားစစ်ဦးစီးတက္ကသိုလ်မှာ သူတို့နဲ့ ၁၉၉၀ က အပတ်စဉ်(၁၄)မှာအတူဆုံခဲ့ရဖူးတဲ့ မြန်မာ့တပ်မတော်မှ မိမိဟာ စာအလွန်ဖတ်သူ၊ လေ့လာသူဖြစ်ကြောင်း ချီးကျူးတာပြန်သိရပါတယ်။ နိုင်ငံရဲ့ဂုဏ်ကိုမြှင့်တင်နိုင်ခဲ့တယ်။ ဘွဲ့ယူစာတမ်းများ အသီးသီးရေးသားကြရတဲ့အခါ စာရေးသူက သူတို့ကိုကူညီပေးနိုင်တာ စာကြမ်းပိုးမို့ပေ့ါ။

လောကမှာ မိမိတို့မသိတာတွေ အများကြီးပေ့ါ။ ဆက်စပ်သက်ဆိုင်ရာ နယ်ပယ်မှာ တတ်နိုင်သမျှ နှံ့နှံ့စပ်စပ်သိအောင် ရှာဖွေလေ့လာလို့ပဲမကုန်ပါ။

အာကာသသိပ္ပံကို နားမလည်ပေမယ့် အာကာသသို့စေလွှတ်မယ့် လူ(အာကာသသူရဲ)ကို စိတ်ပိုင်းဆိုင်ရာ ကိုယ်ရည်ကိုယ်သွေးကို ဘယ်လိုစစ်ဆေးချက်တွေ၊ ဘယ်လိုစစ်ဆေးလွှာတွေနဲ့ စစ်ဆေးအကဲဖြတ်သလဲဆိုတာတော့ လေ့လာမှတ်သားပါတယ်။ Personality Tests, Psychological Testing ဘာသာရပ်တွေက လွန်ခဲ့တဲ့အနှစ် ၅၀ က မိမိလေ့လာသိရှိခဲ့ရသမျှနဲ့ အလွန်ဝေးကွာသွားအောင် တိုးတက်ပြောင်းလဲနေတာ သိချင်သေးတယ်လေ။ စာဖတ်နေရတာပဲပေ့ါ။ စာဖတ်မှသာ အသိဉာဏ်ပညာရှင်သန်မှာမဟုတ်လား။ ဒါပါပဲ။

# ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး



ကျောက်မြောင်း နိုဝင်ဘာ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၃၁၂၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကျောက်မြောင်းမြို့နယ်ခွဲမှာ နှမ်းဧက ၁၃၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့မှာ ဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရေး အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆီထွက်သီးနှံနှမ်းကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# နောင်ချိုမြို့နယ် ကျောင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

နောင်ချို နိုဝင်ဘာ ၁၇

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျောင်းကုန်းကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို နိုဝင်ဘာ ၁၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေဦးစွာ နောင်ချိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်ထွေးဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာစေရန်ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်နေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်များနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၈၁ သိန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကျောင်းကုန်းကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူ စုစုပေါင်း ၉၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၈၁ သိန်း ထုတ်ချေးပေးခဲ့ကြောင်း နောင်ချိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ မင်းမြင့်မိုရ်

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း နှံကားစပါး တင်းရေ ၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

မအူပင် နိုဝင်ဘာ ၁၇

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်း နှံကားစပါး တင်းရေ ၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဦးက ပြောပြ၍ သိရသည်။



မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်း နှံကားစပါး တင်းရေ ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း နှံကားစပါး တင်းရေ ၆၀၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ နှံကားစပါးသည် စားသုံးသူများ အကြိုက်များသည့် စပါးအမျိုးအစား ဖြစ်ကြောင်း သိရသည်။

"မအူပင်မြို့နယ်ကနေ အောက်တိုဘာလအတွင်း နှံကားစပါး တင်းရေ ၆၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ မအူပင်မြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ အဒီ နှံကားစပါးက အကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အကြမ်းဆိုပေမဲ့ စားသုံးသူတွေ ပိုမိုကြိုက်နှစ်သက်ပြီး စားလို့ကောင်းတဲ့ စပါးဖြစ်ပါတယ်။ လက်ရှိ နှံကားစပါးကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်တာတွေရှိပါတယ်။ တင်ပို့ရောင်းချတဲ့အခါမှာလဲ အခက်အခဲမရှိပါဘူး"ဟု မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဦးက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့အောက်တိုဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် နှံကားစပါး တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၂၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။ ကျော်ကျော်လင်း

# လေးမျက်နှာမြို့နယ် ဘောတလင်းကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်၍ ကော်မတီဖွဲ့စည်း

လေးမျက်နှာ နိုဝင်ဘာ ၁၇

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘောတလင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို နိုဝင်ဘာ ၁၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ စုရပ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေဦးစွာ လေးမျက်နှာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းကမ်းသတ်မှတ်ချက်များ၊ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျေးရွာပြည်သူလူထု ပူးပေါင်းပါဝင် ဆောင်ရွက်ပေးရမည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များရွေးချယ်ရာတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့် ကော်မတီဝင်များ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသော ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများကကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

လေးမျက်နှာမြို့နယ် ဘောတလင်းကျေးရွာ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် ကျေးရွာ၏ပကတိလိုအပ်ချက်များကိုဖော်ထုတ်ပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ သီသာ

# ဖာပွန်မြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ဖာပွန် နိုဝင်ဘာ ၁၇

ကရင်ပြည်နယ် ဖာပွန်ခရိုင် ဖာပွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖာပွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဦးကိုကိုနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ပုဇွန်မြောင်းကျေးရွာနှင့် နို့ထကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ ပုဇွန်မြောင်းကျေးရွာနှင့် နို့ထကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး အဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၂၀ ကို ငွေကျပ် ၂၀ ဒသမ ၂၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၂၇ ဦးကို ငွေကျပ် ၂၄ ဒသမ ၅ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၈ ဒသမ ၉၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၃ ဒသမ ၇ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ဆက်လူ

**ခြင်ဆေးခွေသုံးလျှင် သတိယှဉ်**
**အောက်တွင်ခံခွက် မမေ့နှင့်**

# မုံရွာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၄၄၉၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ နိုဝင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ၄၄၉၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မုံရွာမြို့နယ်တွင် ကုလားပဲ ဧက ၁၇၇၉၀ စိုက်ပျိုးရန်လျာထားပြီး အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၄၄၉၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မုံရွာမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကုလားပဲ ဧက ၁၇၀၀၀ ကျော် စိုက်ပျိုးဖို့ အတွက်လျာထားပါတယ်။ ဒီနေ့ထိ ဧက ၄၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ ကုလားပဲ စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ကုလားပဲ အထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးနေပါတယ်" ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

ကုလားပဲ စိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း (၈) နှင့် ရေဆင်း (၁၁) မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲ တစ်ဧကစိုက်ပျိုးပါက ငွေကျပ်သုံးသိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးသည် ပဲမျိုးစုံစိုက်ပျိုး ထုတ်လုပ်မှုတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဧရိယာအများဆုံး စိုက်ပျိုးထုတ်လုပ်သည့် တိုင်းဒေသကြီးဖြစ်ပြီး ကုလားပဲကို အဓိကသီးနှံအဖြစ် စိုက်ပျိုးသည့်အပြင် သီးထပ်သီးညှပ်လည်း စိုက်ပျိုးနိုင်သည့်အတွက် တောင်သူများအနေဖြင့် ဝင်ငွေရသီးနှံအဖြစ် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက် လာမည်ဖြစ်သောကြောင့် ကုလားပဲကို တိုးချဲ့စိုက်နိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# မြန်အောင်မြို့နယ်တွင် ဒေသထွက်ဖရဲသီးများ အရောင်းအဝယ်ကောင်းမွန်နေ

**မြန်အောင် နိုဝင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်မှ ဒေသထွက် ဖရဲသီးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း မြန်အောင်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမူက ပြောပြ၍ သိရသည်။

မြန်အောင်မြို့နယ်တွင် ဒေသထွက်ဖရဲသီးများ နိုဝင်ဘာလ ဒုတိယပတ်မှ ယနေ့ထိ အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ဖရဲသီးများကို ဒေသဈေးကွက်အပြင် အခြားဒေသများဖြစ်သည့် ပုသိမ်၊ ရန်ကုန် စသည့် ဒေသများကပါ ဝယ်ယူနေခြင်းကြောင့် အရောင်းအဝယ်ကောင်းမွန်နေခြင်းဖြစ်ကြောင်း သိရသည်။

"ဖရဲသီးတွေ အရောင်းအဝယ် ကောင်းနေပါတယ်။ ဒေသဈေးကွက်အပြင် အခြားဒေသများက ဝယ်ယူတာများနေလို့ အရောင်းအဝယ်ကောင်းနေတာဖြစ်ပါတယ်။ အရောင်းအဝယ်ဖြစ်နေတဲ့ ဖရဲသီးတွေက အရည်အသွေးလဲကောင်း လတ်ဆတ်မှုလဲရှိတာ တွေ့ရပါတယ်။ ဒေသထွက် ဖရဲသီးတွေကို အရောင်းအဝယ် လုပ်ရတာဖြစ်တဲ့အတွက်အဆင်ပြေပါတယ်။ အခုလို အရောင်းအဝယ် ကောင်းလာတော့ ဖရဲစိုက်တောင်သူတွေ အဆင်ပြေတာတွေ့ရပါတယ်" ဟု မြန်အောင်မြို့နယ် လယ်ယာထွက်ကုန် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမူက ပြောပြသည်။

မြန်အောင်မြို့နယ်တွင် ဖရဲသီးကို မြေနုကျွန်းကျေးရွာများတွင် အများဆုံးစိုက်ပျိုးပြီး ယခုနှစ်တွင် ကျေးရွာ ၁၄ ရွာမှ ဒေသခံ ၁၀၄ ဦးတို့ကတစ်ဦးလျှင် တစ်ဧကမှ ငါးဧကထိ စိုက်ပျိုးထားကြောင်း၊ လက်ရှိဖရဲသီးတစ်လုံးလျှင် အရွယ်အစားပေါ်မူတည်ပြီး ငွေကျပ် ၄၅၀၀ မှ ၉၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း


**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေဖတ်ကြစို့**



# မဲရုံတွင်ဆန္ဒမဲပေးခြင်းအတွက် သိရှိမှတ်သား ဆောင်ရွက်ရမည့်အချက်များ

## (အီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်း)

- မဲရုံသို့ဝင်ရောက်သည့်အခါ မဲစာရင်းစစ်ဆေးသူထံ မိမိ၏အမည်နှင့် မဲစာရင်းအမှတ်စဉ်ကို ပြောပြပါ၊ အထောက်အထားအဖြစ် နိုင်ငံသားစိစစ်ရေးကတ်ကိုပြပါ၊
- မဲစာရင်းစစ်ဆေးသူက မိမိ၏အမည်ကို တွေ့ရှိပြီး မှန်ကန်လျှင် မဲစာရင်း၌လက်မှတ်ရေးထိုးပါ၊ သို့မဟုတ် လက်ဝဲလက်မဖြင့် လက်ဗွေနှိပ်ပါ၊
- လျှို့ဝှက်ဆန္ဒပြုခန်းအတွင်းသို့ဝင်၍ ဆန္ဒပြုစက်ပေါ်ရှိ မိမိမဲပေးလိုသော လွှတ်တော် ကိုယ်စားလှယ်လောင်း၏ အမည်နှင့်သင်္ကေတအမှတ်အသား တည့်တည့်တွင်ရှိသော ဆန္ဒပြု ခလုတ်ကို တစ်ကြိမ်သာနှိပ်၍ ဆန္ဒပြုပါ၊
- ဆန္ဒပြုပြီးနောက် ဆန္ဒပြုစက်နှင့် ချိတ်ဆက်ထားသော မဲပေးချက်ဖော်ပြသည့်စက်မှ ပြသသည့်ဆန္ဒမဲဖြတ်ပိုင်းတွင် မိမိမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်လောင်း၏ အမည်နှင့် သင်္ကေတအမှတ်အသားကို ကြည့်ရှုနိုင်သည်၊
- မိမိဆန္ဒပြုလိုသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးကိုသာ ဆန္ဒမဲပေးပါ၊
- မဲဆန္ဒနယ်တစ်နယ်တွင် လွှတ်တော်တစ်ရပ်စီအတွက် ဆန္ဒမဲ တစ်မဲစီသာပေးပါ၊
- မဲရုံမှ မထွက်ခွာမီ မဲပေးပြီးကြောင်း မင်တို့ပေးသည့် မဲရုံအဖွဲ့ဝင်ထံ သွားရောက်၍ သတ်မှတ်ထားသည့် လက်ချောင်းတစ်ချောင်းချောင်းတွင် မင်တို့ပါ၊
- မဲပေးပြီးပါက မဲရုံပရိဝုဏ်အတွင်းမှ ဆောလျင်စွာ ထွက်ခွာပါ။

“ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်”
“လွှတ်လပ်မျှတ၊ မဲပေးကြ”



“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဗွာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm











## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ အထက(၁) Grade – 8 (စံပယ်ခန်း)တွင် ပညာသင်ကြားနေသော ဦးအောင်ကိုဝင်း၏ သမီး မဟိန်းမြတ်ဂီရိစိုးအား မဟိန်းမြတ်ဂရီစိုးဟု အမည်ပြောင်းလဲခေါ်ပါရန်။

မဟိန်းမြတ်ဂရီစိုး (၉/ကဆန(နိုင်)၂၅၅၀၉၃)

## ဖခင်အမည်မှန်

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မြတ်ပါရမီ ပညာရွှေပြည် ကိုယ်ပိုင်အထက်တန်းကျောင်း Grade–10 တွင် ပညာသင်ကြားနေသော မဝတ်မှုန်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးထီလောက်စန်း ဖြစ်ပါကြောင်း။

ဦးထီလောက်စန်း (၁၃/နခတ(နိုင်)၁၁၉၈၁၂)

**အဖိုးတန်ရေချိုကို ချွေတာပါ**

**အိမ်ပြင်ပဌ ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## အရောင်းဝန်ထမ်း အမျိုးသမီး ၁၀ ဦး အလိုရှိသည်

ပညာအရည်အချင်းမလို၊ လုပ်ငန်းအတွေ့အကြုံမလို၊
အလုပ်လုပ်ချင်စိတ်ရှိရမည်။
နယ်မှ လာရောက်လျှောက်ထားသူများအတွက်
နေထိုင်စားရိတ်စီစဉ်ပေးမည်။
၇၉လမ်း၊ ၂၇-၂၈ လမ်းကြား၊ 35 CORNER မျက်မှန်ဆိုင်၊
မန္တလေးမြို့သို့ လာရောက်လျှောက်ထားနိုင်ပါသည်။

**ဆက်သွယ်ရန်- ဖုန်း ၀၉-၇၅၀၅၆၇၆၉၄**

## ဝန်ထမ်းခေါ်ယူခြင်း

Yuan Sheng Hotel, Mandalay(ယဉ်ရှင်း)

| | |
|---|---|
| Security | 5 Posts |
| M&E | 5 Posts |
| Accountant | 2 Posts |
| Cashier | 2 Posts |
| Housekeeping | 5 Posts |

စိတ်ထားကောင်းမွန်ပြီး အမှန်တကယ် အလုပ်လုပ်ကိုင်လိုသူဖြစ်ရမည်။

ဆက်သွယ်ရန် ဖုန်း 09-798487743
အချိန် နံနက် (9:00AM-5:00PM)
No.183, 35th Street between
77th & 78th Street MaharAungMyay

❖ အပူချိန်လျှော့ချရေးနှင့် ရာသီဥတုကောင်းမွန်စေရေးအတွက် ဆောင်ရွက်ရန်မှာ သစ်ပင်စိုက်ပျိုးခြင်းပင်ဖြစ်ပြီး ကျေးရွာ၊ ရပ်ကွက်တစ်ခုချင်းစီအလိုက် မိမိတို့ကျေးရွာ၏ အနီးဝန်းကျင်တွင် သစ်တောသစ်ပင်အနည်းဆုံးနှစ်ကေခန့် စိုက်ပျိုးခြင်းများကို ဆောင်ရွက်၍ Green Zone များ ဖော်ဆောင်ကြရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ခုနှစ် ဇူလိုင် ၁၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် MSME လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)၊ တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)တို့ ဧရာဝတီတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများ၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်၊ ဟိုင်းကြီးကျွန်းအနီးပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများကို လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရန် ရန်ကုန်မြို့မှ ထွက်ခွာ



တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ကို တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများက ပို့ဆောင်နှုတ်ဆက်ကြစဉ်။

နေပြည်တော် နိုဝင်ဘာ ၁၇

ဧရာဝတီတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်နေ ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရန်အတွက် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သည့် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၄)ရေတပ်ဗဟိုတံတားမှလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ်အတွင်းရှိ ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရန်အတွက် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ စာမျက်နှာ ၂၃ ကော်လံ ၁ ☆

## နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် AA အဖွဲ့ဝင် အမျိုးသား ကိုးဦးနှင့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ခြောက်ဦးတို့ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်

စာမျက်နှာ - ၂၅

## လူထုပါတီနှင့် ပြည်သူ့ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ဖော်ပြပါရှိ


နေပြည်တော် နိုဝင်ဘာ ၁၇

လူထုပါတီနှင့် ပြည်သူ့ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ်ရတနာပုံသတင်းစာ စာမျက်နှာ ၂၀ တွင် ဖော်ပြပါရှိပါသည်။ ရတနာပုံ

## လေဖိအားနည်းရပ်ဝန်း နောက် ၂၄ နာရီအတွင်း အနောက်-အနောက်မြောက်ဘက်သို့ ဖြည်းညင်းစွာရွေ့လျားနိုင်

နေပြည်တော် နိုဝင်ဘာ ၁၇

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော သီရိလင်္ကာနိုင်ငံကမ်းရိုးတန်းတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း (Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း အနောက်-အနောက်မြောက်ဘက်သို့ ဖြည်းညင်းစွာရွေ့လျားနိုင်သည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။




မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED



လုံခြုံယုံကြည် ဆောင်ရွက်ခြင်းမှန် မြဝတီဘဏ်

Phone No :
(01) 2301367, 2301368,
(01) 2301452, 2301378

Card Services
- Individual Debit Card/ Credit Card
- Corporate Debit Card
- Automated Teller Machine Services
- Point of Sales Services
- Online Payment/ Tax Payment Via E-commerce